ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။ သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၇၉ ခုနှစ် ကဆုန်လဆန်း ၂ ရက် ကြာသပတေးနေ့။ Thursday, 27 April 2017 (၈၉၀၇)



# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ထိုင်းနိုင်ငံနှင့် ဘယ်လ်ဂျီယံသမ္မတနိုင်ငံ သံအမတ်ကြီးများ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဧပြီ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဂျတ်ခ်ဘွန်လုံသည် ယနေ့ မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ ဘယ်လ်ဂျီယံသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဖိလစ်ခရီဒယ်လ်ကာသည် ယနေ့မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင်လည်းကောင်း နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ၎င်းတို့၏ သံအမတ်ခန့်အပ်လွှာများကို ပေးအပ်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားများသို့ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့် သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်
ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျတ်ခ်ဘွန်လုံအား တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# (၂)ကြိမ်မြောက် ကျပ် ၅၀၀ တန် ထီဖွင့်ပွဲတွင် ဆုမဲပေါင်း ကိုးသောင်းကျော် ခွဲဝေချီးမြှင့်မည်

**ရန်ကုန် ဧပြီ ၂၆**

မေ ၁ ရက်တွင် ကျင်းပမည့် (၂)ကြိမ်မြောက် ကျပ် ၅၀၀ တန် ထီဖွင့်ပွဲတွင် ဆုမဲပေါင်း ကိုးသောင်းကျော် ခွဲဝေချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

ပြီးခဲ့သည့် ဧပြီ ၁ ရက်တွင် ပထမဆုံးအကြိမ် စတင်ဖွင့်လှစ်ခဲ့သည့် (၁)ကြိမ်မြောက် ကျပ် ၅၀၀ တန် ထီဖွင့်ပွဲတွင် အထူးဆုကြီးများအပါအဝင် ဆုမဲပေါင်း တစ်သိန်းကျော်အထိ ခွဲဝေချီးမြှင့်နိုင်ခဲ့ပြီး ယခု (၂)ကြိမ်မြောက်တွင် ထီရောင်းရသည့်ငွေအပေါ် ထီဆုငွေများ ပြန်လည်ခွဲဝေပေးရာတွင် ဆုမဲပေါင်း ကိုးသောင်းကျော် ချီးမြှင့်မည်ဖြစ်ပြီး ပထမအကြိမ်ထက် ဆုမဲအရေအတွက် အနည်းငယ် လျော့နည်းသွားကြောင်း သိရသည်။

(၂)ကြိမ်မြောက် ကျပ် ၅၀၀ တန် ထီဖွင့်ပွဲအတွက် ထီလက်မှတ်များ ရောင်းချခဲ့ရာတွင် (၂) ကြိမ်မြောက်နှင့် ၂၀၁၇ မေ ၁ ရက်တွင် ဖွင့်လှစ်မည်ဟူသော စာသားပါရှိသည့် ထီလက်မှတ် (က အက္ခရာမှ အစဉ်လိုက် န အက္ခရာအထိ) အက္ခရာ အလုံး ၂၀၊ အကြိမ်မြောက်နှင့် မည်သည့်နေ့တွင် ဖွင့်လှစ်မည်ဟူသော စာသားမပါရှိသည့် အရန်ထီလက်မှတ် (ကင အက္ခရာမှ အစဉ်လိုက် ကတ အက္ခရာအထိ) အရန်ထီ အက္ခရာ ၁၂ လုံး၊ အကြိမ်မြောက်နှင့် မည်သည့်နေ့တွင် ဖွင့်လှစ်မည်ဟူသော စာသားမပါရှိသည့် အရန်ထီလက်မှတ် ကထ အက္ခရာမှာ ၄၂၇၂၇ အုပ်၊ ၎င်းကြောင့် မေ ၁ ရက်တွင် ဖွင့်လှစ်မည့် ထီဖွင့်ပွဲအတွက် ရောင်းချရသည့် အက္ခရာပေါင်း ၃၂ လုံးနှင့်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖

# ဆူးလေဆိပ်ခံတံတားအမှတ်(၂) ဆိပ်ကမ်း၌ ဆန်တင်သင်္ဘောကြီး ရောက်ရှိဆိုက်ကပ်

**ရန်ကုန် ဧပြီ ၂၆**

မြန်မာနိုင်ငံမှ အနောက်အာဖရိကရှိ နိုင်ငံများသို့ ဆန်အိတ်အများအပြား တင်ပို့လျက်ရှိရာ M V TOMINI AMITY အမည်ရှိ ဆန်အိတ်များ တင်ဆောင်သည့် ကုန်ပစ္စည်းတင်သင်္ဘောကြီးမှာ မြန်မာနိုင်ငံအတွင်း ဒုတိယမြောက်အကြီးဆုံး ကုန်ပစ္စည်းတင်သင်္ဘောအနေဖြင့် ဝင်ရောက်လာပြီး ဆူးလေဆိပ်ခံတံတားအမှတ်(၂) ဆိပ်ကမ်း၌ ဆိုက်ကပ်ထားကြောင်း သိရသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး၊ ရေကြောင်းပြမှူးချုပ်နှင့်တကွ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများ၏

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒



KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

## ပြည်သူအတွက် အဓိကလိုအပ်ချက် ဝိုင်းဝန်းဖြည့်ဆည်း

ပြည်သူအတွက် အဓိကလိုအပ်ချက်မှာ စားဝတ်နေရေးဟုဆိုကြသည်။ စားဝတ်နေရေးဟူသည်မှာ လူတိုင်းအတွက်လိုအပ်ချက်ဟု မဆိုအပ်ချေ။ အချို့မှာပြည့်စုံပြီး အချို့မှာနေရေးစားရေး တစ်မျိုးမဟုတ်တစ်မျိုး လိုအပ်ချက်ရှိတတ်သည်။ ထို့ကြောင့် စားဝတ်နေရေးမှာ ပြည်သူအားလုံး အတွက် မဆိုအပ်ချေ။ ပြည်သူအားလုံးအတွက် လိုအပ်ချက်မှာ လမ်းပန်း ဆက်သွယ်ရေးပင်ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါက သွားလမ်းသာ၍ လာလမ်းလွယ်ကူပြီး အခက်အခဲနှင့် လိုအပ်ချက်အနည်းအများအလိုက် မိမိတို့ဆောင်ရွက်လိုသည်များကို အလွယ်တကူပင် ခရီးရောက်အောင် ဆောင်ရွက်နိုင်ပေသည်။ ယခုအခါ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် လိုအပ်ချက် များရှိနိုင်သော်လည်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍများတွင် သိသာ ထင်ရှားစွာ ပြည့်စုံကောင်းမွန်နေသည်ကို တွေ့ရသည်။

ကျေးလက်ဒေသများတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန် သောကြောင့် ဒေသခံပြည်သူများ အလုပ်အကိုင်နှင့် စီးပွားရေးအခွင့် အလမ်းများ လွယ်ကူလာသည်ဟုသိရသည်။ အထူးသဖြင့် ကျေးလက် ဒေသမှ လူငယ်လူရွယ်များ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့် အတွက် ၎င်းတို့၏ဘဝများ ပိုမိုတိုးတက်လာသည်ဟု သိရသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းပန်းဆက်သွယ်ရေးကဏ္ဍ တွင် အချို့နေရာများ၌ ရာသီစုံသွား၍မရသောလမ်းများ ရာသီစုံ သွားလာ၍ရပြီး လျှပ်စစ်မီးမရရှိသည့် နေရာများတွင် လျှပ်စစ်မီးရရှိပါက ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စီးပွားရေးအခွင့်အလမ်းများ ရရှိလုပ်ကိုင်နိုင် မည်ဖြစ်ကြောင်း၊ ပြည်ပမှစီးပွားရေးလုပ်ငန်းရှင်များကလည်း လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်ပြီး လျှပ်စစ်မီးရရှိပါက ရင်းနှီးမြှုပ်နှံလိုသည့် စိတ်များဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ပြောကြားထားသည်။

ထို့ကြောင့် နိုင်ငံတော်က ပြည်သူလူထုအတွက် လမ်းပန်းဆက်သွယ် ရေးနှင့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်ပေးမည်ဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း မျှဉ်းပြိုင်သဘောမျိုးဆောင်ရွက်ပေးသွားမည်ဟု ကြားသိရပေရာ ဒေသခံပြည်သူများအတွက် ဝမ်းမြောက်ဖွယ်ဖြစ်သည်။ နိုင်ငံတော်၏လမ်းညွှန်ချက်နှင့်အညီ လျှပ်စစ်မီးရရှိရေးအတွက် ဒေသ လိုအပ်ချက်နှင့်အညီ သက်ဆိုင်ရာတာဝန်ရှိသူများအားလုံး လက်တွဲ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

လက်ရှိတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များအနေဖြင့် ပြည်သူများ လျှပ်စစ်အလင်းရောင်ရရှိရေးအတွက် အားနည်းချက်များရှိနေသေးသည်။ ဗဟိုအစိုးရနှင့်ဒေသဆိုင်ရာအာဏာပိုင်များအကြား အားနည်းချက်များ ရှိနေသေးသဖြင့် ဒေသခံပြည်သူများ လျှပ်စစ်အလင်းရောင် ဖြန့်ကြက်ရရှိရေး နည်းလမ်းများကို နိုင်ငံတော်သို့ ဦးစွာအကြံပြုတင်ပြပြီး နိုင်ငံတော်၏ လမ်းညွှန်ထောက်ပံ့ဖြည့်ဆည်းဆောင်ရွက်ပေးမှုများနှင့် ပြည်သူများ အကျိုးကို ထိရောက်စွာဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

ပြည်သူများ အလင်းရောင်ရရှိရေးအတွက် နိုင်ငံတော်၏စွမ်းအင် မူဝါဒမျှော်မှန်းချက်မှာ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေပြီး တိုးမြင့်လာသော ပြည်တွင်းစွမ်းအင် လိုအပ်ချက်ကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးရန် ရည်ရွယ်ထားသည်။ ပြည်သူအားလုံး စွမ်းအင်သယံဇာတ အရင်းအမြစ်များကို ရေရှည် တည်တံ့စွာအသုံးပြုနိုင်ရေး ဦးတည်လျက် တိုင်းဒေသကြီးနှင့်ပြည်နယ် များအကြား မျှတမှန်ကန်စွာ ခွဲဝေအသုံးချနိုင်မည့် စွမ်းအင်မူဘောင် တစ်ရပ်ချမှတ်ရန် မျှော်မှန်းထားကြောင်းသိရသည်။

ရည်မှန်းချက်များအနေဖြင့် နိုင်ငံတော်၏စီးပွားရေးမူဝါဒများ နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများကို အထောက် အပံ့ဖြစ်စေမည့် စွမ်းအင်မူဝါဒကျင့်သုံးရန်၊ စွမ်းအင်သယံဇာတ အရင်း အမြစ်များထုတ်ယူရာတွင် ဒေသအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် များအကြား ဘက်ညီမျှတစွာ ခွဲဝေသုံးစွဲနိုင်စေသည့် အခွင့်အလမ်းများ ဖန်တီးပေး၍ လူ့စွမ်းအားအရင်းအမြစ်တိုးမြင့်စေရေး ဆောင်ရွက်ရန် စသည်တို့ကို ရေးဆွဲထားပြီးဖြစ်သည်။

ထို့ကြောင့် ပြည်သူများဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းပန်း ဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသော အခါသမယတွင် ပြည်သူ များဘဝအတွက် ဆက်လက်လိုအပ်နေသော စွမ်းအင်ကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ အောင်မြင်စေရန် စွမ်းအင်ထုတ်လုပ်သူနှင့် သုံးစွဲသူနှစ်ဦးနှစ်ဖက် စီးပွားရေးအာမခံချက် ဖြစ်စေမည့် သင့်တင့်မျှတ သော ဈေးနှုန်းများဖြင့် ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးသွား နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါ သည်။ ။

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မတ်လအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ

**နေပြည်တော် မေ ၂၆**

နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားတိုးတက်စေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရာတွင် စက်ရုံ၊ အလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအားတိုးတက် ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်း ရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေး အကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေး ရေး၊ ဥပဒေပါ ရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝ မှန်မှန် ကန်ကန်ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေ ဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ပုံစံဖြင့် အမျိုးသား ၁၁၃၅ ဦး၊ အမျိုးသမီး ၄၀၈၉ ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူ စာချုပ် စုစုပေါင်း ၅၂၂၄ ဦး ချုပ်ဆိုခဲ့သည်။ အလုပ် ရှင်၊ အလုပ်သမားအငြင်းပွားမှုများကို ညှိနှိုင်းဖျန် ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ် ညှိနှိုင်း ဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ရာ မတ်လအတွင်း လက်ခံရရှိမှု ၇၉ မှုတွင် ကျေအေးမှု ၃၁ မှု၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု ၁၁ မှု၊ ပိတ်သိမ်းမှု နှစ်မှုတို့ဖြစ်ပြီး ကျန် ၃၅ မှုအတွက် ခံစားခွင့်ရှိသူ ၂၄၅ ဦးအား ငွေကျပ် ၁၈၃၃၅၅၁၀၃ ကို ခံစားစေခဲ့သည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနအနေဖြင့် အများပြည်သူ အလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ ရာ ငွေကြေးခံစားခွင့် ငွေကျပ် သိန်းပေါင်း ၁၀၀၀၀ ကျော်နှင့် US$ - ၆၅၃၅၇ ဒသမ ၆ ခံစားခွင့်ပေး နိုင်ခဲ့ပြီး စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားများ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာရရှိစေရန်အတွက် မြို့နယ် အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီး ဌာန၊ စစ်ဆေးရေးအရာရှိများက စက်ရုံ၊ အလုပ်ရုံ ၈၄၉ ရုံမှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်း ခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာ နှင့် ဥပဒေရေးရာ သိမှတ်ဖွယ်ရာများအား ပညာ ပေးဟောပြောပို့ချမှု ၃၁၂ ကြိမ် ဆောင်ရွက်ခဲ့သည်။

အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန အနေဖြင့် ခုံသမာဓိကောင်စီမှ အမှု ၁၀ မှုကို ဖြေရှင်း ဆောင်ရွက်ပေးခဲ့ရာ အလုပ်သမား ၂၉ ဦးအတွက် ငွေကြေးအကျိုးခံစားခွင့် US$ ၂၄၀၆၆၇၁ ရရှိစေ ခဲ့ပြီး ခုံသမာဓိအဖွဲ့အနေဖြင့် အမှု ကိုးမှုကို ဖြေရှင်း ဆောင်ရွက်ပေးခဲ့ရာ အလုပ်သမား ၃၀ ဦးအတွက် ငွေကြေးအကျိုးခံစားခွင့် ကျပ် ၃၀၃၈၁၀၀၀ ရရှိစေ ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေး ဥပဒေတွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့် များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ် သိန်း ပေါင်း ၅၈၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၁၄၂၃၆ ဦးအတွက် ဆေးဖိုး ကုန်ကျငွေ ကျပ်သိန်း ၁၄၀၀ ကျော် ပြန်လည်ထုတ် ပေးခဲ့သည်။ အာမခံအလုပ်သမားများအား မတ်လ အတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေး ဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှု အခြေအနေများမှာ အလုပ်သမား ဆေးရုံကြီး သုံးရုံ(ပြင်ပလူနာ ၆၆၈၅ ဦး၊ အတွင်း လူနာ ၆၄၂ ဦး) ပေါင်း ၇၃၂၇ ဦး၊ လူမှုဖူလုံရေး ဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၀ ခန်းနှင့် လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်းတို့မှ ဆေးကုသပေးမှု ပေါင်း ၄၉၇၉၀ ဦး၊ အလုပ်သမားဆေးရုံကြီး သုံးရုံ မှ ဆရာဝန်များ ကွင်းဆင်းဆေးကုသပေးမှု သုံးကြိမ် ပေါင်း ၄၁၅ ဦး၊ လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန် များ ကွင်းဆင်းဆေးကုသမှု ၁၅၁ ကြိမ် ပေါင်း ၃၇၃၅ ဦး၊ နယ်လှည့်ဆေးကုသယာဉ်(MMU) ဖြင့် ကွင်းဆင်းဆေးကုသပေးမှု ပေါင်း ၅၃၆၂ ဦးတို့ဖြစ် ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆန်းစစ်သုံးသပ်ဆွေးနွေး

**သီပေါ မေ ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆန်းစစ်သုံးသပ်ဆွေးနွေးပွဲကို မေ ၂၅ ရက် နံနက် ၉ နာရီက ပန်းစဝ်မိန်းကျေးရွာအုပ်စု ပိုင်းကောင်(မြို့ဟောင်း)ကျေးရွာ ရွာဦးဘုန်းတော်ကြီး ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်နွှင်းယဉ်ဝင်းက ၂၀၁၄၊ ၂၀၁၅၊ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် မြစိမ်းရောင် ကျေးရွာစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာမြစိမ်းရောင်စီမံကိန်း ကော်မတီဥက္ကဋ္ဌများက ကျေးရွာများအလိုက် ဆောင်ရွက်ရာတွင် တွေ့ကြုံနေ ရသော အားသာချက်၊ အားနည်းချက်များ စသည့် အခက်အခဲများကို တင်ပြ ဆွေးနွေးကြရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

သီပေါမြို့တွင် မြစိမ်းရောင်ကျေးရွာ ၄၁ ယူနစ်မှ ကျေးရွာသူ ကျေးရွာသား များအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ မီးလင်းရေး၊ ကုန်ထုတ် လုပ်ငန်း၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းစသည့် လုပ်ငန်းအမျိုး အစားအလိုက် မြစိမ်းရောင်ရန်ပုံငွေ စုစုပေါင်း ငွေကျပ် ၁၂၃၀၀ သိန်းထုတ် ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## မျိုးဆက်သစ်ရင်ပြင် လူငယ်စာပေ လက်ရာရှင်များသို့ စာမူများဖိတ်ခေါ်ခြင်း

The Global New Light of Myanmar သတင်းစာတွင် မျိုးဆက်သစ် လူငယ်များအတွက် မေလမှစ၍ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း မျိုးဆက်သစ် ရင်ပြင်ကဏ္ဍကို ဖော်ပြသွားမည်ဖြစ်ပါသည်။

အဆိုပါကဏ္ဍအတွက် အတွေးအမြင်၊ ကဗျာ၊ ဆောင်းပါး၊ အက်ဆေး၊ ဝတ္ထုတို စသည်တို့ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားပေးပို့နိုင်သည်။

အဆိုပါကဏ္ဍကို စာမူပေးပို့သူများအနေဖြင့် The Global New Light of Myanmar သတင်းစာတိုက်အမှတ် (၁၅၀) ငါးထပ်ကြီးဘုရားလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ dce@globalnewlightofmyanmar.com သို့ လိပ်မူ၍ (၁) ဖော်ပြလိုသည့်ကဏ္ဍ(၂) အမည်ရင်းနှင့်ကလောင်အမည် (၃) ပညာအရည်အချင်း(၄) ကျောင်း/ကောလိပ်/တက္ကသိုလ် (၅) ကိုယ်တိုင် ရေး စာမူဖြစ် ကြောင်းနှင့် အခြားသောသတင်းစာတိုက်၊ မဂ္ဂဇင်းတိုက်များသို့ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက်(၆) မိမိနှစ်သက်ရာ ရောင်စုံ ဓာတ်ပုံတစ်ပုံ (၇) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ (၈) ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်နှင့် လိပ်စာအပြည့်အစုံဖော်ပြ၍ ပေးပို့ကြပါရန်ဖိတ်ခေါ်အပ်ပါ သည်။

**- စာတည်းအဖွဲ့**
**- The Global New Light of Myanmar သတင်းစာတိုက်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၂၆**

ရန်ကုန်(ရွှေဈေး) ၉၀၈၀၀၀ - ၉၀၈၀၀၀ မန္တလေး(ရွှေဈေး) ၉၀၈၀၀၀ - ၉၀၈၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၅/၇၁၀ ကျပ်၊ | ၇၃၅/၇၄၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၄၀/၇၅၅ ကျပ်၊ | ၈၆၀/၈၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၀၀/၇၂၀ ကျပ်၊ | ၇၇၀/၇၈၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၅/၇၃၀ ကျပ်၊ | ၇၅၀/၇၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၄၅/၆၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၆၀/၆၆၈ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၆၅၀/၆၅၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၈၁. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၆. ၈၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉. ၃၅၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၀. ၇၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၀၆၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၇. ၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀. ၂၁ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၁. ၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၂. ၇၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် မေ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူနှင့်အတူ

## မြန်မာနိုင်ငံ၏ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး ခရီးသွားလုပ်ငန်းပင်မစီမံကိန်းရှိပြီးဖြစ်



**နေပြည်တော် မေ ၂၆**

နိုင်ငံသားများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိသည့် အရေးကြီးဦးစားပေးကဏ္ဍ( Urgent Priorities )များတွင် ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏စီးပွားရေးကို အထောက်အကူပြုသည့် ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်နေကြောင်း အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားသည်။

ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိ ဟိုတယ်၌ကျင်းပသည့် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/၂၀၁၇) တွင် ဒုတိယသမ္မတက ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဆက်လက်၍ ဒုတိယသမ္မတက ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ယခင်နှစ်များအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အားနည်းချက်နှင့် အားသာချက်များကိုသုံးသပ်ပြီး ဆက်လက်၍မည်သို့ဆောင်ရွက်ကြမည်၊ မည်သို့အကောင်အထည်ဖော်ဆောင်ရွက်ကြမည်၊ ပုဂ္ဂလိကပိုင်းအနေဖြင့် မည်သည်တို့ကိုလုပ်ဆောင်ကြမည်၊ နိုင်ငံတော်အစိုးရမှ မည်သည်တို့ကို ကူညီဆောင်ရွက်ရန်လိုအပ်မည် စသည်တို့ကို ဝိုင်းဝန်းဆွေးနွေးအကြံပြုကြမည်ဖြစ်သည့်အတွက် ယနေ့ကျင်းပသည့် အစည်းအဝေးသည် အကျိုးဖြစ်ထွန်းစေမည့် အစည်းအဝေးဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ အာဆီယံဒေသတွင်းနိုင်ငံများသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအမံများချမှတ်၍ တစ်နှစ်ထက်တစ်နှစ် ပိုမိုကြိုးပမ်းအားထုတ်နေကြပါကြောင်း။

မြန်မာနိုင်ငံသည် ခရီးသွားအရင်းအမြစ်များ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များနှင့် တိုင်းရင်းသားရိုးရာဓလေ့များ များစွာရှိနေပါကြောင်း၊ ၎င်းတို့ကို စနစ်တကျရေရှည်ဖွံ့ဖြိုးတိုးတက်ရန် ဖော်ထုတ်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးပြီး လူမှုစီးပွားဘဝများတိုးတက်ရေး ဆောင်ရွက်ရာတွင် ဆိုးကျိုးအနည်းဆုံးနှင့် အကျိုးအမြတ်အများဆုံးရရှိစေရေးအတွက် ရေရှည်တည်တံ့မည့် အခြေခံသဘောတရားများနှင့် စီမံဆောင်ရွက်ရေးသည် အရေးကြီးပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများစတင်ရောက်ရှိသည့်ကာလမှ ပြန်လည်ထွက်ခွာသည့်ကာလအထိ ၎င်းတို့၏ သွားလာရေးနှင့် နေထိုင်စားသောက်ရေး အဆင်ပြေချောမွေ့စေရေးဆောင်ရွက်ကြရမည့်အပြင် လုံခြုံဘေးကင်းစွာလည်ပတ်ကြည့်ရှုနိုင်ရေးကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းပင်မစီမံကိန်းလည်းရှိပြီးဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းသည် အချိန်ကာလအခြေအနေကိုလိုက်၍ လိုအပ်သလိုပြုပြင် ဆောင်ရွက်နိုင်သည့်အတွက် နိုင်ငံတွင်ရှိသည့်အရင်းအမြစ်များပေါ်မူတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်များကို ဖြည့်စွက်ပြင်ဆင်စီမံဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

အစည်းအဝေးသို့တက်ရောက်လာကြသူများအနေဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ အကြံပြုလိုသည့်အချက်များနှင့် အကောင်အထည်ဖော်လိုသည့် လုပ်ငန်းများကို ဆွေးနွေးကြရန် ဖိတ်ခေါ်လိုပါကြောင်း၊ အစည်းအဝေး၏ ဆွေးနွေးချက်များ၊ အကြံပြုချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို နိုင်ငံတော်အစိုးရပိုင်းမှကူညီပံ့ပိုးပေးမည်၊ ပုဂ္ဂလိကပိုင်းကလည်း ကြိုးပမ်းဆောင်ရွက်မည်၊ Tourism Industry တွင်ပါဝင်သည့် Stakeholders များကလည်း ဟန်ချက်ညီညီပိုမိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြမည်ဆိုလျှင် မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်၏အခြားစီးပွားရေးကဏ္ဍများ အလျင်အမြန် တိုးတက်ရေးအတွက် အရေးပါပြီး အထောက်အကူပြုသည့်ကဏ္ဍတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အတွင်းရေးမှူး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ခရီးသွားလာရေးလုပ်ငန်း စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဦးသိန်းဆွေ၊ ဦးကျော်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူးနှင့်တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြပြီး အစည်းအဝေးသို့တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင်မြင်ရန် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနတစ်ခုတည်းသာမက ဆက်စပ်ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများကပါ ဝိုင်းဝန်းကူညီလုပ်ဆောင်ကြမှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ ဒေသခံများအလုပ်အကိုင်နှင့် ဝင်ငွေရရှိပြီး လူနေမှုအဆင့်အတန်းမြင့်တက်လာစေရန် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း(Community Based Tourism)ကို စီမံဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာခရီးသွားလုပ်ငန်းဈေးကွက်တွင် ရပ်တည်နိုင်ရေးအတွက် ပုံရိပ်ကောင်းရရှိရန်နှင့် ရရှိပြီးပုံရိပ်ကောင်းများကို စဉ်ဆက်မပြတ်ထိန်းသိမ်းထားရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ASEAN Tourism Strategic plan ၏ မျှော်မှန်းချက်အတိုင်း ဖြစ်မြောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်တိုက်တွန်းလိုကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအခန်းကဏ္ဍမှပါဝင်ကြောင်း၊ ထို့ကြောင့် ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများအနေဖြင့်လည်း မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပူးပေါင်းကူညီဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

### ❐ ဆူးလေဆိပ်ခံတံတားအမှတ်(၂)မှ

ဆောင်ရွက်မှုကြောင့် မြန်မာ့သမိုင်းတွင်ဝင်ရောက်ခြင်းမရှိခဲ့သည့် ၁၈၅ မီတာအရှည်ရှိ ကုန်ပစ္စည်းတင်သင်္ဘောကြီးမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကုန်ချခဲ့ပြီး မေ ၂၄ ရက်က ဆူးလေဆိပ်ခံတံတားအမှတ်(၂) ဆိပ်ကမ်းသို့ ရောက်ရှိဆိုက်ကပ်ခဲ့ခြင်းဖြစ်ကာ မြန်မာနိုင်ငံအတွင်းရှိ ဆန်တန်ချိန် ၂၂၀၀၀ ကို တင်ဆောင်မည်ဖြစ်သည်။ ထိုမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းရှိဆန်အိတ်များကို တင်ဆောင်သယ်ယူထွက်ခွာမည်ဖြစ်ပြီး အိန္ဒိယနိုင်ငံမှ ဆန်တန်ချိန် ၁၂၀၀၀ ကို တင်ဆောင်သယ်ယူကာ အနောက်အာဖရိကရှိနိုင်ငံများသို့ တင်ပို့ဖြန့်ဖြူးမည်ဖြစ်သည်။

အဆိုပါသင်္ဘောပိုင်ရှင်၏အေးဂျင့် ဝါရင့်ကပ္ပတိန်ဟင်နရီဦးခင်မောင်က "အခုဆိုအပြင်မှာကြန့်ကြာပြီး စောင့်နေရတာဟာ အနည်းဆုံး ၁၀ ရက်လောက်လျော့နည်းသွားပါတယ်။ ဒီဆိပ်ကမ်းမှာသင်္ဘောကြီးကပ်လိုက်တဲ့အတွက် Shipper တွေ၊ ဆန်ကုန်သည်တွေအတွက် ကုန်ကျစရိတ်သိသာစွာလျော့ကျသွားပါတယ်။ ဘာလို့လဲဆိုတော့ လှိုင်သာယာကနေ ဆူးလေဆိပ်ကမ်းကို ဆန်အိတ်တွေသယ်ဆောင်လာတဲ့အခါမှာ ကားခကတစ်တန်ကို ငွေကျပ် ၆၀၀၀ ကျော်ကျပါတယ်။ တကယ်လို့ သီလဝါဆိပ်ကမ်းကိုသာ သယ်ဆောင်ရမယ်ဆို ကားခကတစ်တန်ကို ငွေကျပ် ၈၀၀၀ ကျော်ကျပါလိမ့်မယ်။ ဒါကြောင့်မို့ သယ်ယူခအနေနဲ့တစ်တန်ကို ကျပ် ၂၀၀၀ လောက် သက်သာသွားပါပြီ။ ဒီတော့သက်သာတဲ့အရာတွေတဖြည်းဖြည်းနဲ့အရှိန်တစ်ခုရလာတဲ့အခါကျရင် ဆန်ကုန်သည်တွေအနေနဲ့ မြန်မာ့ဆန်ကိုဈေးနှုန်းပိုပေးပြီး လယ်သမားတွေဆီကနေ ဝယ်ယူနိုင်ကြမှာဖြစ်ပါတယ်။ Logistics အားကောင်းလာပြီဆိုရင် နိုင်ငံကဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တယ်။ အခြားနိုင်ငံတွေနည်းတူ နိုင်ငံတကာဈေးကွက်ကိုထိုးဖောက်လာနိုင်မှာဖြစ်ပါတယ်။ ပြီးတော့ နိုင်ငံတော်အတွက်လည်း နိုင်ငံခြားဝင်ငွေတွေရရှိစေမှာဖြစ်ပါတယ်"ဟု ပြောသည်။

"လက်ရှိအခက်အခဲကတော့ လှိုင်သာယာကနေ ဆူးလေကိုလာတဲ့လမ်းတစ်လျှောက်မှာမနက်ပိုင်း ၁၁ နာရီကနေ ညနေ ၃ နာရီထိဖြတ်သန်းမောင်းနှင်တဲ့ ကုန်ကားတွေကိုမောင်းခွင့်မပြုထားတော့ အတွင်းဆိပ်ကမ်းရောက်နေတဲ့ ကုန်တင်သင်္ဘောတွေအတွက် အင်မတန်နှောင့်နှေးစေပါတယ်။ တစ်ရက်ကို ဆန်တန်ချိန် သုံးထောင်လောက်တင်ဖို့ကြိုးစားနေတဲ့ကာလမှာ အခက်အခဲဖြစ်စေပါတယ်။ ဒါကြောင့်တာဝန်ရှိသူတွေအနေနဲ့ ကုန်ကားတွေမောင်းနှင်ခွင့်ကို ပြန်လည်သုံးသပ်ဆောင်ရွက်ပေးပါလို့ မေတ္တာရပ်ခံချင်ပါတယ်။ တာဝန်ရှိသူတွေအနေနဲ့ ဘတ်စ်အသုံးပြု လူဦးရေ နှစ်သန်းကို ကြည့်နေရတာကို နားလည်လက်ခံပေမယ့် Commercial Impact ကိုတော့ တကယ်ကို အလေးထားပြီး ပြန်လည်သုံးသပ်ပေးပါလို့ တာဝန်ရှိသူတွေကို ကျွန်တော့်အနေနဲ့မေတ္တာရပ်ခံလိုပါတယ်။ တကယ်လို့ဒီကုန်ကားတွေကိုသာ ပုံမှန်ဖြတ်သန်းမောင်းနှင်ခွင့်ပေးမယ်ဆိုရင် အခြားနိုင်ငံတွေနည်းတူ ကုန်တင်ပမာဏတန်းတူဖြစ်လာနိုင်ပြီး တောင်သူလယ်သမားတွေအတွက်ပါ အဆင်ပြေစေမှာဖြစ်ပါတယ်။ ပြီးတော့ နိုင်ငံတော်အတွက်လည်း နိုင်ငံခြားဝင်ငွေပိုမိုရရှိစေမှာဖြစ်တယ်" ဟု ဆိုသည်။

မြန်မာနိုင်ငံအတွင်းဝင်ရောက်လာသည့် ဒုတိယမြောက်အကြီးဆုံးကုန်ပစ္စည်းတင်သင်္ဘောကြီးမှာ ဆန်အိတ်များတင်ဆောင်ပြီးမည့် ခန့်မှန်းရက်ဖြစ်သော မေ ၂ ရက်တွင် ဆူးလေဆိပ်ခံတံတားအမှတ်(၂) ဆိပ်ကမ်းမှ ထွက်ခွာမည်ဖြစ်ပြီး ပြီးခဲ့သည့် မေ ၆ ရက်ကလည်း ကုန်ပစ္စည်းတင်အကြီးဆုံးသင်္ဘောဖြစ်သည့် မီတာ ၁၉၀ အရှည်ရှိ ကုန်ပစ္စည်းတင်သင်္ဘောကြီးဝင်ရောက်ခဲ့ပြီး မေ ၂၇ ရက်တွင် ဆူးလေဆိပ်ခံတံတားအမှတ်(၂) ဆိပ်ကမ်းမှ ထွက်ခွာမည်ဖြစ်ကြောင်းသိရသည်။

**သတင်းနှင့်ဓာတ်ပုံ-(စိုးဝင်း-MLA)**

# ဒုံးလက်နက်ကာကွယ်ရေးစနစ်တစ်ရပ်ကို တောင်ကိုရီးယားရှိ စခန်းတစ်ခုတွင် တပ်ဆင်

**ဆိုးလ် မေ ၂၆**

ဒေသတွင်း၌ အငြင်းပွားမှုကို ဖြစ်ပေါ်စေသော ဒုံးလက်နက်ကာကွယ်ရေးစနစ်တစ်ရပ်ကို အမေရိကန်စစ်ဘက်က တောင်ကိုရီးယားနိုင်ငံရှိ စခန်းတစ်ခုတွင် စတင်တပ်ဆင်လိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အိမ်နီးချင်း မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားနှင့် ဒုံးလက်နက်ဆိုင်ရာ ရည်မှန်းချက်များကို အကြောင်းပြု၍ ဒေသတွင်း၌ တင်းမာမှုများ ဖြစ်ပေါ်နေချိန်တွင် တီအိတ်ချ်အေအေဒီအမျိုးအစား ဒုံးလက်နက်ကာကွယ်ရေးစနစ်(ဒုံးခွင်းဒုံး)ကို အမေရိကန်က ဖြန့်ကြက်ရန် စီစဉ်ခြင်းဖြစ်သည်။

ဒုံးလက်နက်ကာကွယ်ရေးစနစ် ဖြန့်ကြက်ခြင်းကို ဒေသခံပြည်သူရာပေါင်းများစွာက ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ တောင်ကိုရီးယားနိုင်ငံတောင်ပိုင်းရှိ ဒုံးခွင်းဒုံးဖြန့်ကြက်မည့်စခန်းသို့ ကိရိယာများတင်ဆောင်ထားသည့် မော်တော်ယာဉ်များ ဆိုက်ရောက်လာချိန်တွင် ဒေသခံပြည်သူများက ကန့်ကွက်ဆန္ဒပြကြခြင်းဖြစ်သည်။

မြောက်ကိုရီးယားအရေးနှင့် ပတ်သက်၍ တင်းမာမှုများဖြစ်ပေါ်နေချိန်အတွင်း အမေရိကန်သမ္မတဒေါ်နယ်လ်ထရန့်၏ အစိုးရအဖွဲ့က ဒေသဆိုင်ရာ အခြေအနေနှင့်ပတ်သက်၍ အထက်လွှတ်တော်အမတ်များအား အိမ်ဖြူတော်၌ မေ ၂၆ ရက် နှောင်းပိုင်းတွင် ရှင်းလင်းပြောဆိုရန် စီစဉ်ထားသည်။ သမ္မတထရန့်၏ အစိုးရအဖွဲ့သည် မြောက်ကိုရီးယားနိုင်ငံအား ထိန်းချုပ်ပေးရန် ယင်းနိုင်ငံ၏ မဟာမိတ်တရုတ်နိုင်ငံကို တိုက်တွန်းလျက်ရှိသည်။

တီအိတ်ချ်အေအေဒီ ဒုံးခွင်းဒုံးစနစ်သည် ရန်သူက ပစ်လွှတ်လိုက်သော တာတိုနှင့်တာလတ်ပစ် ပဲ့ထိန်းဒုံးကျည်ကို ယင်းဒုံးကျည်၏ နောက်ဆုံး ပျံသန်းမှုအဆင့်ရောက်ရှိချိန်တွင် ကြားဖြတ်ဟန့်တားကာ ဖျက်ဆီးပစ်နိုင်စွမ်းရှိသည်။

**ရိုက်တာ။**





# တရုတ်ရေတပ်မတော်အတွက် ဒုတိယမြောက် လေယာဉ်တင်သင်္ဘော ရေချပွဲအခမ်းအနား ကျင်းပ

**ပေကျင်း မေ ၂၆**

တရုတ်နိုင်ငံ၏ ဒုတိယမြောက် လေယာဉ်တင်သင်္ဘောကြီးကို မေ ၂၆ ရက် နံနက်က နိုင်ငံအရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ်ရှိ တလျံသင်္ဘောကျင်းတွင် ရေချပွဲအခမ်းအနားကျင်းပခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ၏ ပထမဆုံးသော ပြည်တွင်း၌ တည်ဆောက်သည့် လေယာဉ်တင်သင်္ဘောသစ် ရေချပွဲအခမ်းအနားကို တရုတ်သင်္ဘောတည်ဆောက်ရေး စက်မှုလုပ်ငန်းကော်ပိုရေးရှင်း၏ တလျံသင်္ဘောကျင်းတွင် မေ ၂၆ ရက် နံနက် ၉ နာရီတွင် ပြုလုပ်ခဲ့သည်။

တရုတ်နိုင်ငံ၏ ပထမဆုံးလေယာဉ်တင်သင်္ဘောကြီးမှာ လျောင်နင်းအမည်ရှိပြီး ဆိုဗီယက်ပြည်ထောင်စုက တည်ဆောက်ခဲ့သော လေယာဉ်တင်သင်္ဘောဟောင်းတစ်စင်းကို ပြန်လည်မွမ်းမံပြင်ဆင်ကာ အသုံးပြုခဲ့ခြင်းဖြစ်သည်။ လျောင်နင်းအမည်ရှိ လေယာဉ်တင်သင်္ဘောကို တရုတ်ပြည်သူ့လွတ်လပ်ရေးတပ်မတော်၏ ရေတပ်က ၂၀၁၂ ခုနှစ်တွင် တပ်တော်ဝင်အခမ်းအနားဖြင့် အင်အားဖြည့်တင်းခဲ့သည်။

**ဆင်ဟွာ။**

# ဗင်နီဇွဲလား၌ နိုင်ငံရေးဆန္ဒပြပွဲများအတွင်း သေဆုံးသူဦးရေ ၂၆ ဦးအထိ မြင့်တက်

**ကာရာကတ်စ် မေ ၂၆**

ဗင်နီဇွဲလားနိုင်ငံ၌ နိုင်ငံရေးဆန္ဒပြပွဲများအတွင်း မေ ၂၆ရက်က အမျိုးသားနှစ်ဦး သေနတ်ကျည်ထိမှန်ဒဏ်ရာဖြင့် သေဆုံးခဲ့ရာ ဧပြီလအတွင်း အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများအတွင်း သေဆုံးသူဦးရေ ၂၆ ဦးအထိ ရှိသွားပြီဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

သမ္မတနီကိုလပ်စ်မာဒူရို၏ ဆိုရှယ်လစ်အစိုးရအဖွဲ့အား ဆန့်ကျင်သည့် ဆန္ဒပြပွဲများနှင့် သမ္မတအားထောက်ခံသည့်ဆန္ဒပြပွဲများ ပေါ်ပေါက်ခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံ၌ နိုင်ငံရေး မငြိမ်မသက်မှုများ အဆုံးသတ်ရန် အစိုးရရှေ့နေချုပ်က မေတ္တာရပ်ခံလိုက်ပြီး ဆန္ဒပြပွဲများအတွင်း လူသေဆုံးမှုမဖြစ်ပေါ်ရေးအတွက် အတိုက်အခံဘက်ကရော အစိုးရဘက်ကပါ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ကြရန် ၎င်းကတိုက်တွန်းသည်။

စီးပွားရေးပြဿနာများ ပိုမိုဆိုးရွားလာနေသည်ဟုဆိုကာ အတိုက်အခံတို့က အစိုးရအဖွဲ့ကို ဆန့်ကျင်ဆန္ဒပြလျက်ရှိကြသည်။ သမ္မတမာဒူရိုကို ရွေးကောက်ပွဲကျင်းပပေးရန် အတိုက်အခံတို့က တောင်းဆိုကြသည်။

ထိုစဉ်အတွင်း နိုင်ငံရေးအကျပ်အတည်း ဆိုက်နေသော ဗင်နီဇွဲလားနိုင်ငံသည် အမေရိကန်နိုင်ငံများအဖွဲ့မှ နုတ်ထွက်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ ဗင်နီဇွဲလားနိုင်ငံရေးပြဿနာကို ဆွေးနွေးနိုင်ရေးအတွက် မိမိတို့အစိုးရအဖွဲ့၏ထောက်ခံမှုမရှိဘဲ အစည်းအဝေးခေါ်ယူရန် ဒေသဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများက ကြိုးပမ်းလာမည်ဆိုပါက ဝါရှင်တန်အခြေစိုက် အမေရိကန်နိုင်ငံများအဖွဲ့မှ နုတ်ထွက်မည်ဟု ဗင်နီဇွဲလားနိုင်ငံခြားရေးဝန်ကြီး ဒယ်စီရိုဒရစ်က ပြောကြားခဲ့သည်။

**ရိုက်တာ။**

■

# ယီမင်နိုင်ငံသည် လူသားချင်းစာနာထောက်ထားမှု ပြတ်လပ်မှုနှင့် ကြုံတွေ့နေရ

**ဆာနား မေ ၂၆**

ယီမင်နိုင်ငံသည် အဆိုးရွားဆုံးသော လူသားချင်းစာနာထောက်ထားမှု၊ ပြတ်လပ်မှုနှင့် ရင်ဆိုင်နေရသည့်အတွက် ကုလသမဂ္ဂအဖွဲ့က ကမ္ဘာ့နိုင်ငံများအား ဒေါ်လာနှစ်ဘီလီယံကျော် ကူညီထောက်ပံ့ပေးကြရန် တောင်းခံထားကြောင်း ယနေ့သတင်းများ အရသိရသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရတ်စ်က မေ ၂၅ ရက်တွင် ဂျီနီဗာမြို့၌ ကျင်းပသော ကုလသမဂ္ဂကူညီထောက်ပံ့ရေးဆိုင်ရာ အစည်းအဝေးတွင် မိန့်ခွန်းပြောကြားခဲ့သည်။ ယီမင်နိုင်ငံအတွင်း ပြည်တွင်းစစ်ကာလရှည်ကြာ ဖြစ်ပွားမှုကြောင့် နိုင်ငံအတွင်း အစာရေစာ ပြတ်လပ်မှုနှင့်ပတ်သက်ပြီး ကိုင်တွယ်ဖြေရှင်းရမည့်နည်းလမ်းများကို အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသည်။

ယီမင်နိုင်ငံ၏လူဦးရေ သုံးပုံနှစ်ပုံဖြစ်သော ၁၉ သန်းခန့် ပြည်သူများသည် လူသားချင်းစာနာထောက်ထားသည့် အကူအညီများ လိုအပ်လျက်ရှိကြောင်းနှင့် နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် ဒေါ်လာ၂ ဒသမ ၁ ဘီလီယံကို ကူညီထောက်ပံ့ပေးလှူကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရတ်စ်က တိုက်တွန်းပြောကြားခဲ့သည်။

ယီမင်နိုင်ငံရှိ ကလေးငယ် လေးသိန်းခြောက်သောင်းကျော်သည် အာဟာရချို့တဲ့မှုအန္တရာယ်ကို ဆိုးရွားစွာ ခံစားနေရပြီး အစာရေဆာပြတ်လပ်မှုနှင့်လည်း ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ဆိုသည်။

ဂျပန်အစိုးရအနေဖြင့် ယီမင်နိုင်ငံအား ဒေါ်လာ ၆၂ သန်း ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်း ဂျပန်ပါလီမန်နိုင်ငံခြားရေးဆိုင်ရာ ဒုတိယဝန်ကြီး မိုတိုမီ တာကီဆာဝါက ပြောကြားခဲ့သည်။ ကုလသမဂ္ဂအဖွဲ့၏ အစည်းအဝေးကျင်းပခြင်းကြောင့် ယီမင်နိုင်ငံအား နိုင်ငံတကာအသိုက်အဝန်းက ကူညီထောက်ပံ့မှုများပေးရန် ၎င်းအနေဖြင့် မျှော်လင့်ကြောင်း ဒုတိယဝန်ကြီး မိုတိုမီ တာကီဆာဝါက ဆိုသည်။



ယီမင်နိုင်ငံအတွင်း ယီမင်အစိုးရနှင့် လက်နက်ကိုင်သူပုန်အဖွဲ့တို့ ပြည်တွင်းစစ်ပွဲများ ဆင်နွှဲလာခဲ့သည်မှာ နှစ်နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည်။ လက်နက်ကိုင် သူပုန်အဖွဲ့တို့က မြို့တော်ဆာနားနှင့် အခြားသော ဒေသများကို သိမ်းပိုက်ထားပြီး အစားအစာ ပို့ဆောင်မှုထောက်ပံ့ရေးလမ်းကြောင်းများကိုလည်း ပိတ်ဆို့ဟန့်တားထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# ဆွစ်ဇာလန်-မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် မေ ၂၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး H.E. Mr. Paul R. Seger အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဆွစ်ဇာလန်-မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**



## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်သို့ မေ ၁၇ ရက် အရောက် သတင်းပို့ကြရန် ဖိတ်ကြားထား

**နေပြည်တော် မေ ၂၆**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ မေ ၁၈ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော် ပြည်သူ့လွှတ်တော်ရုံးရေးရာဆောင် အမှတ်-၁၂ (I- 12) သို့ **မေ ၁၆ ရက်(အင်္ဂါနေ့)ထက်မစော၊ ၁၇ ရက်(ဗုဒ္ဓဟူးနေ့)ထက် နောက်မကျစေဘဲ** ရုံးချိန်အတွင်း သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဘက်စုံပညာထူးချွန်လူငယ်များ ပုဂံနှင့် အင်းလေး အပန်းဖြေစခန်းတို့သို့သွားရောက်ရန် မန္တလေးမြို့သို့ စတင်ရောက်ရှိ

**မန္တလေး မေ ၂၆**

၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းတို့မှ ဘက်စုံပညာထူးချွန်လူငယ်များအား စိစစ်ရွေးချယ်ပြီး ပုဂံ၊ အင်းလေးနှင့် ငွေဆောင်အပန်းဖြေစခန်းများဖွင့်လှစ်၍ လေ့လာရေးခရီးစဉ်အဖြစ် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ရာ အင်းလေးနှင့် ပုဂံအပန်းဖြေစခန်းများသို့ သွားရောက်ကြမည့် ဘက်စုံပညာထူးချွန်လူငယ်များ မန္တလေးမြို့သို့ မေ ၂၆ ရက် ညနေတွင် စတင်ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဘက်စုံထူးချွန်လူငယ်များအတွက် အဋ္ဌမတန်းဘက်စုံပညာထူးချွန်လူငယ်များကို ပုဂံအပန်းဖြေစခန်းသို့လည်းကောင်း၊ နဝမတန်းဘက်စုံပညာထူးချွန်လူငယ်များကို အင်းလေးအပန်းဖြေစခန်းသို့ လည်းကောင်း၊ ဒသမတန်းဘက်စုံပညာထူးချွန်လူငယ်များကို ငွေဆောင်အပန်းဖြေစခန်းသို့ လည်းကောင်း လေ့လာရေးခရီးစဉ်အဖြစ် စခန်းများဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ်ရာ ပုဂံနှင့်အင်းလေး အပန်းဖြေစခန်းသို့ သွားရောက်ကြမည့် တစ်နိုင်ငံလုံးမှ ဘက်စုံပညာထူးချွန်လူငယ်များ မန္တလေးမြို့စုရပ်သို့ မေ ၂၆ ရက် ညနေပိုင်းတွင် စတင်ရောက်ရှိလာပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက ပြောသည်။

“ပုဂံနဲ့ အင်းလေးကို သွားကြမယ့် အထက်မြန်မာပြည်က ဘက်စုံထူးချွန်လူငယ်တွေ မေ ၂၆ ရက်မှာ မန္တလေးစုရပ်ကို စတင်ရောက်ရှိလာပြီး အောက်မြန်မာပြည်က လာကြမယ့်သူတွေကတော့ ၂၇ ရက် ညမှာ ရန်ကုန်ကနေ ဒီစုရပ်ကို ကားနဲ့ ထွက်ခွာလာကြမှာဖြစ်ပါတယ်။ ၂၈ ရက်မှာတော့ အားလုံးစုံညီစွာ ရောက်ရှိနေမှာဖြစ်ပါတယ်။ အထက်မြန်မာပြည်က ဒသမတန်းဘက်စုံပညာထူးချွန် လူငယ်တွေကတော့ ငွေဆောင်ကိုသွားဖို့ ရန်ကုန်စုရပ်ကို မေ ၂၇ ရက်ညမှာ မန္တလေးကနေ ကားနဲ့ထွက်ခွာသွားကြမှာ ဖြစ်ပါတယ်”ဟု ၎င်းကပြောသည်။

ပုဂံနှင့် အင်းလေးအပန်းဖြေစခန်းများသို့ သွားရောက်ကြမည့် ဘက်စုံပညာထူးချွန်လူငယ်များအား မန္တလေးမြို့စုရပ်တွင် အဋ္ဌမတန်းအတွက် အထက(၁၄)နှင့် အထက (၂၂) တို့တွင်လည်းကောင်း၊ နဝမတန်းအတွက် အထက(၁)နှင့် အထက(၄) တို့တွင်လည်းကောင်း တည်းခိုနေထိုင်ရန် စီစဉ်ပေးထားပြီး မေ ၂၉ ရက် နံနက် ၇ နာရီတွင် စုရပ်အသီးသီးမှ စတင်ထွက်ခွာ၍ မန္တလေးမြို့တွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်နှင့် မဟာမုနိဘုရားသို့ ဝင်ရောက်ဖူးမြော်ကာ သတ်မှတ်စခန်းအသီးသီးသို့ ဆက်လက်ထွက်ခွာသွားမည်ဖြစ်သည်။

အဆိုပါ ဘက်စုံပညာထူးချွန်လူငယ်များအား တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် တစ်တန်းလျှင် ၁၇၆ ဦးစီဖြင့် ရွေးချယ်ကာ လေ့လာရေးခရီးစဉ်အဖြစ် စီစဉ်ပေးခြင်းဖြစ်ပြီး အဆိုပါအပန်းဖြေစခန်းအသီးသီးကို မေ ၁ ရက်တွင် ဖွင့်ပွဲအခမ်းအနားများ တစ်ပြိုင်တည်းဖွင့်လှစ်ကာ မေ ၄ ရက်တွင် စခန်းသိမ်းပွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## နေပြည်တော် အမျိုးသားလွှတ်တော်ရုံးသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် ဖိတ်ကြားထား

**နေပြည်တော် မေ ၂၆**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ မေ ၁၈ ရက် (ကြာသပတေးနေ့)နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

ထိုအစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင် I-19 (အိုင်-၁၉) သို့ **မေ ၁၆ ရက် ထက်မစော၊ ၁၇ ရက်ထက် နောက်မကျစေဘဲ** သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကျူးဘားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဟောက်ဒိုဆွမ်း ၎င်း၏ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မေ ၂၇**

ကျူးဘားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းသည် ၎င်း၏ခန့်အပ်လွှာကို မေ ၂၁ ရက်တွင် ဟာဗားနားမြို့၌ ကျူးဘားသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စ ဂလာဒီစ် မာရီယာ ဘေဟာရာနိုပေါ်တီးလာထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## မာန်အောင်မြို့ပေါ်၌ သင်္ကြန်ရိုးရာရေစစ်ပွဲတော် ကျင်းပမည်

**မာန်အောင် မေ ၂၆**

မာန်အောင်မြို့ပေါ် သင်္ကြန်ရိုးရာရေစစ်ပွဲတော်ကို မေ ၂၈ ရက်မှ ၃၀ ရက်ထိ ကျင်းပသွားမည်ဟု သိရသည်။

အဆိုပါရေစစ်ပွဲတော်မှာ မေ ၂၁ ရက်မှ ၂၃ ရက်တွင် ကျင်းပမည်ဟုလျာထားခဲ့ရာမှ မေ ၂၈ ရက်မှ ၃၀ ရက်သို့ ပြောင်းရွှေ့ကျင်းပမည်ဖြစ်ပြီး သင်္ကြန်ရေကစားပွဲနှင့် မတူဘဲ တစ်မူထူးခြားသည်ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

မကြာသေးမီကကျင်းပခဲ့သည့် ကမားရေစစ်ပွဲတော်နှင့် နေ့ရက်နီးကပ်နေသဖြင့် ယခုလို နေ့ရက်ပြောင်း၍ ကျင်းပခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

**( မြို့နယ်ပြန်/ဆက်)**




**○ ကျောဖုံးမှ**

လက်ရွေးစင်ကစားသမားအချို့ ပါဝင်လာသည့် အားကစား/ပညာရေးအသင်းသည် ဂန္ဓမာအသင်းထက် ကစားပုံပိုကောင်းခဲ့ပြီး ပထမပိုင်းတွင် တစ်ဂိုး၊ ဒုတိယပိုင်းတွင် တစ်ဂိုးသွင်းယူကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဂန္ဓမာအသင်းသည် အားကစား/ပညာရေးအသင်းကို အပြန်အလှန်ကစားနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း လက်ရွေးစင်နောက်ခံလူ ဝေဝေအောင်၊ ဂိုးသမား မြဖူးငုံတို့ ဦးဆောင်သည့် ခံစစ်ပိုင်းကို မကျော်နိုင်ခဲ့သောကြောင့် နှစ်သိမ့်ဂိုးပင် မရခဲ့ပေ။ ၂၆ မိနစ်တွင် အားကစား/ပညာရေးအသင်း ဦးဆောင်ဂိုးရခဲ့ပြီး တန်ပြန်တိုက်စစ်မှတစ်ဆင့် ရွှေမိုးအောက သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း အားကစား/ပညာရေးအသင်းက ပွဲကိုဆက်လက်ထိန်းချုပ်နိုင်ခဲ့ပြီး ဂန္ဓမာအသင်းက ချေပဂိုးရရန် ကြိုးပမ်းခဲ့သည်။ အားကစား/ပညာရေးအသင်းအတွက် ဒုတိယဂိုးကို ၈၆ မိနစ်တွင် အသင်းခေါင်းဆောင် ဝေဝေအောင်က သွင်းယူခဲ့သည်။

ပွဲစဉ် (၂) တတိယနေ့ကို မေ ၂၇ ရက် ညနေ ၄ နာရီတွင် အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဇွဲကပင်အသင်းနှင့် YREO အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

## တောတောင်စိမ့်စမ်း စိတ်ရှင်လန်း၏

# သတင်းသမားသီလ များလေစွ . . . အစဉ်လေးစားလိုက်နာကြ

## သတင်းထောက်ကျော်မြင့်(ဥက္ကံ)

ကြေးမုံသတင်းစာ နှစ် (၆၀) ပြည့်ပြီဟု သိရသောအခါ ဝမ်းသာခြင်းနှင့်အတူ မိမိအသက်ကိုလည်း ပြန်လည်တွက်စစ်မိပါသည်။ ကျွန်ုပ်သည် အသက် (၈၅) ပြည့်ရန် လပိုင်းမျှသာလိုတော့သည့် သတင်းထောက်အိုကြီး ဖြစ်ပါသည်။ သတင်းထောက်အလုပ်ကို မလုပ်နိုင်တော့သည်မှာလည်း ဆယ်စုနှစ် နှစ်ခုနီးပြီဖြစ်ပါသည်။ ယခု နှစ်အနည်းငယ်အတွင်းတွင်မှ အစိုးရအပြောင်းအလဲကြောင့် သတင်းသမားများ လွတ်လပ်စွာ ရေးသားနိုင်သည်ကိုတွေ့ရသဖြင့် ကျွန်ုပ်တို့ အသက် (၂၀)ကျော်အရွယ် သတင်းထောက်ဖြစ်ခါစက လွတ်လပ်မှုမျိုးရပြီဟု ယူဆကာ များစွာပျော်ရွှင်မိပါသည်။

သို့သော် ထိုပျော်ရွှင်မှုမှာ သိပ်မကြာလိုက်ပါ။ မျက်စိနောက်စရာ၊ စပါးမွှေးစူးစရာ၊ နားကလောစရာသတင်းများကို တွေ့လာရသဖြင့် သတင်းသမားများ အနာဂတ်ကို စိုးရိမ်သဖြင့် စာထရေးရခြင်းဖြစ်ပါတော့သည်။ ယခုအတိုင်း ဆက်သွားလျှင် သတင်းသမားဆိုသည်မှာ မီဒီယာဟုအမည်ခံပြီး မွှေသူ၊ ဖွသူ၊ စားသူ၊ ဒုက္ခပေးသူ အဆင့်မျှ အထင်ခံသွားရဖွယ်ရှိနေပါသည်။

**ရှေးခေတ်သတင်းသမားနှင့် ယခုခေတ် သတင်းသမား**

ရှေးခေတ်က သတင်းသမားလောကတွင် မကြားဖူးသည့် ဖိတ်စားသတင်းနှင့် အိတ်စားသတင်းဟူသည်များကိုပါ ကြားသိနေရပါသည်။ ရှေးကသတင်းထောက်များသည် ကြုံမှတွေ့မှ ရေးခြင်းမျိုးမဟုတ်ပါ။ ကြက်အစာရှာသကဲ့သို့ ရှာဖွေပြီး သတင်းကို ဦးအောင်ထူးအောင် ရေးကြရပါသည်။ ယခုခေတ်ကဲ့သို့ နေရာတိုင်းတွင် ဖုန်းမရှိပါ။ Handphone လည်း မပေါ်သေးပါ။ အင်တာနက်ကား ဝေလာဝေး။ သတင်းပို့လျှင်၊ နယ်သတင်းဆိုလျှင် စာတိုက်ကိုအားကိုးရသည်။ မြန်ချင်လျှင် စာပို့မီးရထားကို ဘူတာရုံမှာ သွားစောင့်ပြီး ထည့်ရသည်။

ယခုကတော့ ဖိတ်စာ စာအိတ်လေးရောက်လာလျှင် သွားလိုက်၊ စားဖို့အဆင်သင့်၊ ပြောတာနားထောင် ဓာတ်ပုံရိုက်ခဲ့လျှင် တစ်နေ့စာသတင်းဖူလုံပြီဟု ထင်နေကြပုံရသည်။ ကုမ္ပဏီဖွင့်ပွဲကြီးကြီးနှင့်ကြုံလျှင် လက်ဆောင်ပစ္စည်းအစုံအလင် ဆွဲအိတ်ကြီးကြီးနှင့်ထည့်ပေးလိုက်ကာ ဓာတ်ပုံသတင်းပါအောင် ရေးပေးဖို့ဆွယ်လေ့ရှိသဖြင့် အိတ်စားသတင်းထောက်များ ပေါ်လာရခြင်းဖြစ်သည်။ လူသည် ခေတ်၏သားကောင်ဖြစ်သည်မှာ မှန်ပါသည်။ ဤမှာ စီးပွားရေးသမားများ၏ စကားဖြစ်သည်။ နိုင်ငံရေးသမားများကလည်း ခေတ်အလိုက် လှုပ်ရှားကြမြဲဖြစ်သည်။

**သတင်းမုဆိုး**

သတင်းသမားသည် သားကောင်မဖြစ်စေရ၊ နိုင်ငံရေးသမားလည်း မဖြစ်စေရ။ သတင်းသမားသည် သားကောင်မဟုတ်၊ မုဆိုးသာဖြစ်ရမည်။ သတင်းလိုက်သည့်မုဆိုးများသည် ကမ္ဘာကျော်သတင်းစာကြီးများတွင် အမြဲရှိသည်။ သူတို့ကြောင့်ပင် သတင်းစာကြီးများ ကမ္ဘာကျော်လာခြင်းဖြစ်သည်။ သတင်းစာ၏အသက်သည် သတင်းဖြစ်သည်။ သတင်း၏မူလသည် သတင်းထောက်ဖြစ်သည်။ သတင်းထောက်များသည် မိမိမူလဂုဏ်မည်မျှမြင့်သည်ကို သတိပြုမိမှသာ သတင်းသမားသိက္ခာကို လေးစားမည်ဖြစ်သည်။

မုဆိုးသည် သားကောင်မဖြစ်ရန် အရေးကြီးသည်။ ရှေးက အတွေ့အကြုံတစ်ခုကို တင်ပြလိုပါသည်။ သတင်းသမားတစ်ဦးကို အသုံးချလိုသူတစ်ဦးက ထမင်းစားပွဲ ဖိတ်သည်၊ လက်မခံ။ လက်ဆောင်ပေးကြည့်သည်၊ မယူပါ။ သို့သော် ညနေပိုင်းတွင်စောင့်ပြီး သူသောက်နေကျအရက်ဆိုင်သို့ လိုက်သွားပြီး ဝင်ရောသောက်သည်။ အရက်ဖိုးရှင်းသည်။ မူးလျှင် အိမ်လိုက်ပို့သည်။ အရက်ပုလင်းလက်ဆောင်ပေးသည်။ ဤသို့ဖြင့် စီးပွားရေးသမား၏ အသုံးချခံ ဖြစ်သွားရသည်ကို ကျွန်ုပ်တို့ငယ်စဉ်က တွေ့ကြုံဖူးပါသည်။

**သတင်းသမား၏သီလများ**

ယခုခေတ်တွင် ဘီယာဆိုင်၊ အရက်ဆိုင်များမှာ ရှေးခေတ်ကထက်ပိုများသဖြင့် သတင်းသမားများ အထူးသတိထားသင့်ပါသည်။ ဤသို့ ဆိုလျှင် သတင်းသမားသည် အရက်မသောက်ရတော့ဘူးလား၊ မဟုတ်ပါ။ ကြိုက်တတ်လျှင် အိမ်တွင်သောက်ပါ။ အပြင်ဆိုင်များနှင့် လူမြင်ကွင်းများတွင် မသောက်ပါနှင့်။ အရက်ကိုအပြင်တွင် မသောက်ရခြင်းသည် သတင်းသမား၏ သီလတစ်ပါးပင် ဖြစ်သည်။

သတင်းသမား၏ အခြားသီလတစ်ခုမှာ တရားသူကြီးနှင့်တူလေသည်။ လာဘ်ပေး လာဘ်ယူမလုပ်ရ။ လာဘ်ပေး လာဘ်ယူမကင်းသောသတင်းကို မရေးရခြင်းဖြစ်သည်။ တရားသူကြီးနှင့်နှိုင်းယှဉ်ပြီးပြောရခြင်းမှာ အကြောင်းရှိပါသည်။ တရားသူကြီးတစ်ဦးက သူဘယ်တော့မှ လာဘ်မယူကြောင်း ကျိန်တွယ်ပြောလေ့ရှိသည်ဟုဆိုသည်။ အမှန်လည်း သူမယူပါ။ သို့သော် သူ့မိန်းမ အိမ်မှနေပြီးယူနေခြင်းကိုမူ လူအများကမသိနိုင်ပါ။ သတင်းသမားများလည်း ဤအချက်ကို သတိပြုရမည်။ မိမိသာမက အိမ်ကဇနီးပါ သတင်းအတွက် လာဘ်မယူဖို့လိုသည်။ ရှေးကနာမည်ကြီးသော မိုးကြိုးဦးအုန်းခင်ဟူသော သတင်းစာဆရာကြီးက ‘သတင်းရေးရင် အိမ်ကမိန်းမတွေရှေ့မှာ မရေးနဲ့’ဟု ပြောကြားဖူးကြောင်း အမှတ်ရပါသည်။

အချို့ကိစ္စများတွင် သတင်းသမားသည် မြွေမသေ တုတ်မကျိုးဟု ဆိုသည့်အလား တစ်ဖက်ကိုလည်း မနာစေလို၊ အခြားတစ်ဖက်ကိုလည်း မသာစေလိုသည့် စေတနာကြောင့် နှစ်ခွရေးလိုက်မိတတ်သည်။ ထိုအခါ သတင်းစာဖတ်သူများမှာ နားမလည်နိုင်ဖြစ်တတ်သည်။ အမှန်တရားကိုရှာဖွေ၍ ရဲရဲတင်းတင်းတင်ပြရမည်။ သတင်းကို နှစ်ခွမရေးသားအပ်။ ထို့ကြောင့် ရှေးက သတင်းစာဆရာကြီးများက ‘သတင်းသမား လျှာနှစ်ခွမလုပ်နဲ့’ဟု ဆုံးမလေ့ရှိပါသည်။ လျှာနှစ်ခွမလုပ်ရခြင်းသည်လည်း သတင်းသမားများလိုက်နာရမည့် သီလတစ်ပါးဖြစ်ပေသည်။



သတင်းထောက်ကျော်မြင့် (ဥက္ကံ)

မူးလျှင် မမောင်းနှင့်၊ မောင်းလျှင် မမူးနှင့်ဆိုသော သတိပေးစကားကို ကြားဖူးကြပါလိမ့်မည်။ ခရီးသည်များစွာကို တင်ဆောင်မောင်းနှင်ရသော ဘတ်စ်ကားသမားများကို သတိပေးသော စကားဖြစ်ပါသည်။ ရှေးက မြို့တွင်းပြေးဘတ်စ်ကားများတွင် ရေးထားသည်ကို တွေ့ဖူးကြမည် ထင်ပါသည်။ ဤစကားများ သတင်းသမားများအတွက်လည်း အရေးကြီးပါသည်။ လူငယ်ဘဝ အချို့သတင်းသမားများ သောက်တတ်စားတတ်သည်ကို အပြစ်မဆိုလိုပါ။ ကျွန်ုပ်ကိုယ်တိုင်လည်း ငယ်စဉ်က မကင်းခဲ့ကြောင်း ဝန်ခံလိုပါသည်။ သို့သော် သတင်းရေးသောအချိန်တွင်ကား မူးလျှင် မရေးနှင့်၊ ရေးလျှင် မမူးနှင့်ဟု ဆိုရပါမည်။ မူး၍ရေးလျှင် သတင်းမှားတတ်ပါသည်။ အရက်ကြောင့် မှားတတ်ပါသည်။ အရက်သောက်ပြီး သတင်းမရေးရဟူသော သီလကို စောင့်ထိန်းကြဖို့လိုပါသည်။

**သတင်းသမားနှင့် နာယကဂုဏ် (၆) ပါး**

နာယကဂုဏ် ၆ ပါးကို သိကြပါလိမ့်မည်။ ထက်ြွ၊ နိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှု ဤခြောက်ခု ကြီးသူကျင့်ဝတ်တာဟု လင်္ကာရှိပါသည်။တစ်ခါတစ်ရံ (ရှေးက) သတင်းထောက်များသည် စုတ်စုတ်ပြတ်ပြတ်နှင့် လူပုံကမသားနား၊ မုတ်ဆိတ်ကျင်စွယ်နှင့် ကင်မရာလွယ်ပြီး ပခုံးထက်က လွယ်အိတ်စုတ်နှင့် တွေ့ရလေ့ရှိပါသည်။ သို့သော် ထိုသတင်းထောက်တွင် နာယကဂုဏ်ခြောက်ပါး အပြည့်ရှိပါသည်။ သတင်းစာဟူသည် တိုင်းပြည်တစ်ခု၏ စတုတ္ထမဏ္ဍိုင်ဖြစ်သဖြင့် ထိုမဏ္ဍိုင်ကို ထောက်ပေးမည့်သတင်းထောက်ဟူသည် နာယကဂုဏ်ခြောက်ပါး ပြည့်စုံမှသာ ဘက်မလိုက်၊ မျှတသော သတင်းမျိုးထွက်လာမည်ဖြစ်ပါသည်။

**ဘက်မလိုက်ရမည့် သီလ**

စာရေးဆရာနှင့် သတင်းစာဆရာကြီးဇဝန ရေးသားသည့် သတင်းစာသုံးမြန်မာစာတွင် သတင်းထောက်သည် သတင်းရေးရာတွင် မိမိဝေဖန်ချက်ဖြင့် ဘက်လိုက်မရေးရ။ ဥပမာ ဘောလုံးပွဲတွင် တစ်ဖက်အသင်းမှ မနိုင်သောကြောင့် လူချသည်။ ဂိုးသမားကို ခြေထိုးကန်လိုက်သည်ကို ကျွန်ုပ်ကိုယ်တိုင်မြင်လိုက်ရသည်ဟု မရေးအပ်။ ကိစ္စတစ်ခု ဖြစ်ပွားခြင်း၏အမှားအမှန်ကို တရားဥပဒေကြောင်းအရ တာဝန်ရှိသူများကသာ ဆုံးဖြတ်နိုင်သည်။ သတင်းထောက်က မိမိအမြင်ကို ဝင်မရေးရဟုဆိုပါသည်။ ဤသည်လည်း သီလတစ်ပါးပင်။

ဆရာကြီးကပင် သတင်းထောက်လုပ်မည့်သူသည် အဓိပ္ပာယ်မှန်ကန်သော မြန်မာစာကို ရေးသားနိုင်ရမည့်အပြင် သတ်ပုံကိုလည်း အမှားမရှိအောင် ဂရုစိုက်ရမည်။ ဝက်ဝံတစ်ကောင်ကို သေနတ်ဖြင့် ပစ်သတ်လိုက်သည့် သတင်းရေးသူသတင်းထောက်တစ်ဦးသည် ဝန်ကြီးကို ပစ်သတ်လိုက်၏ဟု ရေးသားသဖြင့် အဓိပ္ပာယ်လွဲသွားသည်။ ဝံနှင့်ဝန်ကြီးကိုပင် သတ်ပုံမှန်အောင် မရေးသဖြင့် မှားရသည်ဟုဆိုသည်။

**သတင်းစာသုံး မြန်မာစာ**

ယခုအခါ သတင်းသမားအချို့သည် မြန်မာစာအရေးအသားပျက်ပြီး အခန့်ရေးသော သတင်းစာသုံးမြန်မာစာနှင့် စကားပြေအရေးအသားတွင် စကားပြောအရေးအသားများ ရောထွေးနေသည်ကို တွေ့နေရသည်။

ဥပမာ . . . (ဆိုလျှင်)ရေးရမည့်အစား (ဆိုရင်)၊ (ဤသို့)ဟုရေးရမည့်အစား (ဒီလို)၊ (တစ်ဦးလျှင်)ဟု ရေးရမည့်အစား (တစ်ဦးကို)ဟု စကားပြေနှင့် စကားပြောများ ရောရေးနေကြသည်။

အဂတိတရားလေးပါးကိုလည်း အထူးပြောဖွယ်ရာမလိုပါ။ ‘ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟ . . အပါယ်ကျသား ’ဟု မှတ်လိုက်ပါ။ ဤဂတိလေးပါးကို ချိုးဖောက်လျှင် သတင်းသမားသည် အပါယ်ကျမည်ဟု ဆိုလိုပါသည်။ တကယ်တော့ သတင်းသမားအပါယ်ကျမည်မှာ ငရဲမဟုတ်ပါ။ အားလုံးက ဝိုင်းပယ်ခံရမည့် အပယ်ဖြစ်ပါသည်။ အဂတိလိုက်စားသည့် သတင်း သမားသည် မသိမသာဖြစ်စေ၊ သိသိသာသာဖြစ်စေ ဝိုင်းပယ်ခြင်းကို ခံရမည်ဖြစ်ပါသည်။ အဂတိတရားလေးပါးရှောင်ရှားရမည် (တတ်နိုင်သမျှ ရှောင်ရှားရမည်)မှာ သတင်းသမားတို့၏ သီလဖြစ်ပေသည်။

**အမှိုက်တစ်စ မီးမရှို့ရ**

သတင်းသမားသည် အမှိုက်တစ်စ မီးမရှို့ရဟု ရှေးခေတ်က သတင်းစာဆရာကြီးတစ်ဦးက ဆုံးမဖူးပါသည်။ ‘အမှိုက်ကစ ပြာသာဒ်မီးလောင်’ ဖြစ်တတ်သောကြောင့် မရေးသင့်သောသတင်းမျိုး အစဖော်မရေးရပါ။ လွတ်လပ်ရေး မရမီခေတ်က သတင်းစာတစ်စောင်တွင်ရေးသောသတင်းကို သတင်းရောင်းသူက အော်ရောင်းရာတွင် ‘ဘုန်းကြီးတစ်ပါးကို ကုလားက သံတုတ်နဲ့ ရိုက်လို့တဲ့’ဟု အော်ရောင်းရာ ဘုန်းကြီးများစုဝေးလာပြီး ပြဿနာဖြစ်ဖူးသည်ဟု ဆိုပါသည်။ ဖြစ်ပုံမှာ ရန်ကုန်မြစ်နံဘေး ကီလီဆိပ်ကမ်းတွင် ကုန်ထမ်းသည့်ကုလားတစ်ဦးက ညဘက်အပြန် အမှောင်ထဲတွင် မူးပြီး ချော်လဲရာ သံပိုက်လုံးတစ်ခုကို လှမ်းဆွဲမိသည်။ ပြန်အထတွင် ထိုသံပိုက်လုံးဖြင့် နံဘေးမှသွားနေသူကို ရမ်းမိသည်။ ထိုသူမှာ ကံအားလျော်စွာ ဘုန်းကြီးဖြစ်နေပြီး ဦးခေါင်းကို ခိုက်မိရာ ခေါင်းပေါက်သွားသည်။ လူအနည်းငယ် ဝိုင်းအုံလာသည်။ ဘုန်းကြီးကလည်း အမူးသမားကို ခွင့်လွှတ်သဖြင့် ကိစ္စပြီးသွားသည်။ သို့သော် နောက်နေ့မှာ သတင်းစာတွင်ပါလာသဖြင့် ပြဿနာဖြစ်ရလေသည်။ ဤကဲ့သို့ သတင်းများမှာ မရေးအပ်သော သတင်းဖြစ်သည်။ သတင်းစာရောင်းသူ အော်ရောင်း၍ကောင်းအောင်ရေးသော သတင်းသည် အမှိုက်ကစ ပြာသာဒ်မီးလောင် ဖြစ်တတ်လေသည်။ အရေးမပါသော အမှိုက်တစ်စကို မီးမရှို့ရခြင်းသည်လည်း သတင်းသမားတို့၏ သီလတစ်ပါး ဖြစ်ပါသည်။

**လေးနက်မှုရှိပါ**

သတင်းသမားဟုဆိုရာတွင် လူထုကို သတင်းတင်ပြပေးသည့်ပုဂ္ဂိုလ်အားလုံးကို ဆိုလိုပါသည်။ ယခုခေတ်တွင် အင်တာနက်သတင်းကို လူငယ်များက အလေးပေးကြည့်သဖြင့် အင်တာနက် ဘလော့ဂါများလည်း ပါသည်။ သတင်းကိုတည်းဖြတ်ပြီး ခေါင်းစဉ်တပ်ပေးသည့် အယ်ဒီတာများလည်း ပါသည်။ တစ်ခါတစ်ရံ သတင်းခေါင်းစဉ် အပေးမှားသဖြင့် သတင်းချဲ့ကားသွားခြင်း၊ အထင်မှားခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်။ စိတ်ဝင်စားစရာသတင်းကို ခေါင်းစဉ်တပ်ပေးပုံ မလေးနက်သဖြင့် မထင်မရှားဖြစ်သွားရသော သတင်းမျိုးလည်းရှိသည်။ ဤသည်ကို သတင်းစာဆရာကြီးများက မိမိသတင်းအပေါ်တွင် လေးနက်မှုရှိပါဟု ဆိုကြသည်။ သတင်းထောက်များက မိမိသတင်းကို ပေါ့ပေါ့တန်တန် မရေးအပ်သလို အယ်ဒီတာများကလည်း တည်းဖြတ်ခြင်း၊ ခေါင်းစဉ်ပေးခြင်းတို့ကို ပေါ့ပေါ့တန်တန် မလုပ်အပ်ပါ။ ‘လေးနက်မှုရှိပါ’ဟူသောစကားသည် သတင်းသမားများအတွက် အလွန်အရေးကြီးသော သီလ ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့်တင်ပြရလျှင် သီလဟူသည်မှာ စောင့်ထိန်းအပ်သော၊ ကျင့်ကြံအပ်သော ဝတ္တရားဟု အဓိပ္ပာယ်ဖွင့်ဆိုရပါမည်။ လူသာမန်တို့သည် ငါးပါးသီလကို နေ့စဉ်စောင့်ထိန်းလျှင် သူတော်ကောင်းဖြစ်သည်။ ထို့ထက်ပို၍ ဥပုသ်နေ့များတွင် ရှစ်ပါးသီလ၊ ကိုးပါးသီလများကို စောင့်ထိန်းကြသည်။ ဘုန်းကြီးရဟန်းများမှာ ၁၀ ပါးသီလကို နေ့စဉ်စောင့်ထိန်းကြရသည်။ သတင်းသမားများသည် ဘုန်းကြီး ရဟန်းများနှင့်တူလေသည်။ ဥပုသ်နေ့များမှ သီလစောင့်ဖို့မဟုတ်ဘဲ နေ့စဉ် မိမိသတင်းသမား လုပ်နေသမျှ ကာလပတ်လုံးသတင်းသမားသီလစောင့်ထိန်းမှသာ လူဆိုလျှင် သူတော်ကောင်း၊ သတင်းသမားဆိုလျှင် သတင်းသမားကောင်းဖြစ်နိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

**သတင်းထောက်ကျော်မြင့်(ဥက္ကံ)သည် ကြေးမုံသတင်းစာတိုက် စတင်ထူထောင်သည့်နှစ် ၁၉၅၇ မှစတင်၍ တိုက်ကြီးမြို့နယ် ဥက္ကံမြို့နယ် သတင်းထောက်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုခေတ်က အထောက်တော်၊ ထွန်းနေ့စဉ်၊ လမ်းစဉ်၊ ပြည်ကျော်စိုး၊ ဒီးဒုတ်၊ မဏ္ဍိုင်၊ ဂါးဒီးယန်း၊ ဗိုလ်တထောင်သတင်းစာများတွင်လည်း နယ်သတင်းထောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။**

# ကိုယ်ဝန်ဆောင်အမျိုးသမီးများ ကူညီထောက်ပံ့မှု ရခိုင်ပြည်နယ်ကို ဒုတိယဦးစားပေးအဖြစ် ဆောင်ရွက်မည်



**စစ်တွေ ဧပြီ ၂၆**

နိုင်ငံတော်အနေဖြင့် ယခုနှစ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဘတ်ဂျက်မှ ကိုယ်ဝန်ဆောင်မိခင်များ ကူညီထောက်ပံ့စောင့်ရှောက်မှု လုပ်ငန်းများကို ဇွန်လဆန်းပိုင်းမှစတင်ကာ လုပ်ဆောင်သွားမည်ဖြစ်ရာ ရခိုင်ပြည်နယ်ကို ဒုတိယဦးစားပေး အနေဖြင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးနေဝင်းက ပြောသည်။

ဧပြီ ၂၅ ရက် မွန်းလွဲ ၁ နာရီက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရအကြား ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် လုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းမှုရှိစေရေး ရှင်းလင်းဆွေးနွေးပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးနေဝင်းက အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

"ယခုနှစ်ဘတ်ဂျက်မှာ ကိုယ်ဝန်ဆောင်မိခင်တွေကို ကလေးအသက် နှစ်နှစ်အရွယ်ထိ တစ်လကို ငွေကျပ် ၁၅၀၀၀ နှုန်းနဲ့ ကူညီထောက်ပံ့ပေးသွားဖို့ ရှိပါတယ်။ အဲဒီအစီအစဉ်ကို ချင်းပြည်နယ်ကစပြီး လုပ်ငန်းများ စတင်ဆောင်ရွက်မှာဖြစ်ပြီး အခု ရခိုင်ပြည်နယ်ကို ဒုတိယဦးစားပေးအဖြစ် လျာထားဆောင်ရွက်သွားမှာပါ။ လာမယ့် ဇွန်လကနေ ကူညီထောက်ပံ့မှုလုပ်ငန်းတွေကို စတင်လုပ်ဆောင်မှာဖြစ်လို့ မေလတတိယပတ်ဆိုရင် လိုအပ်တဲ့ စာရင်း၊ ဇယားတွေ ကောက်ခံသွားပါမယ်။ စာရင်း၊ ဇယားတွေ ကောက်ခံပြီး ကိုယ်ဝန်ဆောင် မိခင်တွေကို သုံးလတစ်ကြိမ် ဇွန်လကနေပြီး စတင်ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်"ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးနေဝင်းက ပြောသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ယခုနှစ်အတွင်း အခြားကူညီထောက်ပံ့မှုလုပ်ငန်းများကိုလည်း ယခင်ထက် တိုးမြှင့်လုပ်ဆောင်ပေးသွားမည်ဖြစ်ရာ ယခုကဲ့သို့ ကူညီထောက်ပံ့မှု စီမံကိန်းအသစ်များကိုလည်း ထပ်မံတိုးချဲ့ ကူညီထောက်ပံ့ပေးသွားမည်ဖြစ်သည်။ လတ်တလော လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘတ်ဂျက်တွင် ကလေးသူငယ်၊ အမျိုးသမီး၊ မသန်စွမ်း၊ သက်ကြီး၊ မူးယစ်ဆေးဝါး၊ လူမှုကာကွယ်စောင့်ရှောက်ရေး စသည့် လုပ်ငန်းကြီး ၁၀ ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ယခုအခါ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးကဏ္ဍတွင် ပါသောအသက်(၉၀)အထက် အဘိုးအဘွားများကို လာမည့် ဇွန်လမှစတင်ကာ လစဉ်ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ထို့သို့ ထောက်ပံ့ပေးရာ၌ ယခု ၂၀၁၇ ခုနှစ် မတ်လကုန်တွင် အသက်(၉၀)ပြည့်ပြီး အဘိုးအဘွားများဖြစ်ရမည်ဖြစ်ရာ တိုင်းဒေသကြီး/ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနရုံး၏ သက်ဆိုင်ရာခရိုင်၊ မြို့နယ်များအလိုက် အကြောင်းကြားထားပြီးဖြစ်ကြောင်း သိရသည်။ အဘိုးအဘွားများသည် ပတ်(စ်)ပို့ ဓာတ်ပုံ၊ မှတ်ပုံတင်မူရင်းနှင့် အိမ်ထောင်စုစာရင်းပုံစံ ၆၆(ဃ) ပါရှိရမည်ဖြစ်သည်။ ယင်းအထောက်အထားများမပါရှိပါက ထောက်ခံမှုအဆင့်ဆင့် ပြုလုပ်ရမည်ဖြစ်ပြီး ပထမအဆင့်အနေဖြင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ယုံကြည်လေးစားရသော ရပ်မိ ရပ်ဖ နှစ်ဦးက မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းပုံစံ ၆၆(ဃ) မရှိသော အဘိုးအဘွားများကို ထောက်ခံချက်နှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးကို တင်ပြရမည်ဖြစ်သည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှတစ်ဆင့် ထောက်ခံပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးရုံးကို ဆက်လက်တင်ပြရမည်ဖြစ်ကြောင်း သိရသည်။

အဆင့်(၃)အနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးရုံးမှတစ်ဆင့် မိမိတို့ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ပြည်သူ့အင်အားဦးစီးဌာနကို ချိတ်ဆက်ပြီး လူမှုဝန်ထမ်းဦးစီးဌာန နေပြည်တော်ရုံးချုပ်ကို ပေးပို့ရမည်ဖြစ်သည်။ နောက်ဆုံးအဆင့်(၄)အနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ပေးပို့လာသော အသက် (၉၀)ပြည့် အဘိုးအဘွားများ၏ စာရင်းများကို စစ်ဆေးအတည်ပြုကာ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ယင်းကူညီထောက်ပံ့မှုလုပ်ငန်းများအတွက် လာမည့် မေ ၈ ရက်နှင့် ၉ ရက်တို့တွင် တိုင်းဒေသကြီး၊ ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူးရာထူးများကို ခေါ်ယူပြီး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သင်တန်းပို့ချပေးသွားမည် ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်း - မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ - မောင်မောင်သန့်(ကြေးမုံ)**

# ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံးမှ လူမှုကူညီထောက်ပံ့ရေးအဖွဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် တွေ့ဆုံ

**စစ်တွေ ဧပြီ ၂၆**

ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA) ၏ OCHA Donor Support Group (ODSG) အလှူရှင်များသည် ရခိုင်ပြည်နယ်ဆိုင်ရာ ကူညီထောက်ပံ့လှူဒါန်းထားရှိမှုများနှင့်ပတ်သက်သည့် လုပ်ဆောင်ချက်များနှင့် ထပ်မံလိုအပ်မှုများကို သိရှိနိုင်ရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ လာရောက်တွေ့ဆုံသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက အမှာစကားပြောကြားသည်။



ပြည်နယ်ဝန်ကြီး ဦးကျော်အေးသိန်း OCHA Donor Support Group (ODSG) အလှူရှင်များအား ရခိုင်ပြည်နယ်နောက်ခံသမိုင်းကြောင်းစာအုပ် ပေးအပ်စဉ်။

ယင်းနောက် ငွေကြေးကူညီထောက်ပံ့ပေးရေးအဖွဲ့အစည်းဥက္ကဋ္ဌ Carol Chan က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် အလှူရှင်များသည် အထောက်အပံ့ပေးနေသည့် အဖွဲ့အစည်းဖြစ်၍ လိုအပ်သောနေရာများတွင် ပြည့်စုံမှုအခြေအနေရှိမရှိ လာရောက်လေ့လာခြင်းဖြစ်ကြောင်း၊ အလှူရှင်များအနေဖြင့် မိမိတို့ လှူဒါန်းထားသောအဖွဲ့အစည်း လုပ်ဆောင်ချက်များကို သိရန်လိုအပ်သကဲ့သို့ မိမိတို့အဖွဲ့အနေဖြင့် လက်ရှိအခြေအနေကို ပိုမိုသိရှိနားလည်ရန်နှင့် လုပ်ဆောင်ချက်များကို သိလိုသည့်အတွက် လာရောက်ခြင်းဖြစ်ကာ လိုအပ်ချက်များကိုလည်း ထပ်မံလှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အတွင်းရေးမှူး ဦးတင်မောင်ဆွေက ရခိုင်ပြည်နယ်တွင် ခရိုင်ငါးခု၊ မြို့နယ် ၁၇ ခုနှင့် မြို့ ကိုးခုဖွဲ့စည်းထားကြောင်း၊ ယင်းမြို့နယ်များထဲတွင် မောင်တောမြို့နယ်မှလွဲ၍ ကျန်မြို့နယ်များမှာ အေးချမ်းကာ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများရှိနေကြောင်း၊ ဒီမိုကရေစီအစိုးရသစ်လက်ထက်တွင် တိုးတက်သမျှ တိုးတက်အောင် ဆောင်ရွက်နေခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်သင့်သလောက် တိုးတက်မှုများရှိနေပြီဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

အစည်းအဝေးအပြီးတွင် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA)၏ OCHA Donor Support Group (ODSG) အလှူရှင်များအဖွဲ့မှ အလှူရှင်များကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက ရခိုင်ပြည်နယ်နောက်ခံ သမိုင်းကြောင်းစာအုပ်ကို တစ်ဦးချင်းစီအား လက်ဆောင်အဖြစ် ဝေငှပေးသည်။

**သတင်း**
**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ**
**မောင်မောင်သန့်(ကြေးမုံ)**

## ရသေ့တောင်မြို့နယ် စေတီပြင်ကျေးရွာရှိ ဘာသာရေးအဆောက်အအုံအတွင်း မီးလောင်မှုဖြစ်

**နေပြည်တော် ဧပြီ ၂၆**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် စေတီပြင်ကျေးရွာရှိ ဘာသာရေးအဆောက်အအုံတစ်ခုအတွင်း ယမန်နေ့ ည ၁၀ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စေတီပြင်ကျေးရွာ လုံခြုံရေးကင်းတာဝန်ချထားသော အာဖေ့တူလာက ယမန်နေ့ ည ၁၀ နာရီခန့်တွင် ဘာသာရေးအဆောက်အအုံအတွင်း မီးရောင်မြင်ကြောင်း ရာအိမ်မှူးထံ သတင်းပို့ရာမှ အဆောက်အအုံအတွင်း မီးလောင်နေသည်ကို တွေ့ရှိပြီး ဝိုင်းဝန်းငြိမ်းသတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ဘာသာရေးစာအုပ်များနှင့် ကော်ဇောလိပ်လေးချပ်(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀ ခန့်)ဆုံးရှုံးပြီး မီးလောင်မှုနှင့်ပတ်သက်၍ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

**ပေါက်ခေါင်း ဧပြီ ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် ပေါက်ခေါင်းမြို့ အမှတ် (၄)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းရှေ့လမ်းရှိ ၄၀၀ ဗို့ဓာတ်အားလိုင်းတွင် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် Short Link များတပ်ဆင်ခြင်းကို ဧပြီ ၂၅ ရက်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်သူဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**

## လုပ်ငန်းများလျာထားဆောင်ရွက်နိုင်ရေး ကျေးရွာများသို့ ကွင်းဆင်း

**ရေး ဧပြီ ၂၆**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မွန်ပြည်နယ် ရေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများ ကြိုတင်လျာထားဆောင်ရွက်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ထွန်းခိုင်နှင့်အတူ ရေးမြို့နယ် ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ အာယုတောင်-တောင်ဘုံ-သောင်ပြင်-လမိုင်းသို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်းကတ္တရာခင်းရန် စုစုပေါင်းကျန်ရှိနေသော (၆/၄)မိုင်အား ဆက်လက်ဆောင်ရွက်ပေးနိုင်ရန်နှင့် ၎င်းကျေးရွာများရှိ လိုအပ်သော ကျေးလက်ရေပေးရေးလုပ်ငန်းများကို ကျေးရွာပြည်သူများနှင့် တွေ့ဆုံကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## ရသေ့တောင်မြို့နယ်တွင် ဓားထိုးမှုဖြစ်ပွား

**နေပြည်တော် ဧပြီ ၂၆**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် အုတ်ဖိုကျေးရွာ၌ အမျိုးသမီးတစ်ဦး ဓားထိုးခံရမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၅ ရက် နံနက်ပိုင်းက ရသေ့တောင်မြို့နယ် အုတ်ဖိုကျေးရွာရှိ နေအိမ်ခြံဝင်းအတွင်း၌ မဖြူမကြီး(၂၈)နှစ်နှင့် သမီးဖြစ်သူ မမေဖြူသန့်(၁၁)နှစ်တို့အား လူတစ်ဦး (စိစစ်ဆဲ)က ဓားဖြင့်ထိုးခဲ့ရာ မဖြူမကြီးသည် လည်ပင်း၊ လည်ကုပ်ပြတ်ရှဒဏ်ရာ၊ မေးစေ့အောက် ထိုးသွင်းဒဏ်ရာများနှင့် မမေဖြူသန့်တွင် ပွန်းပဲ့ဒဏ်ရာတို့ရရှိခဲ့ပြီး ၎င်းတို့နှစ်ဦးအား ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လွတ်မြောက်နေသည့် ပြစ်မှုကျူးလွန်သူအား အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ ကျင်းပ



**နေပြည်တော် မေ ၂၆**

နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ဦးဝင်းမော်ထွန်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ တက်ရောက်ကြသည်။

### ဈေးကွက်သတင်း ရရှိနိုင်ရေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ကမ္ဘာ့ဆန်ဈေးကွက်ရရှိရေးအတွက် ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် (၈) ကြိမ်မြောက် ကမ္ဘာ့ဆန်စပါးညီလာခံသို့ တက်ရောက်ခဲ့ပြီး ထိုညီလာခံမှတစ်ဆင့် အာဖရိက ဆန်ဈေးကွက်အပါအဝင် ကမ္ဘာ့ဆန်ဈေးကွက်သို့ ပြန်လည်ချိတ်ဆက်နိုင်ခဲ့ရာ အာဖရိက နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၅၃ နိုင်ငံအထိ ဈေးကွက်များ ရရှိခဲ့ပါကြောင်း၊ ထို့ပြင် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီ အစည်းအဝေးများ၊ မြန်မာ- ထိုင်း၊ မြန်မာ-အိန္ဒိယ၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးတွဲကော်မတီ အစည်းအဝေးများတွင်လည်း ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတကာနှင့် ဈေးကွက်ချိတ်ဆက်နိုင်ရေးအတွက် အမေရိကန်၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်၊ ဂျပန်၊ တရုတ်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ စင်ကာပူ၊ ဟောင်ကောင်နှင့် ထိုင်းနိုင်ငံတို့ရှိ မြန်မာနိုင်ငံသံရုံးများတွင် စီးပွားရေးသံမှူးများကိုထားရှိပြီး ပြည်ပနိုင်ငံများ၏ ကုန်သွယ်မှုဆိုင်ရာ ဈေးကွက်သတင်းအချက်အလက်များ ရရှိနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာပြည်၏ လယ်ယာထွက်ကုန်များကို အီးယူ ၂၈ နိုင်ငံ အပါအဝင် ဩစတြေးလျ၊ ဘီလာရု၊ ရုရှား၊ ကနေဒါ၊ ဆွစ်ဇာလန်၊ အိုက်စ်လန်၊ တူရကီ၊ ဂျပန်၊ အမေရိကန်နိုင်ငံတို့မှ ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေး GSP ရရှိပြီဖြစ်သည့်အတွက် ထိုနိုင်ငံများသို့ ကုန်ပစ္စည်းများ တိုးတက်တင်ပို့နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပို့ကုန်အပိုင်းတွင် ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ပို့ကုန်ဈေးကွက်များ ချိတ်ဆက်ရှာဖွေနိုင်မှုများကြောင့် ယခုဘဏ္ဍာနှစ် နှစ်ကုန်ကာလအထိ ပို့ကုန်တင်ပို့မှုအပိုင်းကို သုံးသပ်ကြည့်လျှင် နိုင်ငံပိုင်ကဏ္ဍမှ သဘာဝဓာတ်ငွေ့တင်ပို့မှု အမေရိကန် ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံခန့်နှင့် ကျောက်စိမ်းနှင့်သတ္တုတင်ပို့မှု အမေရိကန်ဒေါ်လာ သန်း ၂၀၀ လျော့ကျသွားသော်လည်း လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်းနှင့် ရေထွက်ပစ္စည်းတင်ပို့မှုစသည့် ကဏ္ဍများတွင် တိုးတက်လာသည့်အတွက် ပြည်ပပို့ကုန် အမေရိကန်ဒေါ်လာ သန်း ၄၈၀ ခန့် ပိုမိုရရှိခဲ့ပါကြောင်း။

### လယ်ယာထွက်ပစ္စည်းတင်ပို့မှု

ယခုဘဏ္ဍာနှစ်တွင် လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂၉၃၁ သန်းကျော် တင်ပို့နိုင်ခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာ ၃၁၅ သန်းကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါကြောင်း၊ အထူးသဖြင့် ဆန်တန်ချိန် ၂ ဒသမ ၅ သိန်း၊ ပဲမျိုးစုံ တန်ချိန် ၁ ဒသမ ၈ သိန်း၊ ပြောင်းတန်ချိန် တစ်သိန်း၊ မြေပဲတန်ချိန် ငါးသောင်းကျော်၊ ဖရဲသီးတန်ချိန် ၁ ဒသမ ၃ သိန်းခန့် ပိုမိုတင်ပို့နိုင်ခဲ့ပါကြောင်း၊ ဆန် ပြည်ပတင်ပို့မှုတွင် ပင်လယ်ရေကြောင်းမှ ယခင်ဘဏ္ဍာနှစ်ထက် တန်ချိန် ၃ ဒသမ ၈ သိန်းခန့် ပိုမိုတင်ပို့နိုင်ခဲ့သလို Re-export စနစ်ဖြင့် သကြားတင်ပို့မှုတွင် တန်ချိန် ၁ ဒသမ ၇ သန်းအထိ တင်ပို့နိုင်ခဲ့ပါကြောင်း။

နှမ်းမျိုးစုံတွင် ယခင်က တရုတ်နိုင်ငံကိုသာ အားထားတင်ပို့နေရာမှ ယခုဘဏ္ဍာနှစ်အတွင်း တရုတ်နိုင်ငံအပြင် ကိုရီးယား၊ စင်ကာပူ၊ ဂျပန်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံသို့ ဈေးကွက်ချဲ့ထွင်နိုင်ခဲ့ပါကြောင်း၊ ပြောင်းတင်ပို့မှုတွင် ယခင်က နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံဈေးကွက်တစ်ခုတည်းကိုသာ တင်ပို့နေရာမှ ယခုဘဏ္ဍာနှစ်တွင် ပင်လယ်ရေကြောင်းမှ မလေးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ဟောင်ကောင်၊ စင်ကာပူနှင့် အိန္ဒိယနိုင်ငံတို့သို့ တန်ချိန် ၈ သောင်းခန့် ဈေးကွက်ချဲ့ထွင် တင်ပို့နိုင်ခဲ့ပါကြောင်း။

### ကျဉ်းမြောင်းစွာ မှီခိုနေရ

ပို့ကုန်ဈေးကွက် ကျယ်ပြန့်လာသော်လည်း လက်ရှိအခြေအနေတွင် အဓိကအားဖြင့် အိမ်နီးချင်းနိုင်ငံများ၏ ဈေးကွက်ကိုသာ ကျဉ်းမြောင်းစွာ မှီခိုနေရပြီး ထိုဈေးကွက်၏ လိုအပ်ချက်အရသာ တင်ပို့နေရပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် တရားမဝင်ကုန်သွယ်မှုများ ရှိနေခြင်းများကြောင့် ပို့ကုန်ဝင်ငွေလျော့နည်းခြင်း၊ အခွန်ဘဏ္ဍာဆုံးရှုံးခြင်း၊ သဘာဝသယံဇာတပြုန်းတီးမှုဖြစ်စေခြင်း၊ စားသုံးကုန်ပစ္စည်းများ တရားမဝင် တင်သွင်းနေသဖြင့် အလားတူထုတ်လုပ်သည့် ပြည်တွင်းအသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများကို ကြီးမားစွာ ထိခိုက်စေခြင်းနှင့် စားသုံးသူများအတွက် ကျန်းမာရေးအန္တရာယ်ဖြစ်ပေါ်နေမှုများကိုလည်း တွေ့ရှိရပါကြောင်း။

မိမိတို့ ဝန်ကြီးဌာနသည် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့၏ တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် သီလဝါ၊ ကျောက်ဖြူ၊ ထားဝယ် အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းအပြင် နယ်စပ်ဒေသများတွင် စီးပွားရေးဇုန်များ တည်ထောင်နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့တို့တွင်လည်း တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ လွယ်ကူချောမွေ့စေမှု အဆင့်သတ်မှတ်ချက် Ease of Doing Business အဆင့်တိုးတက်ရေးကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

### ကိုက်ညီမှုရှိ

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမျိုးသားပညာရေးဥပဒေ၏ အကျိုးရလဒ်တစ်ခုအနေဖြင့် ယခုအခါ မြန်မာနိုင်ငံ၏ အခြေခံပညာသင်ကာလသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အခြေခံပညာသင်ကာလနှင့် အပြည့်အဝ ကိုက်ညီမှုရှိနေပါကြောင်း။

အစိုးရ၏ ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှု ဦးစားပေးလုပ်ငန်းများအနေဖြင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နိုင်ငံသားတိုင်းအနည်းဆုံး မူလတန်းပညာ သင်ယူပြီးမြောက်ပြီး အလယ်တန်းပညာနှင့် အထက်တန်းပညာကို အဆင့်ဆင့်တိုးမြှင့်သင်ယူခွင့်များ ရရှိရန် ဆောင်ရွက်မည်ဖြစ်ရာ မူလတန်းအရွယ်ကလေးတိုင်း မူလတန်းပညာရေးကို ပြီးမြောက်အောင်မြင်ခြင်းနှင့် မူလတန်းပညာသင်ယူရန် အခက်အခဲရှိနေသည့်ကာယ၊ ဉာဏစွမ်းရည်အားနည်းသော ကလေးများ၊ ဆင်းရဲနွမ်းပါးသည့်ကလေးများ၊ ဝေးလံခေါင်ဖျားဒေသရှိ ကလေးများ စသည့် ကလေးများအတွက် အလေးထား ဆောင်ရွက်သည့် ပညာရေးအစီအစဉ်များ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း။

ကွဲပြားခြားနားသည့် ဘာသာစကားပြောသော မူလတန်းတိုင်းရင်းသားကလေးများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် တိုင်းရင်းသားဘာသာစကား သင်ရိုးညွှန်းတမ်း ပြုစုရေးဆွဲခြင်းနှင့် သင်ကြားပေးခြင်း အပါအဝင် တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုကို ပံ့ပိုးပေးရန်နှင့် မြှင့်တင်ပေးရန် ဆောင်ရွက်ခြင်း။

### ဦးစားပေးဖြည့်ဆည်း

သင့်လျော်သော ဆရာ၊ ကျောင်းသားအချိုးရရှိရန် ဆောင်ရွက်ပေးခြင်း၊ ကျောင်းအသီးသီးမှ ဆရာများ၏ ဘာသာရပ်ကျွမ်းကျင်မှုနှင့် သင်ကြားပို့ချမှု စွမ်းရည်များ မြင့်မားလာစေရန် ဆောင်ရွက်ပေးခြင်း၊ အခြေခံပညာရေးကို လူတိုင်းပိုမိုလက်လှမ်းမီနိုင်ရန်အတွက် ဖွံ့ဖြိုးမှုအားနည်းသော ဒေသများရှိ ကျောင်းများ၊ အထူးသဖြင့် ကျောင်းအသုံးအဆောင်ပစ္စည်းများ လုံလောက်မှုမရှိသော အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများ၏ လိုအပ်ချက်များကို ဦးစားပေးဖြည့်ဆည်း ဆောင်ရွက်ပေးခြင်း။

ပညာအရည်အချင်းနည်းပါးသူများ၏ နေထိုင်မှုဘဝ အရည်အသွေး တိုးတက်ကောင်းမွန်စေရန် အခြေခံပညာ အလယ်တန်း၊ အထက်တန်း တန်းညှိအစီအစဉ်များနှင့် သက်မွေးမှုအစီအစဉ်များဖြင့် ဆက်လက်ပညာဆည်းပူးနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ တက္ကသိုလ်များတွင် ကိုယ်ပိုင်သင်ရိုးညွှန်းတမ်းရေးဆွဲသင်ကြားခွင့်၊ အုပ်ချုပ်ခွင့်နှင့် သုတေသနလုပ်ငန်းများကို လွတ်လပ်စွာ ဆောင်ရွက်နိုင်သော ကမ္ဘာ့အဆင့်မီ အဆင့်မြင့်ပညာရေးစနစ် ဖြစ်ထွန်းလာစေရန် ဦးတည်ဖော်ဆောင်ပေးခြင်း။

### ပညာရေးပြုပြင်ပြောင်းလဲမှု

နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး ပညာရပ်များကို တက္ကသိုလ်များ၏ ပညာရပ်များနှင့် တန်းတူဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခြင်း၊ ကျောင်းသား၊ မိဘများနှင့် ရပ်ရွာအသိုက်အဝန်းကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော ထိရောက်သည့် ပညာရေးဝန်ဆောင်မှုဖြစ်စေရန်ဆောင်ရွက်ပေးခြင်း၊ နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်တွင်း ပြည်ပမှရရှိသည့် ပညာရေးဆိုင်ရာ ဘဏ္ဍာငွေများကို အကျိုးရှိထိရောက်စွာ ခွဲဝေသုံးစွဲနိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်ပေးခြင်း၊ တိကျမှန်ကန်သည့် သတင်းအချက်အလက်များကို အခြေခံ၍ ထိရောက်သော ပညာရေးပြုပြင်ပြောင်းလဲမှု စီမံခန့်ခွဲမှုနှင့် လေ့လာကြီးကြပ်မှုလုပ်ငန်း အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ဖြစ်ပါကြောင်း။

ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းများတွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၌ သတ်မှတ်ကျောင်းသားဦးရေပြည့်မီသောကျောင်း ၉၃၇ ကျောင်းနှင့် ကျေးလက်ဒေသသွားလာရေးခက်ခဲသည့် ကျောင်း ၂၃၇၅ ကျောင်း စုစုပေါင်း ၃၃၁၂ ကျောင်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

အခြေခံပညာကဏ္ဍ တိုးတက်လာမှုတွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၌ စာသင်ကျောင်း ၅၂၂ ကျောင်း၊ ဆရာ ၁၈၆၉၇ ဦးနှင့် ကျောင်းသား စုစုပေါင်း ၄၂၂၂၆၇ ဦး တိုးတက်လာပါကြောင်း။

### ဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ခဲ့

ဆရာ ဆရာမများ သင်ကြားမှုပံ့ပိုးကူညီရေး (Teacher Mentoring) အစီအစဉ်များတွင် ဗဟိုအဆင့်နည်းပြသင်တန်း၊ Teacher Mentor သင်တန်း လုပ်ငန်းဆွေးနွေးပွဲ၊ Teacher Mentoring Cluster Support Program ဆိုင်ရာ လုပ်ငန်းဆွေးနွေးပွဲ၊ အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

တိုင်းရင်းသားဘာသာစကား ၄၉ မျိုးအား သင်ကြားပေးနေသည့် ကျောင်းပေါင်း ၁၀၂၉၉ ကျောင်းတွင် သင်ကြားပေးနေသည့် ဆရာ၊ ဆရာမ ၂၀၆၇၃ ဦးနှင့် သင်ယူနေသည့် ကျောင်းသား ကျောင်းသူ ၅၅၈၆၄၁ ဦး သင်ကြားပေးနိုင်ခဲ့ပါကြောင်း။

ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် စာတတ်မြောက်ရေးလှုပ်ရှားမှုအနေဖြင့် နေပြည်တော်ကောင်စီနှင့် မြို့နယ် ၃၀ တွင် စာသင်ဝိုင်း ၂၀၈၀၊ သင်ယူသူ စုစုပေါင်း ၂၀၅၇၂၇ ဦး၊ ကယားပြည်နယ်တွင် မြို့နယ် ခုနစ်မြို့နယ်၊ စာသင်ဝိုင်း ၄၅၅ ခု၊ သင်တန်းနည်းပြ ၄၅၅ ဦး၊ သင်ယူသူစုစုပေါင်း ၅၃၃၅ ဦးနှင့် တောင်ကြီးမြို့တွင် မြို့နယ် ကိုးမြို့နယ်၊ စာသင်ဝိုင်း ၂၅၉၆ ခု၊ သင်တန်းနည်းပြ ၂၆၈၀၊ သင်ယူသူ စုစုပေါင်း ၂၆၇၉၄ ဦး ရှိခဲ့ပါကြောင်း။

### ဖွင့်လှစ်ပေး

ပညာရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း (NVTI ) တွင် ဒေသအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးခြင်းအနေဖြင့် ဟိုတယ်ဧည့်ကြိုလုပ်ငန်းဆောင်ရွက်မှုအခြေခံသင်တန်း၊ ဧည့်ဆောင်ထိန်းသိမ်းရေးသင်တန်း၊ အစားအစာနှင့်အဖျော်ယမကာဧည့်ခံကျွေးမွေးရေးသင်တန်း၊ အစားအစာနှင့်အဖျော်ယမကာ ထုတ်လုပ်ရေးသင်တန်း၊ လယ်ယာသီးနှံနှင့် ဉယျာဉ်ခြံသီးနှံများအား GAP နည်းစနစ်ဖြင့် စိုက်ပျိုးခြင်းသင်တန်း၊ ငါးဖိန်းသားဖောက်သင်တန်းနှင့် ငါးဆေးထိုးသားဖောက်သင်တန်း၊ တစ်လုံးထိုးအင်ဂျင် ပြုပြင်သင်တန်း၊ အိမ်တွင်းလျှပ်စစ်သင်တန်းနှင့် အခြေခံကွန်ပျူတာပညာရပ်နှင့် ရုံးသုံးစာစီစာရိုက်သင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

Human Development Report 2016 အရ မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် Low Human Development Index Rank တွင် ရှိနေရာမှ ၂၀၁၆ ခုနှစ်တွင် Medium Humam Development Index Rank သို့ တိုးတက်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

**စာမျက်နှာ ၉ သို့ ○**

❍ စာမျက်နှာ ၈ မှ

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်ကြားရေးဝန်ကြီးဌာနက ဘာတွေ ဆောင်ရွက်သလဲဆိုလျှင် ဒီကနေ့လုပ်နေသည့် အလုပ်သည် ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်တစ်ရပ် ဖြစ်ပါကြောင်း၊ ယခုလို တွေ့ဆုံပွဲများ ကျင်းပပေးခြင်းသည် မိမိတို့၏ အလုပ်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့်တစ်နှစ်တာအတွင်း ဤခန်းမ၌ ပြောရေးဆိုခွင့်ပုဂ္ဂိုလ်များနှင့် မီဒီယာများ ထိတွေ့ရန်၊ ထိတွေ့သည့်အခါ ပိုပြီးရင်းရင်းနှီးနှီးဖြစ်စေရန် တွေ့ဆုံပွဲများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

စတုတ္ထမဏ္ဍိုင်နှင့် မဏ္ဍိုင်သုံးရပ် ထိတွေ့သည့် ယဉ်ကျေးမှုဓလေ့ထွန်းကားရန် မိမိတို့ ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ ယခုတစ်နှစ်တာပြီးမြောက်လာသည့်အချိန်တွင် ဤဓလေ့သည် မိမိတို့ တော်တော်လေး အခြေကျနေပြီလို့ မြင်ပါကြောင်း။

## မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး

တစ်ဖက်တွင် တာဝန်ရှိပုဂ္ဂိုလ်များက မီဒီယာများ၏ မေးမြန်းချက်ကို ဖြေကြားသလို မီဒီယာများမှတစ်ဆင့် မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များ အများပြည်သူ သိရှိအောင် ဖြန့်ချိသည့်အလုပ်ကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်ကြပါဟု အကြံပေးခဲ့ပါကြောင်း၊ ထိုကဲ့သို့ နှစ်ဖက်ကိုအကြံပေးသည့် ရည်ရွယ်ချက်မှာ မိမိတို့တိုင်းပြည်တွင် အများပြည်သူ သတင်းအချက်အလက် ပြည့်ဝစွာ သိရှိရန်အတွက် ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ မီဒီယာများနှင့် မဏ္ဍိုင်များအကြား ရင်းနှီးမှု၊ ဆက်ဆံရေးချောမွေ့ပြေပြစ်ရန်နှင့် ဆက်ဆံရေး တိုးတက်ရန် ရည်ရွယ်ခြင်းဖြစ်ပါကြောင်း၊ ယင်းမှာ မိမိတို့ မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်ပါကြောင်း။

ပြန်ကြားရေးက ဘာလုပ်သလဲဆိုသည်နှင့် ပတ်သက်ပြီး ပြည့်ပြည့်ဝဝ နားမလည်နိုင်သေးသည့်အကြောင်းများ ရှိနေသည်ကို သိရပါကြောင်း၊ ပြန်ကြားရေးဟုပြောလိုက်လျှင် အများက ရုပ်မြင်သံကြား၊ သတင်းစာတို့ကို မြင်လေ့ရှိပါကြောင်း၊ ပြန်ကြားရေးဆိုသည့်ဌာန၏ သဘောသဘာဝနှင့် ဘယ်လိုလုပ်ငန်းတာဝန်တွေရှိသလဲဟု ပြောရမည်ဆိုလျှင် ပြန်ကြားရေးဆိုတာ မေးတာဖြေရုံလောက်နှင့်ပြီးသလားဆိုလျှင် မဟုတ်ပါကြောင်း၊ မေးတာတွေကိုဖြေသလို အများသိသင့်သည်ကိုသိရန်အတွက် ထုတ်ပြန်ရခြင်းများရှိပါကြောင်း၊ အစီရင်ခံသည်ဟုလည်း ပြော၍ရပါကြောင်း၊ အစိုးရပြန်ကြားရေးဝန်ကြီးဌာနသည် ဘာကို အစီရင်ခံရသလဲဆိုလျှင် မိမိတို့သည် အများပြည်သူက ရွေးကောက်တင်မြှောက်လိုက်သည့် ကိုယ်စားလှယ်များက ဖွဲ့စည်းခန့်အပ်ထားသည့် အစိုးရဖြစ်သည့်အတွက် မိမိတို့တိုင်းပြည်အတွက်၊ အများပြည်သူအတွက် ဘာတွေ ဆောင်ရွက်သလဲဆိုသည်ကို ပြန်လည်အစီရင်ခံရန် လိုပါကြောင်း၊ ထို့ကြောင့် ပြန်ကြားရေးအဓိပ္ပာယ်ထဲကို အစီရင်ခံသည်ဆိုတာကို ထည့်သွင်းထားခြင်း ဖြစ်ပါကြောင်း။

အများနှင့်ဆိုင်သည့် လုပ်ငန်းကဏ္ဍများတွင် ပြန်ကြားရေးဆိုသည့်ကဏ္ဍ လိုအပ်ပါကြောင်း၊ အစိုးရတစ်ရပ်ကဲ့သို့ အဖွဲ့အစည်းကြီး တစ်တိုင်းပြည်လုံး အတိုင်းအတာနှင့် ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ နိုင်ငံတကာစသည်ဖြင့် ကဏ္ဍပေါင်းများစွာကို ဆောင်ရွက်နေသည့် အဖွဲ့အစည်းကြီးတစ်ရပ်တွင် ပြန်ကြားရေးဆိုသည့် ဌာနကို ဝန်ကြီးဌာနအဆင့်ထိ ဖွဲ့စည်းပြီး ဆောင်ရွက်ရန် လိုအပ်သည်ဟု ပြောလိုပါကြောင်း။

## အစီရင်ခံတင်ပြ

နိုင်ငံတကာရှိ ပြန်ကြားရေးဆိုင်ရာဝန်ကြီးဌာနများကို လက်လှမ်းမီသလောက် ဖော်ပြရလျှင် Information ဆိုသည့် နာမည်သုံးစွဲပြီးဖွဲ့စည်းထားသည့် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘောဒီးယား၊ အီဂျစ်၊ အစ္စရေး၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ် စသည်ဖြင့်ရှိပါကြောင်း၊ အိန္ဒိယနိုင်ငံတွင် Ministry of Information and Broadcasting ဟု သုံးပါကြောင်း၊ တချို့က Communication ဆိုပြီး သုံးပါကြောင်း၊ မြန်မာနိုင်ငံတွင် ပြန်ကြားရေးဝန်ကြီးဌာနသည် မြန်မာပြည်လွတ်လပ်ရေးမရမီကတည်းက ရှိခဲ့ပါကြောင်း။

လက်ရှိတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနတို့ ရှိပါကြောင်း။

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် အစောဆုံး ဌာနဖြစ်သည်ဟုပြော၍ရပါကြောင်း၊ ဗြိတိသျှအစိုးရလက်ထက်ကတည်းက ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ယခုလုပ်ဆောင်နေသည့်အလုပ်များကို အဲဒီအချိန်ကာလလောက်ကတည်းက လုပ်ခဲ့ပါကြောင်း၊ ဗြိတိသျှလက်ထက်တွင် အင်္ဂလိပ်အစိုးရ၏ ပြန်တမ်းများ၊ စာများ ရိုက်နှိပ်ခြင်းဖြစ်ပါကြောင်း၊ ရန်ကုန်ရှိ ဗဟိုပုံနှိပ်တိုက်ဆိုလျှင် နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိနေပြီဖြစ်ပါကြောင်း၊

Ministry of Information ဟု ခေါ်သည့်အတိုင်း အဓိက ထင်သာမြင်သာသည့် လုပ်ငန်းတာဝန်ကို ပြောရမည်ဆိုလျှင် Information၊ သတင်းအချက်အလက်ပေးခြင်း ဖြစ်ပါကြောင်း၊ တစ်နည်းပြောရလျှင် အများပြည်သူအပေါ် အစီရင်ခံတင်ပြသည့်အလုပ် ဖြစ်ပါကြောင်း၊ ထိုအလုပ်ကို ရေဒီယိုနှင့် ရုပ်မြင်သံကြား၊ သတင်းစာများက လုပ်နေပါကြောင်း။

အများပြည်သူတွေ အသိပညာတိုးပွားရေးနှင့် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်တဲ့ဌာနမှာ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ဖြစ်ပါကြောင်း၊ တစ်ချိန်က မြန်မာနိုင်ငံတွင် အင်မတန် ထင်ရှားပြီး လူအများတန်ဖိုးထားလေးစားသည့် ဌာနကြီးတစ်ခုရှိပါကြောင်း၊ ယင်းမှာ စာပေဗိမာန် ဖြစ်ပါကြောင်း၊ ထိုဌာနမှ မြန်မာ့စွယ်စုံကျမ်း ထွက်ပေါ်ရေးအတွက် ဆောင်ရွက်ခဲ့ပါကြောင်း။

မိမိတို့အနေဖြင့် စာပေဗိမာန်၏ လုပ်ငန်းကဏ္ဍကိုလည်း တိုးတက်အောင် ဆောင်ရွက်နေပါကြောင်း၊ ယင်းတို့အနက် မြန်မာ့စွယ်စုံကျမ်းကို ပြန်ပြီးခေတ်မီတိုးတက်သည့် စွယ်စုံကျမ်းဖြစ်အောင် လုပ်နေခြင်းဖြစ်ပါကြောင်း။

## မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရန်

တစ်နှစ်တာအတွင်း နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့်စာအုပ်ဈေးရောင်းပွဲတော် ပြုလုပ်ခဲ့ပါကြောင်း၊ ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေ၊ စာတမ်းဖတ်ပွဲကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မကြာမီ ဘာသာပြန်စာပေဆိုင်ရာစာတမ်းဖတ်ပွဲကို ကျင်းပရန်ရှိပါကြောင်း၊ စာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်များသည် ပြန်ကြားရေး၏ လုပ်ငန်းတစ်ရပ်ဖြစ်သည့် အများပြည်သူ အသိပညာဖွံ့ဖြိုးတိုးတက်ရန်နှင့် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သည့် ကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် ကလေးစာပေပွဲတော်များကို ကျင်းပခဲ့ပါကြောင်း၊ ကလေးစာပေပွဲတော်များကို ကျင်းပသည့်အခါ ပွဲတော်တိုင်းသည် အလွန်စည်ကားခဲ့ပါကြောင်း၊ အောင်မြင်သည်ဟု ပြောနိုင်ပါကြောင်း၊ ရန်ကုန်မြို့ သိမ်ဖြူလမ်း၌ စာအုပ်လမ်းကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်က ဆေးဝါးနှင့် ဆေးဝါးကုန်ကြမ်းများအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ စံသတ်မှတ်ချက်များနှင့်အညီ သတ်မှတ်အပူချိန်၊ စိုထိုင်းဆများအတိုင်း ထိန်းညှိ၍ Good Storage Practice (GSP) ဖြင့် ထိန်းသိမ်းပါကြောင်း၊ ဆေးဝါးများထုတ်လုပ်ရာတွင် Good Manufacturing Practice (GMP) စနစ်နှင့်အညီ ထုတ်လုပ်၍ အရည်အသွေး ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို တိတိကျကျချမှတ်ဆောင်ရွက်၍ ကျန်းမာရေးဝန်ကြီးဌာနအပါအဝင် အခြားသော ဝန်ကြီးဌာနများ၏ လိုအပ်ချက်နှင့်အညီ ဆေးရုံများသို့ တိုက်ရိုက်ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း။

## ထုပ်ပိုးမှုပုံစံအသစ်

ဈေးကွက်အတွင်းရောက်ရှိနေသော ပြည်သူလူထုအတွက် အန္တရာယ်ရှိသည့် BPI အမှတ်တံဆိပ်ဆေးဝါးအတုများ၊ သက်တမ်းလွန်ဆေးဝါးများကို ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်းက ရှာဖွေ၊ စစ်ဆေး၊ အရေးယူမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော BPI အမှတ်တံဆိပ်ဆေးဝါးများကို အတုအပပြုလုပ်ခြင်းမှ ကာကွယ်နိုင်ရေးနှင့် ထုပ်ပိုးအရည်အသွေးပိုမိုကောင်းမွန်စေရေးအတွက် ဆေးပြား ၆၉ မျိုး၊ ဆေးမှုန့် တစ်မျိုးနှင့် ထိုးဆေး ၆၄ မျိုးတို့ကို ထုပ်ပိုးမှုပုံစံအသစ်ဖြင့် ပြောင်းလဲထုတ်လုပ်ခဲ့ပါကြောင်း။

ကင်ဆာဝေဒနာရှင်များအတွက် နာကျင်ကိုက်ခဲမှုသက်သာစေသော Morphine Sulfate Syrup နှင့် Morphine Sulfate Tablet တို့ကိုလည်း Stability Test စမ်းသပ်နေပြီး HIV နှင့် Hepatitis B ရောဂါဝေဒနာရှင်များအတွက် ကုသဆေးဖြစ်သည့် Tenofovir (300mg) ဆေးအသစ်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြွေဆိပ်ဖြေဆေး တိုးမြှင့်ထုတ်လုပ်ရေးအဆောက်အအုံကို ၂၀၁၆ ခုနှစ် မေ ၂၀ ရက်တွင် ဆေးဝါးစက်ရုံ(အင်းစိန်)တွင် ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

## ဈေးကွက်တွင် ရောင်းချနိုင်ခဲ့

ဆေးရုံသုံးခုတင်၊ ပရိဘောဂနှင့် ခွဲစိတ်ခန်းသုံးပစ္စည်းများကို Medical Grade နှင့်အညီ စတီးလ်ပစ္စည်းများဖြင့် ထုတ်လုပ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ဖြန့်ဖြူးပေးလျက်ရှိပြီး Locker တွဲဆက်ထားသည့် ဆေးရုံသုံးခုတင်နှင့် Medicine Cupboard တို့ကို စမ်းသပ်ထုတ်လုပ်လျက်ရှိပါကြောင်း၊ လယ်ယာသုံးစက်နှင့် စက်ကိရိယာပစ္စည်းများကို တောင်သူများ၏ လိုအပ်ချက်နှင့်အညီ တီထွင်ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ ဖွဲ့ လယ်ထွန်စက်များ၏ Hydraulic System နှင့် Clutch ပိုင်းဆိုင်ရာများ ပြုပြင်ပြောင်းလဲခြင်း၊ ဓရာ (၁) လက်တွန်းထွန်စက်၊ စပါးခြွေလှေ့စက်နှင့် ဆန်စက်ငယ်များအား စွမ်းဆောင်မှု ပိုမိုရရှိစေရန် ပြုလုပ်တီထွင်မှုများ ပြုလုပ်ပြီး ဈေးကွက်တွင် ရောင်းချနိုင်ခဲ့ပါကြောင်း။

နိုင်ငံပိုင်စက်ရုံများအား ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ နည်းပညာနှင့် အရင်းအနှီးများ ထပ်မံထည့်ဝင်စေပြီး ပုဂ္ဂလိက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ စက်မှုဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်တွင် စက်ရုံပေါင်း ၁၁၈ ရုံရှိသည့်အနက် စက်ရုံ ၅၉ ရုံအား ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

SME များအား ငွေကြေးအရင်းအနှီးရရှိစေရန် ပံ့ပိုးပေးနိုင်ရေးအတွက် နိုင်ငံတော်၏ ချေးငွေဖြင့် လုပ်ငန်းရှင် ၄၅၆ ဦးနှင့် ဂျပန်နိုင်ငံ၏ Two Step Lone ချေးငွေဖြင့် လုပ်ငန်းရှင် ၁၈၉ ဦးတို့အား ချေးငွေထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း၊ ဗဟိုဘဏ်ဥပဒေအရ ချေးငွေကာလမှာ တစ်နှစ်ဖြစ်သော်လည်း နိုင်ငံတော်အထူးချေးငွေ၊ ဂျပန်နိုင်ငံ၏ Two Step Loan ချေးငွေတို့ဖြင့် ငါးနှစ်ကာလအထိ ထုတ်ချေးပေးနိုင်ခဲ့ပြီး လုပ်ငန်းရှင်များ၏ ရင်းနှီးလည်ပတ်မှု အားကောင်းလာစေရန် ပံ့ပိုးပေးနိုင်ခဲ့ပါကြောင်း။

## လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး

လုပ်ငန်းရှင် ၆၄၈ ဦးကို ချေးငွေရရှိရေးအတွက် ထောက်ခံချက်ပေးပြီး ဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ်တွင် CB ဘဏ်တစ်ခုတည်းသာ CGI စနစ်ကို စတင်ကျင့်သုံးခဲ့သော်လည်း KBZ Bank နှင့် SMIDB ဘဏ်တို့မှ CGI စနစ်အား ကျင့်သုံးလိုသဖြင့် တွေ့ဆုံညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ထိုင်းနိုင်ငံ KASIKORN BANK မှလည်း မြန်မာနိုင်ငံ၏ SME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် သတင်းထောက်များ၏ မေးမြန်းချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖြေကြားကြသည်။

## ကျောက်ဖြူစီမံကိန်း

**ကျောက်ဖြူ-ထားဝယ်စီးပွားရေးဇုန် နောက်ဆုံးအခြေအနေနှင့် သင်္ကြန်ကာလ လေးရက်အတွင်း နယ်စပ်ဂိတ်များ ပိတ်ထားခဲ့မှုနှင့် စပ်လျဉ်းသည့် မေးခွန်းများနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် တာဝန်ရှိသူများက ဖြေကြားရာတွင် ကျောက်ဖြူစီမံကိန်းကို တရုတ်နိုင်ငံဘက်မှ ကုမ္ပဏီတစ်ခုက တင်ဒါအောင်မြင်ထားပြီးဖြစ်သည့်အတွက် EIA,SIA ကိစ္စများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မကြာမီရက်ပိုင်းအတွင်းမှာလည်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်ပြီး ကျောက်ဖြူနှင့် စစ်တွေဒေသများသို့ သွားရောက်ရန်ရှိပါကြောင်း၊ နှစ်ဖက်သဘောတူညီချက်အတိုင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သင်္ကြန်ကာလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများကို ပိတ်ရက်မရှိ ဆောင်ရွက်နေပါကြောင်း၊ ထားဝယ်စီးပွားရေးဇုန်နှင့်စပ်လျဉ်းပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ကုန်ဈေးနှုန်းမြင့်တက်နေမှုအတွက် ထိန်းချုပ်နေမှုနှင့် နယ်လိုင်စင်မော်တော်ယာဉ်များ မူဝါဒပြောင်းလဲရန် ရှိ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်နှင့် တာဝန်ရှိသူများက ကုန်သွယ်မှုမြှင့်တင်ရေး လျင်မြန်ချောမွေ့စေရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်စေရေးအတွက် UMFCCI အပါအဝင် ညီနောင်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ကုန်စည်များ တင်ပို့ခြင်း၊ တင်သွင်းခြင်း မြန်ဆန်စေရန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ Consignment နှင့် တင်သွင်းထားသည့် မော်တော်ယာဉ်များအား သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်တင်ပို့ရန် ၅၀၀၀ ကျော်ရှိသော်လည်း လုပ်ငန်းရှင်များနှင့် နိုင်ငံသားများ နစ်နာမှုမရှိစေရန် နည်းလမ်းရှာဖွေဆောင်ရွက်လျက်ရှိပါကြောင်း အတည်ပြုချက်ရရှိပါက ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ပဲတင်ပို့မှု အခွန်

**မြန်မာ-အိန္ဒိယနှစ်နိုင်ငံအစိုးရများအကြား ပဲတင်ပို့ရန် အစီအစဉ် ရှိ မရှိ အိန္ဒိယနိုင်ငံအနေဖြင့် ပဲတင်သွင်းမှုအတွက် အခွန်တိုးကောက်ရန် အစီအစဉ်ရှိ မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍** အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က အိန္ဒိယနိုင်ငံသို့ အစိုးရများအကြား ပဲတင်ပို့ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံမှ အများဆုံး ပဲတင်ပို့နိုင်မှုမှာ တန် ၁ ဒသမ ၈ သန်းခန့်သာ ရှိပါကြောင်း၊ အိန္ဒိယသို့ တန်ချိန် တစ်သန်းခန့်သာ တင်ပို့နိုင်ပါကြောင်း၊ တန်ချိန် သိန်းဂဏန်းက စတင်ဆောင်ရွက်ပါက ဖြစ်နိုင်မည်ဟု ညှိနှိုင်းထားပါကြောင်း၊ လက်မှတ်ထိုးမည့် MoU မူကြမ်းကို သံရုံးမှ ပြန်လည်ပေးပို့ထားပါကြောင်း၊ နိုင်ငံပိုင်အဖွဲ့အစည်းက ကိုင်တွယ်ဆောင်ရွက်ရန် အိန္ဒိယအနေဖြင့် တောင်းဆိုနေပါကြောင်း၊ ဆောင်ရွက်ပေးနိုင်သည့် အတိုင်းအတာကို အကြောင်းကြားထားသော်လည်း အကြောင်းပြန်ခြင်း မရှိသေးပါကြောင်း၊ ပဲတင်ပို့မှု အခွန်တိုးကောက်ရန်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံက ထုတ်လုပ်သည့် သက်သေခံလက်မှတ်ပါပါက အခွန်တိုးကောက်မည် မဟုတ်ပါကြောင်း ဖြေကြားသည်။

**မြန်မာနိုင်ငံသို့ အမေရိကန်အစိုးရမှ ပေးလိုက်သည့် GSP အခွင့်အရေးနှင့် ပတ်သက်ပြီး ပို့ကုန်တင်သွင်းမှု၌ အသုံးချနေမှုနှင့် တစ်ဦးချင်းကားတင်သွင်းမှုနှင့် စပ်လျဉ်း၍** မူဝါဒပြောင်းလဲခြင်း ရှိ၊ မရှိ မေးခွန်းတို့အပေါ် ဖြေကြားရာတွင် အမေရိကန် GSP အခွင့်အရေးကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ပေးခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ကုမ္ပဏီတစ်ခုသာ စတင်လျှောက်ထားသေးပါကြောင်း၊ အမေရိကန် GSP အခွင့်အရေးများနှင့် စပ်လျဉ်း၍ စီးပွားရေးသတင်းဂျာနယ်၌ အသေးစိတ်ဖော်ပြခဲ့ပါကြောင်း၊ GSP အခွင့်အရေးကို အသုံးပြုရန် သက်ဆိုင်ရာအဖွဲ့အစည်းများသို့ အသိပေးပြီးဖြစ်ပါကြောင်း၊ ၂၀၁၇ ခုနှစ်အတွက် ကားတင်သွင်းမှုနှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

## အမျိုးသားပညာရေးဥပဒေ

**အမျိုးသားပညာရေးနည်းဥပဒေ ဆောင်ရွက်နေမှုကိစ္စ၊ ဆရာ ဆရာမများအား လိုင်စင်ထုတ်ပေးရန် အစီအစဉ် ရှိ မရှိ၊ လာမည့်နှစ်အတွက် နေ့စားလစာပေးဆရာဆရာမများခန့်ထားမည့် အရေအတွက်၊ တစ်ဘာသာဖြေဆိုရုံဖြင့် စာမေးပွဲအောင်မြင်သည်ဟု ဝေဖန်နေသည့်ကိစ္စများနှင့် ပတ်သက်သည့် မေးခွန်းများနှင့်စပ်လျဉ်း၍** ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် တာဝန်ရှိသူများက အမျိုးသားပညာရေးဥပဒေကို ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ နည်းဥပဒေနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကျောင်းဥပဒေ ထွက်ရှိလာပါက ဆရာ ဆရာမများအတွက် လိုင်စင် သို့မဟုတ် သတ်မှတ်ချက်တစ်ခုခု ဖြစ်ဖြစ်၊ ပညာအရည်အချင်းဖြစ်ဖြစ် တစ်ခုခုဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် နေ့စားလစာပေး ဆရာ ဆရာမများကို ခန့်အပ်ရန်မှာ ဒေသလိုအပ်ချက်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တစ်ဘာသာ ဖြေဆိုသည်ဆိုသည်မှာ နောက်ဆုံးစာမေးပွဲ ဖြစ်ပါကြောင်း၊ စာမေးပွဲအောင်တာနှင့် စာတတ်တာ ကွဲပြားဖို့လိုပါကြောင်း၊ စာသင်ချိန် ၁၀ လရှိပြီး စာမေးပွဲဆိုသည်မှာ နှစ်နာရီစာသာ မေးခြင်းဖြစ်ပါကြောင်း၊ ဆန်းစစ်မှုများမှာ တစ်လျှောက်လုံး ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ မတတ်သေးလျှင်လည်း တတ်အောင် သင်ကြားပေးပါကြောင်း၊ စာမေးပွဲ နှစ်နာရီစာဖြင့် အောင်/ရှုံးကို မဆုံးဖြတ်ဘဲ တစ်နှစ်လုံးဆန်းစစ်ချက်များဖြင့် ပေါင်းစပ်ပြီးမှသာ အောင်/ရှုံးကို ဆုံးဖြတ်ခြင်း ဖြစ်ပါကြောင်း ဖြေကြားသည်။

**တက္ကသိုလ်များ ဗဟိုအုပ်ချုပ်မှုလျှော့ချပြီး လွတ်လပ်ခွင့်ပေးရန် အစီအစဉ် ရှိ မရှိ၊ ရန်ကုန်တက္ကသိုလ်သမဂ္ဂ ပြန်လည်တည်ဆောက်မည့်အစီအစဉ်နှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် တာဝန်ရှိသူများက တက္ကသိုလ်များကို လွတ်လပ်ခွင့်ပေးထားပါကြောင်း၊ ဘဏ္ဍာငွေခွဲဝေရေးကိစ္စကိုသာ ကြီးကြပ်ဆောင်ရွက်ပါကြောင်း၊

စာမျက်နှာ ၁၁ သို့ ❒

# BIMSTEC ၏ (၉) ကြိမ်မြောက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ခွဲ အစည်းအဝေးကျင်းပ

**ရန်ကုန် ဧပြီ ၂၆**
ဘင်္ဂလားပင်လယ်အော်ဒေသတွင်း နိုင်ငံများ နည်းပညာနှင့် စီးပွားရေး ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (BIMSTEC) ၏ (၉) ကြိမ်မြောက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ခွဲ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၆ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Novotel ဟိုတယ်၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟန်ထူး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ဘင်းမ်စတက်အတွင်းရေးမှူးချုပ် Ambassador Sumith Nakandalaနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘူတန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံ၊ နီပေါနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် Ambassador Sumith Nakandalaတို့က အမှာစကားပြောကြားသည်။




အဆိုပါအစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများအကြား ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးကဏ္ဍများ ပိုမိုတိုးတက်ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှု ဖြစ်ပေါ်လာစေရေးအတွက် ဆောင်ရွက်ဆဲလုပ်ငန်းလိုအပ်ချက်များကို ဖော်ထုတ်သုံးသပ်ခြင်း၊ BIMSTEC၏ ကြိုးပမ်းဆောင်ရွက်မှုဖြစ်သည့် ငွေရေးကြေးရေးကဏ္ဍနှင့် သက်ဆိုင်သည့် Cyber ခြိမ်းခြောက်မှုများ၊ တရားမဝင်ငွေကြေးစီးဆင်းမှုများ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းရည်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်သည့် အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနှင့် ဒေသတွင်း အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခြင်းနှင့်ပတ်သက်သည့် ကိစ္စရပ်များနှင့် အဖွဲ့ဝင်နိုင်ငံများအကြား ခိုင်မာသော ဥပဒေမူဘောင်လုပ်ထုံးလုပ်နည်းများ တိုးတက်စေရေး ရှေ့လုပ်ငန်းစဉ်များချမှတ်ရန် ဆွေးနွေးခြင်းတို့ကို ဧပြီ ၂၇ ရက်အထိ ကျင်းပဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိကာယ်စာမေးပွဲ ကျင်းပမည်

**ရန်ကုန် ဧပြီ ၂၆**
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော ၂၀၁၇ ခုနှစ် နိကာယ်စာမေးပွဲကို ၁၃၇၉ ခုနှစ် နယုန်လဆန်း ၁၁ ရက်မှ ၁၅ ရက်အထိ (၂၀၁၇ ခုနှစ် ဇွန် ၅ ရက်မှ ၉ ရက် အထိ) ငါးရက်တိုင်တိုင် သတ်မှတ်ထားသည့် စာဖြေဌာနများ၌ တစ်ပြိုင်နက်တည်း ကျင်းပမည် ဖြစ်သည်။

စာမေးပွဲကျင်းပစဉ်အတွင်း ကျမ်းစာအလိုက်သတ်မှတ်ထားသော ပြဌာန်းကျမ်းစဉ်အတိုင်း နေ့စဉ်မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ဖြေဆိုခွင့်ပြုမည်ဖြစ်ကြောင်းနှင့် စာမေးပွဲအချိန်စာရင်းများကို သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့များသို့ ဆက်လက်ပေးပို့မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြစ်ရေ မြင့်တက်လာနိုင်

**နေပြည်တော် ဧပြီ ၂၆**
ဧရာဝတီမြစ်ရေသည် ယနေ့ညနေ ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ မြစ်ကြီးနားမြို့တွင် ၅၃၁ စင်တီမီတာသို့ ရောက်ရှိခဲ့ပြီး နှစ်ရက်အတွင်း ခုနစ်ပေခန့်မြင့်တက်ခဲ့ကာ ဗန်းမော်မြို့နှင့် ရွှေကူမြို့တို့တွင် တစ်ရက်အတွင်း နှစ်ပေခွဲမှ ငါးပေခန့်အထိ မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် နောက်တစ်ရက်မှ သုံးရက်အတွင်း ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် တစ်ပေခွဲမှ ငါးပေခွဲခန့်၊ နောက်နှစ်ရက်မှ ငါးရက်အတွင်း သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် သုံးပေမှ ငါးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ထူးခြားမြစ်ရေကြောင့် မြစ်ကြောင်းအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများ မြစ်ရေမြင့်တက်လာနိုင်မှုကို ဂရုပြုနေထိုင်သင့်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **(ကြေးမုံ)**




# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက် ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၂၄-၄-၂၀၁၇ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ၂၀-၃-၂၀၁၇ ရက်နေ့မှ ၃၁-၃-၂၀၁၇ ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ နှစ်ဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်နှစ်ဦး၊ မဂ္ဂဇင်းနှစ်ဦးနှင့် အထွေထွေနှစ်ဦး၊ ပေါင်းခြောက်ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်လိုသူ သုံးဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၂၁ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၀၈၆ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၆၄ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၅၇၁ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# မြို့နယ်အဆင့် စည်ပင်သာယာရေးကော်မတီ ပြန်လည်ဖွဲ့စည်းရေးစည်းဝေး

**ဒိုက်ဦး ဧပြီ ၂၆**
ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ပြန်လည်ဖွဲ့စည်းရေးအတွက် မူဘောင်နှင့်အညီဖွဲ့စည်းရန် လုပ်ထုံးလုပ်နည်း၊ မူဘောင်သတ်မှတ်ခြင်းဆိုင်ရာ အစည်းအဝေးကို မြို့နယ်ကောလိယခန်းမ၌ ဧပြီ ၂၆ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးငွေလှိုင်၊ ရဲမှူး ဦးမောင်ကိုနှင့်မြို့နယ်စည်ပင်သာယာရေးကော်မတီ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းဇော်မိုး၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ အပါအဝင် စုစုပေါင်း အင်အား ၅၈ ဦးတက်ရောက်ကြသည်။

မြို့နယ်ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူးက ရွေးချယ်ပွဲလုပ်ထုံးလုပ်နည်းများကို ရှင်းလင်းဆွေးနွေးသည်။

**ဆရာခ(ဒိုက်ဦး)**

❖ **(၂)ကြိမ်မြောက်မှ**
ထီအုပ်ရေ ၄၂၇၂၇ အုပ်ဖြစ်၍ ထီစာအုပ်ပေါင်း ၂၆၆၀၉၀၃ အုပ်ဖြစ်ပြီး ထီလက်မှတ်ပေါင်း ၂၉၂၆၉၉၃၃ စောင် ရောင်းချခဲ့ရကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

အဆိုပါ ထီလက်မှတ်များ ရောင်းချရငွေစုစုပေါင်းမှာ ကျပ်သန်းပေါင်း ၁၃၃၀၄ ဒသမ ၅၁၅ ဖြစ်ပြီး ထီလက်မှတ်စာအုပ်များ ရောင်းချရငွေ၏ ၆၀ ရာခိုင်နှုန်းကို ထီဆုငွေအဖြစ် ပြန်လည်ခွဲဝေပေးခြင်းဖြစ်ရာ ချီးမြှင့်မည့်ဆုငွေပေါင်းမှာ ကျပ်သန်းပေါင်း ၇၉၈၂ ဒသမ ၇၀၉ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆုငွေများကို ခွဲဝေချီးမြှင့်ရာတွင် အထူးဆုကြီးစနစ်တွင် ကျပ်သိန်းတစ်သောင်း တစ်ဆု၊ ကျပ်သိန်းငါးထောင်ဆု တစ်ဆု၊ ကျပ်သိန်းတစ်ထောင်ဆု တစ်ဆု၊ ဆုတစ်ဆုချင်းစနစ်တွင် ကျပ်သိန်းတစ်ရာဆု ၃၂ ဆု၊ ကျပ်သိန်းငါးဆယ်ဆု ၃၈ ဆု၊ ကျပ်ဆယ်သိန်းဆု ၄၂ ဆု၊ ဝဝဝဆာဆာ ပဒေသာဆုမဲစနစ်တွင် ကျပ်သုံးသိန်းဆု ၁၀၀ ဆု၊ ကျပ်နှစ်သိန်းဆု ၁၀၀၀ ဆု၊ ကျပ်တစ်သိန်းဆု ၂၀၀၀၀ ဆု၊ ကျပ်ငါးသောင်းဆု ၇၀၀၀၀ ဆု စုစုပေါင်း ဆုမဲ ၉၂၂၀၅ ဆု ဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

အလားတူ မေ ၂ ရက်တွင် ကျင်းပမည့် (၂) ကြိမ်မြောက် ကျပ်၅၀၀ တန်ထီဖွင့်ပွဲတွင် အကွာရာ ဂေါ်လီလုံးအသစ်များကို စတင်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝဝ၁)**

## ပြည်တွင်းရေးရာ

❒ စာမျက်နှာ ၉ မှ

ပြည်သူ့ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးကို ပြည်ထောင်စုဝန်ကြီးကသာ တာဝန်ခံရပါကြောင်း၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂအဆောက်အအုံ တည်ဆောက်ရန် ဘတ်ဂျက်ပါရှိပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်၌ ငွေကျပ် ၅ ဒသမ ၂ ဘီလီယံကို အတည်ပြု ရရှိ ထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

**အချိန်ကာလအလျောက် တိုက်ဆိုင်နေ**

**အစိုးရသစ် တစ်နှစ်ပြည့်တွင် နိုင်ငံပိုင်သတင်းစာများ၌ အင်တာဗျူးများဖော်ပြခဲ့မှုနှင့်**ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယခုအစိုးရသစ် တစ်နှစ်ပြည့်ချိန်တွင် တစ်နှစ် တာကာလအတွင်း ဆောင်ရွက်ချက်များကို ပြန်လည် သုံးသပ်ခြင်း၊ မီဒီယာများနှင့် ထိတွေ့ပြောဆိုခြင်း အစီ အစဉ်ကို ဆောင်ရွက်ပါကြောင်း၊ ဝန်ကြီးဌာနအလိုက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ခြုံငုံသုံးသပ်ခြင်း၊ အများ၏ အမြင်များကို ပြောနိုင်ရန် ဆောင်ရွက်ထားခြင်းများရှိပါကြောင်း၊ တစ်ချိန်တည်းတွင် နှစ်သစ်ကူးနှင့်ပတ်သက်၍ နှစ်သစ်ဆုတောင်းများ ပြောဆိုရန်ရှိပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ခြင်းသည် မူဝါဒနှင့် မသက်ဆိုင်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၏ အလုပ်ကို ပုံမှန်ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း၊ အစိုးရ၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ပြင်ပမှသုံးသပ်ချက်များကို ရယူပါကြောင်း၊ ထင်ထင်ရှားရှားဖြစ်သည့် ပုဂ္ဂိုလ်များကိုမေးမြန်း၍ ဖော်ပြခြင်းဖြစ်ပါကြောင်း၊ အစိုးရတစ်နှစ်ပြည့်မြောက်သည့်အချိန်တွင် လုပ်ခဲ့သည့် အစီအစဉ်များထဲက တစ်ခုသာဖြစ်ပါကြောင်း ဖြေကြားသည်။

**တရားမျှတစွာဖြင့် မှန်မှန်ကန်ကန် ရွေးချယ်ခဲ့**

**ပုဂ္ဂလိကကုမ္ပဏီ ငါးခုအား Content Provider များအဖြစ် လုပ်ပိုင်ခွင့်ပေးခြင်းနှင့် စပ်လျဉ်း၍** မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက Content Provider များ ရွေးချယ်ရာတွင် ပွင့်လင်းမြင်သာမှု၊ ငွေကြေးရင်းနှီးမြှုပ်နှံမှု နှင့်ပတ်သက်၍ ခိုင်မာမှု၊ တရားဥပဒေလိုက်နာမှု၊ လက်ရှိထုတ်ပြန်သည့် မူဝါဒနှင့် နောင်အခါအားလျော်စွာ ထုတ်ပြန်မည့် မူဝါဒများအား လိုက်နာနိုင်မှု ရှိ၊ မရှိ၊ လိုအပ်သည့် ငွေကြေးများ ပေးချေနိုင်ခြင်း၊ ပစ္စည်းများ ဝယ်ယူတပ်ဆင်နိုင်ခြင်း ရှိ၊ မရှိ အသေးစိတ်မေးမြန်းပြီး တကယ်လုပ်နိုင်မည့် ကုမ္ပဏီ ငါးခုကို ရွေးချယ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ပေးနိုင်သည့် Channel သည် ငါးခု ဖြစ်သည့်အတွက် အဆင့်ဆင့် စနစ်တကျ ရွေးချယ်ခဲ့ပါကြောင်း၊ ပုဂ္ဂိုလ်ရေးအရ ချစ်ခြင်း၊ မုန်းခြင်း မရှိဘဲ တရားမျှတစွာဖြင့် မှန်မှန်ကန်ကန် ရွေးချယ်ခဲ့ခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

**အမျိုးသားစာပေဆု**

**အမျိုးသားစာပေဆုရွေးချယ်ရေးနှင့်ပတ်သက်၍** ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က အမျိုးသားစာပေဆု အမျိုးအမည် များစွာရှိပါကြောင်း၊ တစ်ခုစီအတွက် ရွေးချယ်ရေးဆပ်ကော်မတီများရှိပါကြောင်း၊ ဆုရွေးချယ်ရေးဆောင်ရွက်ရန် စာပေနယ်ပယ်တွင် ထင်ရှားသော၊ အများအသိအမှတ်ပြုသော ပုဂ္ဂိုလ်များကို ဆုရွေးချယ်ရေးအဖွဲ့ထဲတွင် ပါဝင်ရန် ဖိတ်ခေါ်ပါကြောင်း၊ ထင်ရှားသည့် ဆရာကြီးများ ဦးဆောင်ပြီး အမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့ကို ဖွဲ့စည်းရန် မိမိတို့က အပ်ပါကြောင်း၊ ရွေးချယ်သည့်အခါတွင်လည်း ယင်းအဖွဲ့အစည်းများက သတ်မှတ်သည့် စည်းမျဉ်းစည်းကမ်းများနှင့် ရွေးချယ်ပေးမည့် ရလဒ်များအတိုင်း ထွက်ပေါ်လာရန် ရှိပါကြောင်း ဖြေကြားသည်။

**သတင်းမီဒီယာသမားများ ကျင့်ဝတ်**

**သတင်းမီဒီယာသမားများ ကျင့်ဝတ်ဆိုင်ရာကိစ္စနှင့်ပတ်သက်၍** ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က သတင်းမီဒီယာသမားများ ကျင့်ဝတ်ကို ထိန်းသိမ်းရန်အတွက်မှာ သတင်းမီဒီယာသမားများကိုယ်တိုင် ဦးဆောင်၍ ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း၊ သတင်းမီဒီယာအဖွဲ့အစည်းများက အဓိကဦးဆောင်၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း မီဒီယာဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန် တာဝန်ရှိသည့်အတွက် မိမိတို့အနေဖြင့်လည်း သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မီဒီယာသမားများသည် ယခု လေး ၊ ငါးနှစ်အတွင်းတွင် ဖွံ့ဖြိုးလာသည့်အတွက် အားနည်းသည့်အပိုင်းများ ရှိသေးပါကြောင်း၊ ကျင့်ဝတ်ကိစ္စများ တိုးတက်ရန် သတင်းမီဒီယာသမားများအားလုံး ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အမြဲတမ်းပူးပေါင်းဆောင်ရွက်ရန် အဆင်သင့်ရှိပါကြောင်း ဖြေကြားသည်။

**ရခိုင်ပြည်နယ်အရေးကိစ္စ**

ရခိုင်ပြည်နယ်အရေးကိစ္စ သတင်းများရယူခွင့်နှင့်ပတ်သက်သည့် မေးခွန်းကို ဖြေကြားရာတွင် ရခိုင်ပြည်နယ် သတင်းများရယူခွင့်အပိုင်းတွင်လည်း သတင်းရယူနိုင်စေရန် အမြဲကြိုးစားပါကြောင်း၊ ယင်းနေရာနှင့်ပတ်သက်သည့် သတင်းများစွာ ထွက်ပါကြောင်း၊ သတင်းအများစုသည့် မမှန်သည့်သတင်းများဖြစ်ပါကြောင်း၊ International Crisis Group ( ICG ) အစီရင်ခံစာတွင် ရခိုင်မြောက်ပိုင်းနှင့်ပတ်သက်၍ သတင်းပြည့်ပြည့်ဝဝ ရရှိနိုင်ရန် ဆောင်ရွက်နိုင်ခဲ့ကြောင်းကို ရေးထားပါကြောင်း၊ မေးမြန်းသင့်သည့်နေရာများကို ပြည့်စုံအောင် မေးမြန်းနိုင်ခဲ့ကြောင်း၊ လိုအပ်သည့်အခါတွင် ဒေသစကားနားလည်သည့် စကားပြန်များအသုံးပြုခဲ့သည်ဟု သိရပါကြောင်း၊ မိမိတို့ ပြည်တွင်း၌ရှိသော သတင်းသမားများသည် ယင်းနေရာမှ သတင်းကိုရရန် ICG ထက် အားမနည်းပါကြောင်း၊ အထူးသဖြင့် ရခိုင်ပြည်နယ်တွင် နေထိုင်သည့် သတင်းသမားများသည် ယင်းအချိန်က သတင်းအမှန်များကို ပိုမိုသိနိုင်မည်ဟု မြင်ပါကြောင်း၊ ယင်းအချိန်က နိုင်ငံတကာက မမှန်မကန်သတင်းများကို ထုတ်လွှင့်နေချိန်တွင် မိမိတို့ မီဒီယာသမားများထဲမှ မောင်တောက အခြေအနေကို စုံစမ်းမေးမြန်းပြီး တွေ့ရှိခဲ့သည့် အခြေအနေမှန်ကို သတင်းထုတ်ပြန်ခြင်းမျိုး မတွေ့ခဲ့ရပါကြောင်း၊ သတင်းရရန် ခက်ခဲသည့်နေရာများရှိနိုင်ပါကြောင်း၊ သို့သော် မီဒီယာသမားများ တကယ်အားထုတ်ပါက ရနိုင်ပါကြောင်း ဖြေကြားသည်။




**ဒစ်ဂျစ်တယ်သတင်းစာ**

**ဒစ်ဂျစ်တယ်သတင်းစာ**နှင့်စပ်လျဉ်း၍ မေးမြန်းမှုကို ဖြေကြားရာတွင် ပုံနှိပ်မီဒီယာသည် ကမ္ဘာတွင် မေးမှိန်လာပါကြောင်း၊ နည်းပညာများ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ကမ္ဘာတစ်ဝန်းတွင် အွန်လိုင်းမီဒီယာလုပ်ငန်းများ ဆောင်ရွက်လာသည့်အတွက် အများနည်းတူကြိုးစားဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ပြည်သူများထံ သတင်းအချက်အလက်များ မြန်မြန်ဆန်ဆန် အသိပေးနိုင်ရန်ရည်ရွယ်ပါကြောင်း၊ မိမိတို့တိုင်းပြည်၏ ဆောင်ရွက်နေမှုများကို ပြည်တွင်း၊ ပြည်ပစာဖတ်ပရိသတ်များနှင့် တစ်ကမ္ဘာလုံးက သိရှိနိုင်ရန် သတင်းအချက်အလက်များကို မြန်မြန်ဆန်ဆန် အချိန်နှင့် တစ်ပြေးညီ အသိပေးလိုသည့် ရည်ရွယ်ချက်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်ကို အကောင်အထည်ဖော်ခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

**ဆေးဝါးထုတ်လုပ်နေမှု**

**BPI ဆေးဝါးစက်ရုံမှ ကင်ဆာဝေဒနာရှင်များအတွက် နာကျင်ကိုက်ခဲမှု သက်သာသည့် ဆေးဝါးထုတ်လုပ်နေမှု အခြေအနေနှင့်စပ်လျဉ်း၍** စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်က ကင်ဆာဝေဒနာရှင်များအတွက် နာကျင်ကိုက်ခဲမှု သက်သာစေရန် ဆေးဝါးထုတ်လုပ်ရာ၌ မော်ဖင်းနှင့် ကိုဒင်းတို့ ပါဝင်ပါကြောင်း၊ လိုအပ်သည့် မော်ဖင်းအား ပြည်ပမှ ဝယ်ယူတင်သွင်းပါကြောင်း၊ ကိုဒင်းအတွက် လိုအပ်သည့် ဘိန်းစိမ်းကီလို ၆၅၀၀ ဂရမ်ရရှိရန် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး တောင်းခံထားပါကြောင်း၊ ရရှိပါက ဘိန်းစိမ်းမှ ကိုဒင်းဖော့စဖိတ် ထုတ်လုပ်မည်ဖြစ်ပါကြောင်း၊ မော်ဖင်းမှ မော်ဖင်းဆေးတောင့် ထုတ်ယူမည်ဖြစ်ပါကြောင်း၊ အဆိုပါ ဆေးဝါးများကို ဆေးဝါးဖော်စပ်ပုံနည်းပညာအသစ်ဖြင့် သုတေသနပြုထုတ်လုပ်ထားခြင်းဖြစ်ပြီး ပြည်တွင်း၌ ဈေးနှုန်းသက်သာစွာဖြင့် ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ခုခံအားကျဆင်းမှုရောဂါနှင့် Hepatitis B ရောဂါများအတွက် ကုသဆေးဖြစ်သည့် Tenofovir (300 mg) အတွက် ဆေးဝါးထုတ်လုပ်မှုနည်းပညာကို အိန္ဒိယနိုင်ငံမှ ဝယ်ယူ၍ ဆေးဝါးစက်ရုံ (ရန်ကုန်)၌ စမ်းသပ်ထုတ်လုပ်နေပါကြောင်း၊ FDA လိုင်စင်ရရှိအောင် ဆောင်ရွက်နေပြီး ဈေးကွက်အတွင်း ဆက်လက်ရောင်းချနိုင်အောင် စီစဉ်နေပါကြောင်း၊ BPI ဆေးဝါးများ ထုတ်လုပ်ရာတွင် အရည်အသွေး ကောင်းမွန်မှု၊ လုံခြုံစိတ်ချရမှုနှင့် အာနိသင်ရှိရမည်ဟူသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။

**မှန်စားပွဲ ထုတ်လုပ်နေမှု**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒီဇိုင်းရေးဆွဲပေးသည့် မြန်မာမှုလက်ရာ ယွန်း၊ ကနုတ်၊ ပန်းပု တို့ဖြင့် ပေါင်းစပ်ထားသည့် မှန်စားပွဲ ထုတ်လုပ်နေမှုနှင့်စပ်လျဉ်း၍** ဖြေကြားရာတွင် မှန် အခြေပြု၍ ယွန်း၊ ကနုတ်ဖြင့် မှန်စားပွဲကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒီဇိုင်းရေးဆွဲပြီး အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းရှိ မှန်စက်ရုံ (ကျောက်ဆည်)က ထုတ်လုပ်ခြင်း ဖြစ်ပါကြောင်း၊ မြန်မာ့လက်မှုပညာကို ဈေးကွက်ရရှိရေး၊ အဆင့်မြင့် မှန်များကို အသုံးချရေးနှင့် ရောင်းချနိုင်ရေးစသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေပါကြောင်း၊ အဆိုပါ ရည်ရွယ်ချက်များဖြင့် စမ်းသပ်ထုတ်လုပ်ရောင်းချနေရာတွင် ခြောက်လအတွင်း စားပွဲခုံ ၂၀ ရောင်းချခဲ့ပြီး ဖြစ်ပါကြောင်း၊ အဆိုပါ မှန်စားပွဲများကို ဒီဇိုင်းပေါ် မူတည်၍ ငွေကျပ်တစ်သိန်းမှ နှစ်သိန်းဝန်းကျင်အထိရှိပြီး ဝယ်လိုအား လိုအပ်ချက်ပေါ် မူတည်၍ ဆက်လက်ထုတ်လုပ်ရောင်းချသွားမည် ဖြစ်ပါကြောင်း ဖြေကြားကြသည်။ **(သတင်းအဖွဲ့)**

# မိုးသက်လေပြင်းတိုက်ခတ်၍ မင်းပြား၌ မူလတန်းကျောင်းခေါင်မိုးလန်

**မင်းပြား ဧပြီ ၂၆**

ရခိုင်ပြည်နယ်၌ တိုက်ခတ်ခဲ့သော မာရသာမုန်တိုင်းအရှိန်ကြောင့် ရံဖန်ရံခါ မိုးသက်လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းများရှိရာ ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ ဧပြီ ၂၅ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မိုးသက်လေပြင်းတိုက်ခတ်ခဲ့သည်။

အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် မင်းပြားမြို့နယ် သံရှင်ကျေးရွာအုပ်စု နားဒင်းရွာဟောင်းကျေးရွာရှိ အမှတ် (၁၂၄) အခြေခံပညာမူလတန်းကျောင်း အလျားပေ ၆၀၊ အနံပေ ၃၀ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းကျောင်းခေါင်မိုးမှာ သွပ်အချပ် ၇၀ အမိုးလန်သွားကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးမိုးထွန်းနှင့် ဌာနဆိုင်ရာများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် သတင်းရလျှင်ရချင်း ယင်းကျေးရွာသို့သွားရောက်ပြီး လိုအပ်သည်များကို မှာကြားကာ သွပ်များလှူဒါန်းခဲ့ကြောင်း သိရသည်။ ရခိုင်ပြည်နယ်သည် မိုးများစွာရွာသွန်းပြီး သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသည့် ပြည်နယ်တစ်ခုလည်းဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**



## နှစ်(၆၀) ပြည့် ကြေးမုံသို့

❖နှစ်(၆၀) ဆိုတာ
ပညာပြည့်ဝ
နှလုံးလှတဲ့အရွယ်မို့. . .။ ။
❖ပြည်ကြီးမျက်လုံး
ပြည့်ပခုံးလို့
ဆိုထုံးစကား
ရှိထားသည်နှင့် အညီ. . .။ ။
❖"ကြေးမုံ" သည်
ပြည်ဝန်ကိုထမ်း
ပြည့်လမ်းကိုဖောက်
ပန်းတိုင်အရောက်
ချီတက်တူရူ
ပြည်သူနှင့်အတူ
ကူညီဖြည့်ရေး
အစဉ်တွေးလျက်
ဦးဆွေးဆံမြည့်
ဆက်၍ ဆက်၍
ပြည့်ပြည့်ဝဝ
ထမ်းရွက်နိုင်ပါစေလို့. . . .။ ။

**မောင်ထိန်ဝင်း(သစ်တော)**

## မော်တော်ယာဉ်တစ်စီး တောင်ပေါ် ကားလမ်းမပေါ်မှ ပေ ၇၀ ကျော်ခန့်ရှိ ချောက်ထဲထိုးကျ၊ တစ်ဦးသေဆုံး

**တာချီလိတ် မေ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု စန်းလုရွာနှင့် ယန်းခေါင်ရွာကြား၌ မေ ၂၅ ရက် ညနေ ၄ နာရီခန့်က တောင်ပေါ် ကားလမ်းမပေါ်မှ ပေ ၇၀ ကျော်ခန့်ရှိ ချောက်ထဲသို့ မော်တော်ယာဉ်တစ်စီးထိုးကျကာ အမျိုးသားတစ်ဦးသေဆုံးပြီး ကလေးငယ်တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ မေ ၂၅ ရက် ညနေ ၄ နာရီခန့်က တာချီလိတ်မြို့မှ ၁၀ မိုင်ခန့်အကွာ လွယ်တော်ခမ်းကျေးရွာအုပ်စု ယန်းခေါင်ရွာနှင့် စန်းလုကျေးရွာအုပ်စု စန်းလုရွာကြား တောင်ပေါ်ကားလမ်းမပေါ်တွင် စန်းလုရွာမှ ယန်းခေါင်ရွာသို့ အားဝူမောင်းနှင်ပြီး ရှေ့ခေါင်းခန်းဝဲဘက်တွင် တူဖြစ်သူမောင်အားမူ လိုက်ပါလာသည့် VIGO အဖြူရောင် မော်တော်ယာဉ်သည် တောင်ပေါ်လမ်းအကွေ့အရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းဝဲဘက် ပေ ၇၀ ကျော်ခန့်ရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်တိမ်းမှောက်မှုကြောင့် အားဝူ(၃၃)နှစ် ဂျော့ပရွာ လွယ်တော်ခမ်းကျေးရွာအုပ်စု တာချီလိတ်မြို့နယ်နေသူသည် နဖူး၊ လက်မောင်း၊ ခြေထောက်နှင့် ဝမ်းဗိုက်တို့တွင် ဒဏ်ရာများဖြင့် သေဆုံးနေပြီး မောင်အားမူ (၇)နှစ်သည် ဦးခေါင်းနောက်စေ့ပေါက်ပြဲ၊ ယာမျက်လုံးညိုမည်းဒဏ်ရာများဖြင့် သတိလစ်နေသည်ကို စစ်ဆေးတွေ့ရှိရ၍ တာချီလိတ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

အမှုအား တာချီလိတ်မြို့မရဲစခန်းက ယာဉ်(ပ) ၂၃/၂၀၁၇၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၇၉/၃၃၈/၃၀၄-က ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၁၁၁)

## ကြည့်မြင်တိုင် ဗားဂရာဆိပ်ကမ်း၌ ရန်ကုန်-စစ်တွေ ကုန်တင်စက်လှေ ထွက်ခွာစဉ်နစ်မြုပ်

**ရန်ကုန် မေ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင် ဗားဂရာဆိပ်ကမ်း အမှတ်(၁) တံတားမှ ရန်ကုန်-စစ်တွေသွား MV-ရွှေလက်ဝါးစက်လှေသည် မေ ၂၆ ရက် ညနေ ၆ နာရီ မိနစ် ၂၀ ခန့်က ထွက်ခွာစဉ် တိမ်းစောင်းနစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေယာဉ်မှူး ဦးမင်းကိုကို စမ်းချောင်းမြို့နယ်နေသူနှင့် သင်္ဘောသားရှစ်ဦးပါ MV-ရွှေလက်ဝါးစက်လှေသည် ကုန်ပစ္စည်းများ တင်ဆောင်ပြီး ရန်ကုန်မှ စစ်တွေသို့ ဆိပ်ခံမှထွက်ခွာစဉ် တိမ်းစောင်းနစ်မြုပ်သွားခဲ့သည်။

အဆိုပါ စက်လှေပိုင်ရှင်မှာ စစ်တွေမြို့နေ ဦးရွှေမောင်ဖြစ်ပြီး ကုန်တန်ချိန် ၃၅၀ ရှိကြောင်းနှင့် ကားနှစ်စီးတွေ့ရကြောင်း၊ အနီးရှိ MV-ရဲထွန်းအောင်(၃)မှ ကူညီဆယ်ယူပေးခဲ့ကြောင်းနှင့် စက်လှေနစ်မြုပ်မှုအား သက်ဆိုင်ရာမှ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကျော်လှိုင်(ကမာရွတ်)

■





## ကျွန်းလှမြို့နယ်တွင် လေပြင်းတိုက်ခတ်၍ စေတီတစ်ဆူစိန်ဖူးတော်မြေခ

**ကျွန်းလှ မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် အင်တိုင်းကျေးရွာ အရှေ့ဘက်တစ်မိုင်ခန့်အကွာ တောရရွှေကျင်ကျောင်းတိုက်တွင် မေ ၂၅ ရက် ည ၇ နာရီ ၄၅ မိနစ်က လေပြင်းတိုက်ခတ်၍ စေတီတစ်ဆူမှ စိန်ဖူးတော်မြေခသွားကြောင်း သိရသည်။

အဆိုပါ မြေခသွားသော စိန်ဖူးတော်အား ကျေးရွာတာဝန်ရှိသူများနှင့် ရွာသူရွာသားများ ပူးပေါင်းပြီး ပြန်လည်ပြုပြင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

## ကားဒက်ရှ်ဘုတ်နှင့် ဆီတိုင်ကီအတွင်း သို့ဝှက်သယ်ဆောင်လာသော ကျောက်စိမ်းတုံးများ သိမ်းဆည်းရမိ

**ရန်ကုန် မေ ၂၆**

မန္တလေးမြို့မှ မူဆယ်မြို့သို့ သွားရောက်မည့် Caldina Van ယာဉ်ပေါ်တွင် ကားဒက်ရှ်ဘုတ်နှင့် ဆီတိုင်ကီအတွင်း သို့ဝှက်သယ်ဆောင်လာသော ကျောက်စိမ်းဟု ယူဆရသည့် ကျောက်များ မေ ၂၄ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက အဆိုပါယာဉ်အား စစ်ဆေးရာတွင် ကျောက်စိမ်းဟုယူဆရသည့် ကျောက်များ ၂၁၄ ကီလိုဂရမ်ခန့်နှင့် သယ်ဆောင်သည့်ယာဉ်အပါအဝင် စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၂၂ ဒသမ ၇ သန်းအား သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် မြန်မာနိုင်ငံအထက်ပိုင်း ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သော မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၊ မြန်မာနိုင်ငံအောက်ပိုင်း ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သော မြဝတီ-ရန်ကုန်လမ်းပိုင်းတွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို မတ် ၁ ရက်မှ စတင်ဖွင့်လှစ်ကာ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် တရားမဝင်ကုန်စည်များကိုတားဆီးအရေးယူလျက်ရှိရာ မေ ၂၅ ရက်က ရေပူစစ်ဆေးရေးစခန်းတွင် တရားမဝင် ကုန်သွယ်မှုတားဆီးမှု ၆ မှု (ခန့်မှန်းတန်ဖိုးကျပ် ၃၁ ဒသမ ၉ သန်းခန့်)၊ မရမ်းချောင် စစ်ဆေးရေးစခန်းတွင် တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးကျပ် ၇ ဒသမ ၈၈၇ သန်းခန့်)ကို ဖမ်းဆီးခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

(၀၀၁)





## ညောင်လေးပင်မြို့၌ လုပ်ငန်းများ အစာအဆိပ်သင့်မှုဖြစ်ပွား

**ညောင်လေးပင် မေ ၂၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ မေ ၂၅ ရက် ညနေပိုင်းက ဈေးအရှေ့လမ်း ကုန်မျိုးစုံရောင်းဝယ်ရေးဆိုင် တစ်ဆိုင်တွင် အလုပ်လုပ်နေသော လူငယ်များ အစာအဆိပ်သင့်မှုဖြစ်ပွားကာ မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်းသိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့မွန်းတည့် ၁၂ နာရီတွင် နေ့လယ်ထမင်းစားချိန်ရောက်၍ ဆိုင်တွင်အတူ အလုပ်လုပ်ကိုင်ကြသူ လူငယ်ခြောက်ဦး ထမင်းချိုင့်များဖွင့်ကာ ကြက်သားဟင်း၊ ငါးဟင်း၊ ဖားဟင်း၊ ခရမ်းချဉ်သီးနှင့် ရောချက်သော ငါးခြောက်ဟင်း၊ ပဲပင်ပေါက်ကြော်၊ ငါးဖယ်ဟင်း၊ ဘဲဥဟင်း စသည့်ဟင်းများနှင့်အတူ စားသောက်ခဲ့ကြပြီး မွန်းလွဲ ၂ နာရီခွဲတွင် လူငယ်ငါးဦးမှာ အလုပ်လုပ်ကိုင်နေရာမှ မူးခြင်း၊ ဗိုက်အောင့်ခြင်း၊ အန်ခြင်းများဖြစ်ကာ တစ်ဦးမှာ သက်သာသဖြင့် ၃ နာရီခွဲခန့်တွင် လူငယ်လေးဦးအား ဆေးရုံသို့ပို့ခဲ့သည်။

အစာအဆိပ်သင့်ကာ ဝမ်းလျှောပြီး အန်ခြင်းဖြစ်ကြောင်း၊ ယခု အန်တာနှင့် ဝမ်းလျှောတာ ရပ်သွားပြီဖြစ်ကြောင်း၊ အစားမှား၍ဖြစ်ပြီး အခြေအနေစိုးရိမ်စရာမရှိကြောင်း မြို့နယ်ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန်တစ်ဦးက ပြောသည်။

ဆေးကုသမှုခံယူသူလူငယ်များမှာ ညောင်လေးပင်မြို့ မြို့မ(၄)ရပ်ကွက်နေ ဇင်မင်းအောင်(၁၈)နှစ်၊ ကြာအင်းကြီး ကျေးရွာနေသူများဖြစ်သော စည်သူလွင်(၁၇)နှစ်၊ စောလွှမ်းမိုး (၁၇)နှစ်နှင့် မြတ်လင်းဟိန်းတို့ ဖြစ်ကြကာ မြတ်လင်းဟိန်းမှာ ဆေးရုံရောက်သောအခါ သက်သာ၍ အိမ်ပြန်သွားခဲ့ပြီး ကျန်သုံးဦးသာ ဆက်လက်ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်ဆက်)

## အမြန်လမ်းမကြီးတွင် ကွန်တိန်နာယာဉ် တိမ်းမှောက်

**စကားအင်း မေ ၂၆**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး စကားအင်း အမြန်လမ်းရဲစခန်းအပိုင်တွင် မေ ၂၄ ရက် နံနက်ပိုင်းက ကွန်တိန်နာယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ မန္တလေးသို့ ငါးများတင်ဆောင်၍ ယာဉ်မောင်း မင်းဇော် မောင်းနှင်လာသော NISSAN အမျိုးအစား အဖြူရောင် အအေးခန်း ကွန်တိန်နာယာဉ်သည် မောင်းနှင်လာစဉ် ရှေ့ဘီးပေါက်ကာ လမ်း၏ညာဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်တွင် လိုက်ပါလာသူနှစ်ဦးမှာ ထိခိုက်ဒဏ်ရာမရရှိသော်လည်း ယာဉ်မှာ ရှေ့လေကာမှန်ကွဲ၊ ကွန်တိန်နာဘောက်မှာ အမိုးပွင့်ပျက်စီးခဲ့ကြောင်း သိရသည်။

"ဖြစ်သွားတာက ဟုတ်ပါတယ်ဗျ။ ကားကလည်း အမြန်လမ်းမကြီးပေါ်မောင်းခွင့်ကတ် ရထားတဲ့ကားပါ။ ရှေ့ဘီးပေါက်ပြီး လမ်းညာဘက်ခြမ်းကို ထိုးကျသွားတာပါ။ ယာဉ်က ငါးတွေတင်လာတဲ့ အအေးခန်း ကွန်တိန်နာကားပါ"ဟု စကားအင်း အမြန်လမ်းမကြီးရဲစခန်းမှ ဒုရဲအုပ်စန်းယုက ပြောသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်းအား စကားအင်း အမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်ထားကြောင်းသိရသည်။

ဖြိုးကိုလင်း(ညောင်ဝိုင်း)

အ ချိန် တိုင်း မီး သ တိ ပြု

# အလက်ဇစ်ဆန်းချက်ဇ်အား ပရီမီယာလိဂ်ပြိုင်ဘက်အသင်းများထံ ရောင်းချမည်မဟုတ်ကြောင်း အာစင်ဝင်းဂါးပြောကြား



အာဆင်နယ်အသင်း၏ အထားရသည့်အဓိကတိုက်စစ်မှူး အလက်ဇစ်ဆန်းချက်ဇ်အား ပရီမီယာလိဂ်ပြိုင်ဘက်အသင်းများထံ ရောင်းချလိမ့်မည်မဟုတ်ကြောင်း အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက ထုတ်ဖော်ပြောကြားလိုက်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ချီလီကြယ်ပွင့်အလက်ဇစ်ဆန်းချက်ဇ်သည် မန်စီးတီးအသင်းအား အာဆင်နယ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် အက်ဖ်အေဖလားဆီမီးဖိုင်နယ်ပွဲစဉ်တွင် အာဆင်နယ်အသင်းအတွက် အနိုင်ဂိုးသွင်းယူပေးခဲ့သူဖြစ်ပြီး အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်းတစ်နှစ် ကျန်ရှိနေသေးသော်လည်း စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုတော့မည်ဖြစ်ကြောင်းလည်း သိရသည်။

ထို့ပြင် နည်းပြအာစင်ဝင်းဂါးက အလက်ဇစ်ဆန်းချက်ဇ်အား မည်သည့်ပရီမီယာလိဂ်ပြိုင်ဘက်အသင်းကိုမဆို ရောင်းချမည်မဟုတ်သည်မှာ အမှန်ပင်ဖြစ်ကြောင်း၊ ဆန်းချက်ဇ်မှာ အာဆင်နယ်အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုလိမ့်မည်ဖြစ်ကြောင်းနှင့် အနာဂတ်ကာလတွင်လည်း လန်ဒန်မြောက်ပိုင်းကလပ် အာဆင်နယ်အသင်းတွင် ဆက်ရှိနေလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လက်ရှိတွင် တိုက်စစ်မှူး ဆန်းချက်ဇ်အား ပရီမီယာလိဂ်ပြိုင်ဘက်အသင်းများဖြစ်ကြသည့် မန်စီးတီးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

နည်းပြအာစင်ဝင်းဂါးသည်လည်း ယခုနှစ်ဘောလုံးရာသီကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သောကြောင့် နောက်ထပ်နှစ်နှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် ကမ်းလှမ်းထားသည်။**(ငွေကြယ်)**



# အမှတ်ပေးဇယားတွင် ခုနစ်မှတ်ဖြတ်၍ ချယ်လ်ဆီး ဆက်လက်ဦးဆောင် ပရီမီယာလိဂ်ဖလားဆွတ်ခူးရန် စွမ်းအားရှိနေဆဲဟု ကန်တီ ပြောကြား

ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၃၃)အဖြစ် ဆောက်သမ်တန်အသင်းအား အိမ်ကွင်းစတမ်းဖို့ဒ်ဘရစ်ချ်၌ ဧည့်ခံကစားခဲ့ရာ လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် အမှတ်ပေးဇယားတွင် ဒုတိယနေရာမှ စပါးအသင်းကို ခုနစ်မှတ်ဖြတ်၍ ထိပ်ဆုံး၌ ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

ဟာဇက်နှင့် ဒီယေဂိုကော်စတာတို့သည်လည်း ပုံမှန်ခြေစွမ်းပြန်လည်ရရှိခဲ့ပြီး ဟာဇက်ကတစ်ဂိုး၊ ကာဟေးကတစ်ဂိုးနှင့် ဒီယေဂိုကော်စတာက နှစ်ဂိုး စသည်ဖြင့် ဂိုးများသွင်းယူနိုင်ခဲ့သည်။

ဒီယေဂိုကော်စတာသည် အဆိုပါသွင်းဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ခုနစ်ပွဲအထိ ဂိုးပေါက်ပျောက်ဆုံးနေခဲ့မှုကိုလည်း အဆုံးသတ်နိုင်ခဲ့သည်။ တိုက်စစ်မှူး ဟာဇက်သည်လည်း ယခုသွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းနှင့်အတူ ပရီမီယာလိဂ်သွင်းဂိုး ၁၅ ဂိုးမြောက်သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သည့်ပွဲစဉ်က စပါးအသင်းနှင့် အက်ဖ်အေဖလားဆီမီးဖိုင်နယ်ပွဲစဉ်ကစားရန် ပြင်ဆင်နေခဲ့ရခြင်းကြောင့် မန်ယူအသင်းကို ရှုံးနိမ့်ခဲ့ရပြီး ချယ်လ်ဆီးအသင်းနှင့် အတူ အာဆင်နယ်၊ လီဗာပူး စသည့်အသင်းများလည်း ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

သို့ရာတွင် ချယ်လ်ဆီးအသင်းသည် ဆောက်သမ်တန်အသင်းနှင့် ပွဲစဉ်တွင် အနိုင်သုံးမှတ်အပြည့်ပြန်လည်ရယူနိုင်ခဲ့ပြီး အမှတ်ပေးဇယားတွင်လည်း ခုနစ်မှတ်ဖြတ်ကာ ဦးဆောင်ခွင့်ပြန်လည်ရရှိခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ရလဒ်ပိုင်းပြန်လည်ကောင်းမွန်လာခဲ့ခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီကုန်တွင် ချယ်လ်လ်ဆီးအသင်း ပရီမီယာလိဂ်ဖလားကို ရယူနိုင်မည့် စွမ်းအားရှိနေဆဲဖြစ်ကြောင်း ပီအက်ဖ်အေ၏ တစ်နှစ်တာကောင်းဆုံးကစားသမားဆုရှင် ကန်တီက ပြောကြားခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်လက်ကျန်ပွဲစဉ်များအဖြစ် အဲဗာတန်အသင်း၊ မစ်ဒယ်ဘရော့အသင်း၊ ဝက်စ်ဘရွန်းအသင်း၊ ဝက်ဖို့ဒ်အသင်း၊ ဆန်းဒါးလန်းအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရဦးမည်ဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီကုန်တွင် ပရီမီယာလိဂ်ဖလားကို ရယူဆွတ်ခူးနိုင်ရန် နီးစပ်မှုလည်း ရှိနေခဲ့ပြီဖြစ်သည်။

**(ငွေကြယ်)**

# ကတ်တလန်ဒါဘီမှာ ရုန်းကန်ရဖို့ရှိနေတဲ့ ဘာစီလိုနာ

**စပိန်လီဂါပွဲစဉ် ၃၅ ကိုလာမယ့်ဧပြီ ၂၉၊ ၃၀ နဲ့ မေ ၁၊ ၂ ရက်တွေမှာကျင်းပဖို့ရှိနေကာ အဆိုပါပွဲစဉ်မှာတော့ ကတ်တလန် ဒါဘီဖြစ်တဲ့ အက်စ်ပန်ညိုနဲ့ ဘာစီလိုနာပွဲပါဝင်နေသလို ရီးယဲလ်ကလည်း ဗလန်စီယာနဲ့ရင်ဆိုင်ရမှာဖြစ်တာကြောင့် စိတ်ဝင်စားဖွယ်ကောင်းနေပါတယ်။**

**ဗီလာရီးရဲ - ဂီဂျွန် နံနက် ၁း၁၅ (၂၉-၄-၁၇)**

ဗီလာရီးရဲဟာ ယူရိုပါလိဂ်ဝင်ခွင့်တစ်နေရာအတွက် အခုပွဲကိုအ နိုင်ကစားထားဦးမှာဖြစ်တယ်။ လက်ရှိခြေစွမ်းကလည်း ထက်မြက် နေတာကြောင့်အိမ်ကွင်းမှာဗီလာရီးရဲတို့ ဂီဂျွန်ကိုခြေစွမ်းအသာနဲ့ ကစားနိုင်ဦးမှာသေချာပါတယ်။ ဂီဂျွန်ကတော့တန်းဆင်းဇုန်ကလွတ် မြောက်ရေးကြိုးပမ်းနေတဲ့အသင်းဖြစ်ပြီးအခုပွဲမှာအမှတ်ခွဲယူနိုင်ဖို့ ပြင်ဆင်လာမှာပါ။ ဒါပေမယ့်အိမ်ရှင်အသင်း ဂိုးပြတ်နိုင်ပွဲရသွားမှာပါ။

**ဆိုစီဒက်စ် - ဂရန်နာဒါ ညနေ ၅း၃၀ (၂၉-၄-၁၇)**

ဆိုစီဒက်ဟာအသင်းကြီးတွေကို ပြန်လည်ဖိအားပေးကစားနိုင်တဲ့အသင်းဖြစ်ပြီး အိမ်ကွင်းမှာဆိုရင်ခြေစွမ်းပိုကောင်းတတ်ပါတယ်။ ဂရန်နာဒါကတော့ခြေစွမ်းပိုင်းသာမန်လောက်သာရှိနေလို့ ဆိုစီဒက် ကိုယှဉ်ကစားဖို့ဆိုတာအလွန်ခက်ခဲမှာဖြစ်တယ်။ ခြေစွမ်းပိုင်းကွာဟနေတာကြောင့် ဆိုစီဒက်ကပွဲချိန်အများအပြားဖိအားပေးကစားသွားနိုင်မှာဖြစ်ပြီး ဂိုးပြတ်နိုင်ပွဲရသွားဖို့ သေချာနေပါတယ်။

**ရီးရဲ - ဗလန်စီယာ ည ၇း၄၅ (၂၉-၄-၁၇)**

ရီးရဲမက်ဒရစ်ဟာချန်ပီယံဖြစ်ရေးအတွက် အခုလိုအိမ်ကွင်းပွဲ စဉ်မျိုးမှာအမှားခံမှာမဟုတ်ပါဘူး။ ရီးရဲရဲ့တိုက်စစ်ပိုင်းကဂိုးရဖို့ ခက်ခဲ တတ်ပေမယ့်လည်း အသင်းလိုက်ကစားအားကတော့တကယ့်ကို ကောင်းမွန်ပါတယ်။ ဗလန်စီယာကလည်း ခံစစ်ပိုင်းကိုကျစ်လျစ်စွာ ကစားလာမှာဖြစ်ပေမယ့်လည်းရေရှည်တောင့်ခံဖို့ခက်နေလို့ ရီးရဲတို့ ချန်ပီယံလိဂ်ကစားရဖို့ရှိနေပေမယ့် အိမ်ကွင်းမှာဂိုးပြတ်နိုင်ပွဲရသွားမှာပါ။

**အက်စ်ပန်ညို - ဘာစီလိုနာ နံနက် ၁း၁၅ (၃၀-၄-၁၇)**

ကက်တလန်ဒါဘီပွဲစဉ်ဖြစ်နေတာကြောင့် တကယ့်ကိုအကြိတ် အနယ်ရှိမယ့်ပွဲဖြစ်လာမှာပါ။ ပထမအကျော့မှာတော့ အိမ်ကွင်းမှာ ဘာစီလိုနာတို့ခြေစွမ်းပြနိုင်ခဲ့ပေမယ့်လည်းလက်ရှိမှာအ ဝေးကွင်းခြေ စွမ်းကျဆင်းနေတာကြောင့် အိမ်ရှင်အက်စ်ပန်ညောကို ခက်ခက်ခဲခဲကစားရဖို့ရှိနေပါတယ်။ သွင်းဂိုးတွေအပြန်အလှန်သွင်းနိုင်လို့ဂိုးများ မယ့်ပွဲဖြစ်လာဖို့သေချာနေပါတယ်။ ဒီပွဲမှာ အက်စ်ပန်ညိုတို့ အနည်းဆုံးသရေကစားနိုင်မှာပါ။

**အိုဆာစူနာ - ဒီပို့တီဗို ညနေ ၄း၃၀ (၃၀-၄-၁၇)**

အိုဆာစူနာဟာခြေစွမ်းပိုင်းကျဆင်းနေပြီး အခုကစားမယ့်အိမ် ကွင်းပွဲမှာလည်းနိုင်ပွဲရယူနိုင်ဖို့ခက်ခဲနေဦးမှာဖြစ်တယ်။ အိုဆာစူနာ ဟာတန်းဆင်းရဖို့အလွန်နီးစပ်နေတဲ့အသင်းဖြစ်တာကြောင့် ဒီပို့တီဗို ကသာခြေစွမ်းအသာနဲ့ဖိအားပေးသွားနိုင်မှာပါ။ ဒီပို့တီဗိုကတော့ တန်းမဆင်းရရေးသေချာစေဖို့ဒီပွဲကိုအနိုင်ကစားရဦးမှာပါ။ ခြေစွမ်းပိုင်းမှာ ဒီပို့တီဗိုကအသာရနိုင်တာကြောင့် သွင်းဂိုးများမယ့် ပွဲဖြစ်လာနိုင်ပါတယ်။ ဒီပို့တီဗိုနိုင်ပွဲကပ်ရသွားနိုင်ပါတယ်။

**ဘတ်တစ် - အလာဗက်စ် ည ၇း၄၅ (၃၀-၄-၁၇)**

နှစ်သင်းစလုံးခြေစွမ်းပိုင်းကွာဟမှုကျဉ်းမြောင်းနေတဲ့အသင်း တွေဖြစ်နေပါတယ်။ အလာဗက်စ်အသင်းကတော့တန်းမဆင်းရဖို့ သေချာသွားတဲ့ အသင်းဖြစ်တယ်။ ခြေစွမ်းပိုင်းမကွာပေမယ့်လည်း အိမ်ရှင်ဖြစ်လာမယ့်ဘက်တစ်ကအနည်းငယ်အသာရလာနိုင်ပါတယ်။ နှစ်သင်းစလုံးပွဲကိုထိန်းကစားနိုင်တာကြောင့် သွင်းဂိုးနည်းမယ့်ပွဲဖြစ် လာနိုင်ပါတယ်။ ဘက်တစ်အသင်းဟာလည်း တန်းမဆင်းရရေးသေချာစေဖို့ ဒီပွဲမှာအမှတ်ရအောင်ကစားမှာဖြစ်တယ်။

**လက်ပဲလ်မက်စ် - အက်သလက် ည ၁၁း၀၀ (၂၉-၄-၁၇)**

အက်သလက်တီကိုဟာပထမအ ကျော့အဖြစ်အိမ်ကွင်းမှာက စားခဲ့စဉ်မှာတောင် လက်ပဲလ်မက်စ်ကိုကပ်ပြီးရှုံးနိမ့်ခဲ့ရပါတယ်။ လက်ပဲလ်မက်စ်ရဲ့လက်ရှိခြေစွမ်းကလည်းမာကျောမှုရှိနေသေး ပြီး အိမ်ကွင်းလည်းဖြစ်နေလို့ အက်သလက်တီကိုခက်ခက်ခဲခဲကစားရဦးမှာ သေချာပါတယ်။ ဒီပွဲကတော့နှစ်သင်းစလုံးထိန်းကစားနိုင်လို့ သွင်းဂိုးနည်း မယ့်ပွဲဖြစ်လာနိုင်ပါတယ်။ အက်သလက်တီကိုတို့ ကစားသမားဒဏ်ရာရရှိမှုကိုရှောင်နိုင်ဖို့ကြိုးပမ်းမှာပါ။

**အီဘား - လီဂါနက်စ် ည ၁၁း၀၀ (၃၀-၄-၁၇)**

အီဘားဟာ ယူရိုပါလိဂ်ဝင်ခွင့်တစ်နေရာကို မျှော်လင့်နိုင်သေးတဲ့အသင်းဖြစ်နေလို့အခုလိုအိမ်ကွင်းပွဲမျိုးမှာ နိုင်ပွဲရရှိအောင်ခြေကုန်ထုတ်မှာပါ။ အီဘားရဲ့လက်ရှိခြေစွမ်းက လီဂါနက်စ်ကိုအနိုင်ယူနိုင်တဲ့ ခြေစွမ်းမျိုးမှာရှိနေပြီး လီဂါနက်စ်ကတော့သရေတစ်မှတ်ခွဲယူနိုင် အောင်ပိတ်ဆို့ကစားမှာဖြစ်ပါတယ်။ အီဘားရဲ့တိုက်စစ်ကောင်းလို့ဂိုးပြတ်နိုင်ပွဲရသွားမှာပါ။

**ဆဲလ်တာဗီဂို - ဘီလာအို နံနက် ၁း၁၅ (၁-၅-၁၇)**

ဆယ်တာဗီဂိုဟာကြားရက်မှာ ဆီဗီးလ်နဲ့ကစားခဲ့ရမှာဖြစ်လို့ပွဲ ပန်းမှုဒဏ်ရှိနေနိုင်ပါတယ်။ ဘီဘာအိုကတော့ ယူရိုပါလိဂ်ဝင်ခွင့်တစ်နေရာအတွက် ဒီပွဲကိုရလဒ်ကောင်းအောင်ကစားရဦးမှာဖြစ်ပြီး အဝေးကွင်းခြေစွမ်းလည်းကောင်းမွန်တာကြောင့် ဆယ်တာဗီဂိုကိုဖိ အားပေးကစားနိုင်မှာပါ။ ဒါကြောင့် သွင်းဂိုးများနိုင်ပေမယ့်လည်း ဘီလာအိုကပ်နိုင်သွားနိုင်ပါတယ်။

**မာလာဂါ - ဆီဗီးလ် နံနက် ၁း၁၅ (၂-၅-၁၇)**

မာလာဂါဟာတန်းဆင်းဇုန်အတွင်းမကျရောက်ရေး သေချာစေဖို့အခုလိုအိမ်ကွင်းပွဲမျိုးမှာခြေကုန် ထုတ်ကာရုန်းကန်ကစားမှာဖြစ် တယ်။ ဆီဗီးလ်ရဲ့ခြေစွမ်းကလည်း နောက်ပိုင်းမှာအနည်းငယ်ကျ ဆင်းနေသလိုအဝေးကွင်းမှာဆိုရင်ခြေပိုကျတတ်ပါတယ်။ မာလာဂါကလည်း ဆီဗီးလ်ကိုယှဉ်ကစားဖို့ခက်နေတာကြောင့်ခံစစ်ပိုင်းကိုသာ ပိုမိုဖိဖိစီးစီးကစားမှာသေချာပါတယ်။ ဒါကြောင့်ဆီဗီးလ်အတွက်ခက်ခဲဦးမှာဖြစ်ပြီး ဂိုးရဖို့ရုန်းကန်ရနိုင်ပါတယ်။

**ရှိုင်းမင်းမင်း**

# "နှစ်သစ် စစ်တမ်း"

ဦးဟန်ညွန့်(ဥပဒေ)

၁၃၇၈ မှ ၁၃၇၉ သို့ -
နှစ်ဟောင်းကြွေပြီ။ နှစ်သစ်ရောက်ပြီ။ တစ်နှစ်အသက်ကြီးသွားပြန်ပြီ။ တစ်နှစ်ဆိုတာ ဘာကြာတာမှတ်လို့။ ဇရာအရွယ်ရောက်လာပြီမို့ နှစ်ဟောင်းနှစ်သစ် စစ်တမ်းထုတ်ကြည့်မှ ဖြစ်မည်။ ပြီးခဲ့သည့်နှစ်ဟောင်းမှာ ဘာတွေလုပ်ခဲ့သလဲ။

**အများအကျိုး**

အများအကျိုးဆောင် ကိုယ်ကျိုးအောင်ဟူသည့် ဆောင်ပုဒ်ရှိသည်။ အများအကျိုး ဘာလုပ်ခဲ့သလဲ။ ကိုယ့်အတွက် ကိုယ့်အကျိုးကိုသာကြည့်တတ်သော 'လူ' သတ္တဝါပေပဲ။ နောက်ဖေးလမ်းကြားထဲ အမှိုက်ပစ်တာ ရိုးနေပါပြီ။ လူမသိ သူမသိ၊ လူမမြင် သူမမြင် ဆိုပြီး အပေါ်ထပ်ကအမှိုက် အောက်ထပ်ပစ်ချတာ။ အောက်ထပ်ကအမှိုက် လမ်းကြားထဲပစ်ချတာ။ ဘာဆန်းတာမှတ်လို့။

'အိမ်ရှေ့ပိတ်ပြီး ကားမရပ်ရ' ဟု စာတန်းချိတ်ဆွဲပြီး ကိုယ့်အိမ်ရှေ့မှာလာရပ်သမျှ ရန်မူရတာအမော။ ကိုယ့်ကားက သူများအိမ်ရှေ့တည့်တည့်သွားရပ်တော့ မသိချင်ယောင်ဆောင်နေသည်။ တကယ်တော့ အများပိုင်လမ်း ဖြစ်သည်။ သူလည်းမပိုင်၊ ကိုယ်လည်းမပိုင်။ ပြည်ကြီးသား အများအကျိုးဆောင်မည်ဆိုသောသူ လူရမ်းကားကြီး ဖြစ်မှန်းမသိဖြစ်နေပြီ။

**ပြည်သူ့နီတိ စိတ်ဓာတ်**

'လွတ်လပ်ပြီဆိုပြီး လမ်းပေါ်မှာ ဆေးရိုးတက်မလှန်းဖို့' ဖခင်ဗိုလ်ချုပ်အောင်ဆန်း မှာကြားခဲ့သည်။ ဒီမိုကရေစီစံနှုန်းများ အပြောမကြီးကြစေလို။ ဘယ်သူ့မှ ဂရုမစိုက်ဘူးဆိုသော၊ အဆဲကြမ်းသော ကားဒရိုင်ဘာတစ်ယောက် လက်ပူးလက်ကြပ်မှတ်တမ်းဓာတ်ပုံရိုက်၍ ရဲလက်သို့ အပ်ခဲ့ရပုံကို Facebook မှာ တွေ့လိုက်သည်။ ရှာမှရှား။

**Facebook ၏ ကျေးဇူး**

Facebook ကျေးဇူးကြောင့် သတင်းစုံသိရသည်။ ဘက်စုံခေတ်မီသည်။ ကောင်းတာ၊ ဆိုးတာအစုံပါပဲ။ ညစ်ပတ်စုတ်ပြတ်သော မောင်နှင့်နှမ၊ သားနှင့်အမိ မကြည့်ဝံ့သော ဆိုးသွမ်းဓာတ်ပုံ။ ကာမအားပေးဖျက်ဆီးရေးနှင့် မယဉ်ကျေးသောဆဲစာများ လားလားမှမရှိသင့်။ မကြည့်သင့်။ သုံးတတ်လျှင်ဆေး။ မသုံးတတ်လျှင်ဘေး။ ကြာတော့လည်း သဘောပေါက်သွားကြမှာပါ။ ကမ္ဘာ့အဆင့်မီပါစေဗျာ။

**သတင်းထောက်တွေ အသတ်ခံရ**

သတင်းမီဒီယာလောက တိုးတက်ပြီလား။ ရခိုင်ပြည်နယ်မှာ သတင်းထောက်တွေ သတင်းသွားယူကြသည်။ သတင်းထောက်တွေမေးသမျှ ဖြေကြားသူတွေရှိသည်။ အမှန်ကိုဖြေသည်။ သိသမျှပြောသည်။ နောက်နေ့ ဖြေသူအသတ်ခံရသည်။ သတင်းထောက်တွေ ထပ်ပြီးလာရဲပါဦးမလား။ မေးရဲပါဦးမည်လား။ ပွင့်လင်းမြင်သာ ရှိကြပါဦးမည်လား။ သတင်းမှန်ပြောရဲကြတော့မည်လား။

အထက်အညာမှာ သတင်းထောက်တစ်ဦး အသတ်ခံရသည်။ ယနေ့တိုင် လက်သည်တရားခံမပေါ်။ သကြၤန်ကာလတွင်းမှာလည်း သတင်းဂျာနယ်တိုက်က ထုတ်ဝေသူတစ်ဦး အသတ်ခံရသေးသည်။ ရိုးရိုးသားသားမှ ဟုတ်ရဲ့လား။

**မူးယစ်ဆေးဝါးနှင့် လက်နက်များ**

ရန်ကုန်မှာ မူးယစ်ဆေးဝါးနှင့် လက်နက်များ အများအပြား ဖမ်းဆီးရမိသည်။ သတင်းဖတ်ရသေးသည်။ ရန်ကုန်မြို့ကြီးမှာတောင် ဤမျှအတင့်ရဲနေပြီလား။ ရာဇဝတ်ဘေးပြေးမလွတ်ဆိုသော်ငြား ကိုင်းဖျားကိုင်းနားသာမိ။ ပင်စည်ကြီးကို မမိ။ မသိ။ တရားဥပဒေစိုးမိုးရေးအတွက် နှစ်ဟောင်းနှင့် နှစ်သစ်။ ဇာစ်ဇာစ်မြစ်မြစ်၊

> "သတင်းသိပိုင်ခွင့်ဥပဒေ (RTI) ပြဋ္ဌာန်းဖို့ အချိန်တန်ပြီ။ အိမ်နီးချင်းနိုင်ငံများပင် ပြဋ္ဌာန်းပြီးပြီ။ မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာနှင့်လျော်ညီစွာ ဒီမိုကရေစီပြည်သူ့ဘက်တော်သားများအားလုံး ဝိုင်းလုပ်သင့်ပြီ။ ကမ္ဘာ့အတွေ့အကြုံ ဥပဒေနမူနာများ စုဆောင်းလေ့လာ။ ယူသင့်တာယူပါ။ စံထားသင့်တာ စံထားပါ။ နှစ်သစ်စစ်တမ်းပါ။"

တွက်စစ်ရလိမ့်မည်။ အားနည်းချက်တွေ၊ အားသာချက်တွေသုံးသပ်ခြင်း၊ လက်တွေ့ဘဝ ကွင်းဆင်းခြင်း၊ စစ်တမ်းအမှန် ရှာဖွေရန်ဖြစ်ပေသည်။

**သတင်းသိပိုင်ခွင့်ဥပဒေ**

ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)၏ အဆိုးအကောင်း၊ အကျိုးအပြစ်တွေ အတော်ဝေဖန်ကြသည်။ ဆန္ဒပြပြီး ကန့်ကွက်သူတွေလည်းရှိသည်။ ဝန်ကြီးဌာန၏သဘောထား၊ အများ၏အကြံပြုချက်တို့ဖြင့် ခရီးဆက်သင့်ပြီ။ အာမခံမပေးခြင်းက အဓိကကျသည်။ ဥပဒေပညာရှင်များ ပီပီပြင်ပြင်ဝေဖန်ထောက်ပြအကြံပြုသင့်သည်။

သတင်းသိပိုင်ခွင့်ဥပဒေ (RTI) ပြဋ္ဌာန်းဖို့ အချိန်တန်ပြီ။ အိမ်နီးချင်းနိုင်ငံများပင် ပြဋ္ဌာန်းပြီးပြီ။ မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာနှင့်လျော်ညီစွာ ဒီမိုကရေစီပြည်သူ့ဘက်တော်သားများအားလုံး ဝိုင်းလုပ်သင့်ပြီ။ ကမ္ဘာ့အတွေ့အကြုံ ဥပဒေနမူနာများ စုဆောင်းလေ့လာ။ ယူသင့်တာယူပါ။ စံထားသင့်တာ စံထားပါ။ နှစ်သစ်စစ်တမ်းပါ။

**ပြည်နယ်၊ တိုင်းဒေသကြီးခရီးများ**

တနင်္သာရီ၊ ရခိုင်၊ မွန်၊ ကချင်ပြည်နယ်၊ တိုင်းဒေသကြီးများသို့ ခရီးသွားပြီး သတင်းထောက်အများနှင့်တွေ့ခဲ့ပါသည်။ သတင်းသိပိုင်ခွင့်ဥပဒေအကြောင်း ရှင်းရ၊ လင်းရ၊ ဟောရ၊ ပြောရ၊ သတင်းမီဒီယာဥပဒေ၏ ချို့ယွင်းအားနည်းချက်၊ အားသာချက်တွေ၊ အကြံပြုရ၊ ထောက်ပြကြ၊ ရှေ့ခရီးပီပြင်ချောမွေ့ဖို့၊ သတင်းမီဒီယာလောက တိုးတက်ဖို့ ပွင့်ပွင့်လင်းလင်း၊ ညီညီညွတ်ညွတ်၊ ကျင့်ဝတ်ထိန်းကြဖို့ နှစ်ဟောင်းမှ နှစ်သစ်သို့ ချီတက်ကြရဦးမည်။ အောက်ခြေလူထု၊ ပြည်သူ့အသံ၊ သတင်းထောက်များနှင့်ထပ်တလဲလဲ တွေ့ရဦးမည်။ သူတို့အသံစုံအောင်နားထောင်မှတော်ကာကျမည်။ ကိုယ့်ဘဝကိုယ် မကျေနပ်သေး။

**ကြားဖြတ်ရွေးကောက်ပွဲ**

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲအကြောင်း သတင်းစာရှင်းလင်းပွဲလုပ်၍ တက်ရောက်ခဲ့သည်။ ဆက်သွယ်ရေး အလွန်ကောင်းလှပါသည်ဆိုသော ယနေ့ခေတ်ကြီးတွင် တယ်လီဖုန်းလိုင်းဆက်သွယ်မရသည့် မဲရုံများရှိကြောင်းသိရသည်။ ဥပမာ ချင်းပြည်နယ် ထန်တလန်မြို့နယ်မှာမဲရုံ ၂၃ ရုံ၊ ရခိုင်ပြည်နယ် အမ်းမြို့နယ်မှာ မဲရုံ ၃၁ ရုံ ရှမ်းပြည်နယ် မိုင်းရှူးမြို့နယ်မှာ မဲရုံ ၁၅ ရုံ၊ ကျေးသီးမှာ ၂၃ ရုံ၊ ကျိုင်းတုံ ၃၆ ရုံ စာရင်းပေါက်နေသည်။ အခက်အခဲတွေတော့ ရှိစမြဲ။ သို့သော်လည်း ပေါ့ဗျာ။ ဘာတွေလိုအပ်နေလို့ပါလိမ့်။

**တရားရေးကို ဆန္ဒပြ**

ပဲခူးမှ အမှုရင်ဆိုင်သူ ပြည်သူတစ်ဦးအကြောင်း သတင်းစာမှာ ဓာတ်ပုံနှင့်တကွ ဖတ်ရ၊ မြင်ရသည်။ ခရိုင်တရားသူကြီး၏ တရားစီရင်ရေးကိစ္စကို မကျေနပ်၍ လမ်းလျှောက်ဆန္ဒပြခြင်းဖြစ်သည်။ ခွင့်ပြုချက်အရ ဆန္ဒပြသည်ဟုသိရသည်။ အဆိုပါပုဂ္ဂိုလ်များအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိသူက လူကိုယ်တိုင်တွေ့မေးသည်။ မင်္ဂလာသတင်းဟုသတ်မှတ်သည်။ အမှားအမှန်ကို သိခွင့်ရသွားသည်ဟု မျှော်လင့်သည်။ ဆန္ဒပြသူ၏ ဆန္ဒလည်းပြည့်ဝသွားပြီလား။ ပွင့်လင်းမြင်သာမှုဖြင့် ရှေ့သို့ခရီးဆက်ကြရမည်ဟု နှစ်ဟောင်းမှ နှစ်သစ်သို့ စစ်တမ်းထုတ်ကြည့်တာပါ။ တရားရေးက လက်ညှိုးထိုးခံရတာတွေများနေသလားလို့ပါ။ အဖြေ ဝိုင်းရှာကြစို့။

**ငြိမ်းချမ်းရေးမရရှိဘဲ**

"ငြိမ်းချမ်းရေးမရရှိဘဲ ဖွံ့ဖြိုးတိုးတက်ဖို့မဖြစ်နိုင်"ဟု နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်က ၂၄-၁၀-၂၀၁၆ ရက်စွဲဖြင့် ကုလသမဂ္ဂနှစ်ပတ်လည်နေ့မှာသဝဏ်လွှာရေးပေးခဲ့သည်ကို သတိပြုဖတ်ခဲ့သည်။

**ပြည်သူလူထုအတွက်ဖြစ်ရမယ်**

"အစိုးရဆိုတာဟာ ပြည်သူလူထုတွေအတွက်ဖြစ်ရမယ်" ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၃၀-၃-၂၀၁၇ ရက်နေ့မှာ တစ်နှစ်ပြည့် အထိမ်းအမှတ် မိန့်ခွန်းမြွက်ကြားထားသည်ကိုလည်း လေးစားစွာမှတ်သားထားသည်။ နှစ်ဟောင်းမှ နှစ်သစ်သို့ စစ်တမ်းအဖြစ် ဂုဏ်ပြုအပ်ပါသည်။ ကျွန်တော်တို့ပြည်သူတွေလေ။

**သက်ကြီးရွယ်အို**

သက်ကြီးရွယ်အိုတွေအတွက် ဥပဒေနှင့်အညီ ထောက်ပံ့ကြေးတွေပေးတော့မည်။ ပြောမယုံ ကြုံဖူးမှ သိမည်။ စာရေးသူလည်း သက်ကြီးရွယ်အိုထောက်ပံ့ကြေးရဖို့ (လိုသေးပေမယ့်) မျှော်လင့်ချက်ဖြင့် အသက်ရှည်ဦးမည်။ ဒီတိုင်းပြည်မှာ ဒီလိုဥပဒေ၊ ဒီလိုအခွင့်အရေးတွေရှိသည်ဆိုတာ ကမ္ဘာကသိပါစေဗျာ။ နှစ်သစ်စစ်တမ်း မှတ်တမ်းတင်ပါစေဗျာ။ ကိုယ်ပိုင်အမြင်၊ ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်စစ်တမ်းဖြစ်ပါတယ်ဗျာ။

**အပြစ်ပြောတာအလွယ်ဆုံးပါ**

နေရာတကာမှာ အပြစ်ပြောတာ အလွယ်ဆုံးပါ။ သူများတကာကို လက်ညှိုးထိုးတာ လွယ်လှပါသည်။ ကိုယ့်အပြစ်ကိုယ်မမြင်တတ်သူတွေ ဒုနှင့်ဒေးပါပဲ။ စိတ်ကောင်းရှိဖို့ ပထမ၊ စိတ်ကောင်းရှိဖို့ ဒုတိယ၊ စိတ်ကောင်း ရှိဖို့ တတိယ။

**မင်းသူငါ**

"မင်းမပါ ဘယ်ဟာမှမပြီး
မင်းချည်းဆို ဘယ်ဟာမှမပြီး
သူမပါ ဘယ်ဟာမှမပြီး
သူချည်းဆို ဘယ်ဟာမှမပြီး
ငါမပါ ဘယ်ဟာမှမပြီး
ငါချည်းဆို ဘယ်ဟာမှမပြီး
မင်းသူငါ အလုံးစုံပါဝင်မှ
အလုံးစုံပြီး" ဟူသော 'ကေတုမတီအောင်မောင်း' ၏ ကဗျာဖြင့် နှစ်သစ်ကိုကြိုပါသည်။

**နှစ်သစ်စစ်တမ်း**

နှစ်သစ်စစ်တမ်း လက်ကမ်းလိုက်ပါကြောင်း . . . ။

## မန္တလေးကျောက်စိမ်းရောင်းဝယ်ရေးဈေးကွက် စတင်လှုပ်ရှား၊ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးစခန်း နိုင်ငံခြားသားဝင်ကြေးတိုးမြှင့်

**မန္တလေး မေ ၂၆**

မန္တလေး မဟာအောင်မြေမြို့နယ်ရှိ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်း ကျောက်မျက်ဈေးတွင် သင်္ကြန်ကာလပိတ်ရက်များ၊ လပြည့်လကွယ်ပိတ်ရက်များနှင့် ဆက်၍ လာရောက်သူဝယ်လက်များနည်းပါးပြီး ဈေးကွက်အေးစက်နေရာမှ မေ ၂၆ ရက် ဈေးဖွင့်ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တရုတ်(တိုင်ပေ) မှ ဝယ်လက်များ၊ ပြည်တွင်းကျောက်စိမ်းအချောထည်လုပ်ကိုင်သည့်လုပ်ငန်းရှင်များ လာရောက်ကြကာ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်း စတင်စည်ကားစပြုလျက်ရှိသည်။

နိုင်ငံခြားသားဝယ်လက်များ လက်ကောက်အကြမ်းထည်၊ အချောထည်နှင့် ပုတီးလုံးချောများ စိတ်ဝင်စားစွာကြည့်ရှုပြီး ဝယ်ယူမှုများရှိသည်။

ကျောက်စိမ်းများထွက်ရှိသော ကချင်ပြည်နယ် ဖားကန့်ဒေသတွင်လည်း တွင်းလုပ်သားများ သင်္ကြန်ကာလ နေရပ်သို့ပြန်သွားကြပြီး မေလဆန်းပိုင်းမှသာ လုပ်ငန်းခွင်ဝင် ရောက်ကြမည်ဖြစ်ရာ မန္တလေးကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းပတ်လည်ရှိ ကျောက်စိမ်းအရိုင်းတုံးများ ဝင်ရောက်မှုနည်းပါးလျက်ရှိသည်။

ကျောက်စိမ်းအရိုင်းများ ဝင်ရောက်မှုလျော့နည်းသဖြင့် ကျောက်ဖြတ်ကျောက်သွေးလုပ်သားများ အလုပ်ရှားပါးလျက်ရှိသည်။

မဟာအောင်မြေ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်း နိုင်ငံခြားသားဝင်ကြေးကိုလည်း မေ ၁ ရက်မှစတင်ပြီး တစ်ဦးလျှင်ကျပ် ၂၅၀၀ သို့ တိုးမြှင့်ကောက်ခံကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## ရန်ကုန်-ဒလ မြစ်ကူးတံတား တည်ဆောက်ရေး မြေပြင်ကွင်းဆင်းတိုင်းတာ

**ဒလ မေ ၂၆**

ကိုရီးယား-မြန်မာချစ်ကြည်ရေး (ဒလ)တံတား တည်ဆောက်ရေးနှင့် တံတားဒီဇိုင်း အသေးစိတ် ပြန်လည်ရေးဆွဲရေးတို့အတွက် တံတားစီမံကိန်း လမ်းကြောင်းဧရိယာအတွင်းရှိ လမ်းများ၊ မြောင်းများအား မြေပြင်ကွင်းဆင်းတိုင်းတာရေးအဖွဲ့များမှ မေ ၂၆ ရက် နံနက် ၉ နာရီက ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းမတစ်လျှောက် နာရီစင်နှင့် တပင်ရွှေထီးရပ်ကွက်ထိပ်တို့တွင်လည်းကောင်း၊ လမ်းမတော်မြို့နယ်ရှိ ဘုန်းကြီးလမ်းတို့တွင် လည်းကောင်း မြေပြင်တိုင်းတာရေးလုပ်ငန်းများကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဒလတံတားတည်ဆောက်ရေးစီမံကိန်းအတွက် ယခုအခါ တံတားဧရိယာနှင့် တံတားအူမလမ်းကြောင်းအတွင်းရှိ လမ်းများ၊ မြောင်းများကို တိုင်းတာရာတွင် မြေပြင်ကွင်းဆင်းတိုင်းတာရေးအဖွဲ့ခေါင်းဆောင် မန်နေဂျာ ဦးသန်းအေးက "ယခုလို မြေပြင်တိုင်းတာတာကတော့ တံတားဒီဇိုင်းအတွက်ပါ။ ဒါကို မြေပြင်မှာ အသေးစိတ် မြေပုံတိုင်းတာပြီးသွားရင် ကိုရီးယားသမ္မတနိုင်ငံ Soosoog Co,Ltd. ခေါင်းဆောင်သော JV အဖွဲ့မှ ပညာရှင်တွေကို တင်ပြသွားမည်ဖြစ်ပြီး တံတားတည်ဆောက်ရေးအတွက် တံတားဒီဇိုင်းကို အသေးစိတ်နှင့် အကောင်းဆုံးပြန်လည်ရေးဆွဲသွားမှာဖြစ်ပါတယ်။ မေ ၂၇ ရက်တွင် မြေကြီးစမ်းသပ်မည့်အဖွဲ့များလည်း ထပ်မံရောက်ရှိလာမည်ဖြစ်ကြောင်း၊ တိုင်းတာခြင်းနှင့် စမ်းသပ်ခြင်းတို့ကို ၁၆ ရက်ကြာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ကိုရီးယား-မြန်မာ ချစ်ကြည်ရေး ဒလတံတားကို တည်ဆောက်တော့မည်ဖြစ်ရာ ဒလမြို့နယ်သည် တိုးတက်ပြောင်းလဲလာတော့မည်ဖြစ်ပြီး အခြေခံလူမှုစီးပွားရေးအဆောက်အအုံများ ပိုမိုဖွံ့ဖြိုးလာနိုင်ပြီး ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းဒေသများပါ ယခင်ထက် ကုန်စည်ကူးသန်းသွားလာရေးနှင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။

**နိုင်လင်းကျော်(ဒလ)**

# ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရအကြား ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် လုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းမှုရှိစေရေး ရှင်းလင်းဆွေးနွေး

**ဘားအံ မေ ၂၆**
ကရင်ပြည်နယ် ဘားအံမြို့တွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရအကြား ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် လုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းမှုရှိစေရေး ရှင်းလင်းဆွေးနွေးသည့် အခမ်းအနားကို မေ ၂၅ ရက် မွန်းလွဲ ၁ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကရင်ပြည်နယ် ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်ခင်စန်းဦးက အမှာစကားပြောကြားကာ ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်ထောင်စုနှင့်ဆက်သွယ်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများအား ရှင်းလင်းတင်ပြ၍ ဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန်၊ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယအမြဲတမ်းအတွင်းဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးတို့နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ ဘတ်ဂျက်ဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအကြား တာဝန်၊ လုပ်ပိုင်ခွင့် ခွဲဝေသတ်မှတ်ရေးဆိုင်ရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ မြေနှင့်သစ်တောဆိုင်ရာကိစ္စရပ်များ၊ စီမံခန့်ခွဲမှု၊ စည်းမျဉ်းဥပဒေနှင့်ရုံးလုပ်ငန်း လုပ်ထုံးလုပ်နည်းဆိုင်ရာကိစ္စရပ်များအား အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြပြီး ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## လုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းမှုရှိစေရေး ရှင်းလင်းဆွေးနွေး

**စစ်တွေ မေ ၂၆**
ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရအကြား ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် လုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းမှုရှိစေရေး ရှင်းလင်းဆွေးနွေးသည့် အခမ်းအနားကို မေ ၂၅ ရက် မွန်းလွဲ ၁ နာရီက ပြည်နယ်အစိုးရရုံးအစည်းအဝေးခန်းမ (၁) ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက အဖွင့်အမှာစကားပြောကြားပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးငွေလှိုင်က ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရအကြား ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် လုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းမှုရှိစေရေးတို့အတွက် လိုအပ်ချက်များနှင့်ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲသို့တက်ရောက်လာကြသော ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ကြုံတွေ့ရသည့်အခက်အခဲများအား ရှင်းလင်းမေးမြန်းဆွေးနွေးကြရာ မေးမြန်းဆွေးနွေးချက်များအပေါ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးငွေလှိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးနေဝင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်ဦးနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးကျော်နိုင်ဦးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြခဲ့သည်။

ဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်/ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**



&xm;&wyfütrGef12 wyf; oCefule;&xm;&pcef;rS;&t;ykif;armif oef;ESwyfüUf;onf;refmh;Dxm;0efxrf;rf;ES;f;ay;if;{ylD25 &uf;u oCefule;bl;wmol;kd;&muf;vmaom vpf;Dvmfu ,fxm;ay;ü rtif;uqif;a&;ESuf;wif;umu ,fa&;twuf;nmay;aq;aE;rl;m; aqmif;uf;Dxm;yNqmif;a&;vkfef;0ya' vuf;urf;pmapmif;m; jzef;0chumif;o;d;onf

၁၁၈

## မီးတောက်များကြားဝင်ရောက်ကယ်ဆယ်ရေးလေ့ကျင့်ခြင်းနှင့် မီးဘေးကာကွယ်ရေး၊ မီးသတ်ဆေးဘူးအသုံးပြုပုံသရုပ်ပြ

**မြင်းခြံ မေ ၂၆**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ မီးသတ်ဦးစီးဌာနရှေ့တွင် မီးတောက်များကြားဝင်ရောက်ကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာနတွင် မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်း သရုပ်ပြဟောပြောခြင်းကို မေ ၂၅ ရက် နံနက် ၉ နာရီကပြုလုပ်ခဲ့ကြောင်း သိရသည်။



မီးသတ်ဦးစီးဌာနရုံးရှေ့၌ နံနက် ၉ နာရီက မီးတောက်များကြား မီးကာဝတ်စုံဝတ်ဆင်၍ ဝင်ရောက်ကယ်ခြင်း၊ အထပ်မြင့်တိုက်များ မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး တစ်ချိန်တည်းဆောင်ရွက်မှုတို့ ကျွမ်းကျွမ်းကျင်ကျင်၊ လျင်လျင်မြန်မြန်ဆောင်ရွက်နိုင်ရေးလေ့ကျင့်ခြင်းကို ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်နိုင်၊ မီးသတ်စခန်းတာဝန်ခံ ဦးအောင်ကိုသန့်တို့ ဦးဆောင်ကာ မီးသတ်တပ်ဖွဲ့ဝင်များက ပစ္စည်းကိရိယာအပြည့်အစုံဖြင့် ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်နိုင်နှင့် တပ်ဖွဲ့ဝင်များသည် လူမှုဝန်ထမ်းဦးစီးဌာနသို့ သွားရောက်ပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြခြင်း၊ ဟောပြောခြင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူထွန်းနှင့် ဝန်ထမ်းများက မီးသတ်ဆေးဘူးအား ကိုင်တွယ်အသုံးပြု၍ မီးငြိမ်းသတ်ခြင်းကို ဆောင်ရွက်ခဲ့ကြသည်။

ယခုလိုအမြဲမပြတ်လေ့ကျင့်ခြင်း၊ ဟောပြောခြင်း၊ လက်တွေ့ဆောင်ရွက်ခြင်းတို့ဖြင့် မီးဘေးအန္တရာယ်ကင်းဝေးစေခြင်း၊ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက မီးသတ်ဦးစီးဌာနဆောင်ပုဒ်အတိုင်း မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းဟူသည်နှင့်အညီ ဆောင်ရွက်နိုင်ခြင်းဖြင့် ဆုံးရှုံးမှုနည်းနိုင်သမျှနည်းအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## အထပ်မြင့်မီးငြှိမ်းသတ်ယာဉ်နှင့် ဆီမီးငြှိမ်းသတ်ယာဉ်များ စစ်ကိုင်းတိုင်းဒေသကြီးသို့ရောက်ရှိ

**မုံရွာ မေ ၂၆**
အထပ်မြင့်အဆောက်အအုံများမီးငြှိမ်းသတ်ရန်နှင့် အထပ်မြင့်အဆောက်အအုံများတွင် ကယ်ဆယ်ရေးဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ပေ ၁၀၀ အမြင့် အထပ်မြင့်ကူညီကယ်ဆယ်ရေးမီးငြှိမ်းသတ်ယာဉ်ကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သုံးစင်းမြောက်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနသို့ ရောက်ရှိလာရာ လေ့ကျင့်ပြင်ဆင်ရေးများဆောင်ရွက်နေကြောင်း စစ်ကိုင်းတိုင်းဒေသကြီးမီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးမင်းစမ်းအေးထံမှ သိရသည်။

"အထပ်မြင့်အဆောက်အအုံတွေအတွက် အများကြီးအထောက်အကူဖြစ်စေပါတယ်။ အထပ်မြင့်အဆောက်အအုံမှာ အကယ်၍မီးလောင်ရင် ငြှိမ်းသတ်လို့ရသလို အထပ်မြင့်မှာရှိတဲ့ သက်ကြီးရွယ်အိုတွေ၊ လူနာတွေ၊ ကလေးတွေနဲ့ မီးလောင်လို့ပိတ်မိနေတဲ့သူတွေကိုကယ်တင်ရာမှာ အများကြီးထိရောက်မှုရှိပါတယ်။ ပေ ၁၀၀ အမြင့်ထိ တက်ရောက်ကူညီ မီးငြှိမ်းသတ်နိုင်အောင် နည်းပညာတွေ ပါဝင်ပေါင်းစပ်ထားတဲ့ယာဉ်ပါ။ ပြီးခဲ့တဲ့နှစ်က မုံရွာအတွက်တစ်စီး၊ ရွှေဘိုအတွက်တစ်စီး ရောက်ရှိအသုံးပြုနေပြီဖြစ်ပါတယ်။ အခုဒီရက်ပိုင်းမှာပဲ စစ်ကိုင်းအတွက် တစ်စီးထပ်ရောက်လာလို့ အထပ်မြင့်အတွက် မီးသတ်ကယ်ဆယ်ရေးယာဉ် သုံးစီးရှိနေပါပြီ" ဟု ဦးမင်းစမ်းအေးက ရှင်းပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စက်သုံးဆီဆိုင်ကြီးများရှိရာခရိုင်နှင့် မြို့နယ်များစွာရှိသလို စက်သုံးဆီအတင်အချအများဆုံးပြုလုပ်သော ဧရာဝတီမြစ်ဆိပ်ကမ်းနှင့် ချင်းတွင်းမြစ်ဆိပ်ကမ်းမြို့များအတွက် ဆီမီးငြှိမ်းသတ်ယာဉ် ၁၂ စီးလည်း စစ်ကိုင်းတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနသို့ရောက်ရှိနေပြီဖြစ်ရာ မကြာခင် စစ်ကိုင်းတိုင်းဒေသကြီး ခရိုင်မြို့များနှင့် ဆိပ်ကမ်းမြို့များသို့ လွှဲပြောင်းပေးပို့ကာ မီးဘေးကြိုတင်ကာကွယ်ရေးနှင့်အတူ ဆီကြောင့်မီးလောင်လျှင် အချိန်နှင့်တစ်ပြေးညီငြှိမ်းသတ်နိုင်ရန် ကြိုတင်စီစဉ်ထားကြောင်း သိရသည်။

ဆီမီးငြှိမ်းသတ်ယာဉ်တွင် ရိုးရိုးမီးသတ်ယာဉ်ကဲ့သို့ ရေသီးသန့်သိုလှောင်ကန်အပြင် FOAM TANDER အမြှုပ်ကန်ကိုကန့်ကာပါရှိပြီး ဆီကြောင့်မီးလောင်ပါက လောင်သည့်ပမာဏကိုတွက်ချက်၍ ရေနှင့်အမြှုပ်ကို အဆဖြင့်ရောနှောကာပက်ရသော FOAM TENDER FIRE TRUCK ဖြစ်ကြောင်း ဦးမင်းစမ်းအေးက ရှင်းပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



## လုပ်ငန်းတစ်ခုအကောင်းဆုံးဖြစ်အောင်ဘယ်လိုကြိုးစားကြမလဲ





ပါမောက္ခဒေါက်တာအောင်ထွန်းသက်ဟောပြောသည့် "လုပ်ငန်းတစ်ခုအကောင်းဆုံးဖြစ် အောင်ဘယ်လိုကြိုးစားကြမလဲ" စာအုပ်ထွက်ရှိလာပါသည်။

အဆိုပါစာအုပ်၌ စီးပွားရေးလုပ်ငန်းပြုလုပ်သောသူသည် အမြတ်ရရှိရေးပင် ဖြစ်သည်။ ထိုသို့ အမြတ်ရရှိရေးတစ်ခုတည်းပင် တာဝန်ကျေသည့်စီးပွားရေးမဟုတ်။ လူတွေအတွက် လုပ်ပေးတာသာဖြစ်သည်။ ထိုသို့ပြုလုပ်ရာတွင် ပိုင်ရှင်၊ ဝန်ထမ်း၊ ဖောက်သည်၊ ပစ္စည်းသွင်းသည့်သူ စသည်တို့ကိုဂရုစိုက်ရမည့်ပြင် မိမိပတ်ဝန်းကျင်နှင့် ကမ္ဘာမြေကြီးကို ကြည့်ရမည်ဖြစ်၍ အဆိုပါအကြောင်းအချက်များနှင့် လိုက်လျောညီထွေဖြစ်ပြီး မိမိပြုလုပ်သောလုပ်ငန်းသည် အကောင်းဆုံးနှင့် အအောင်မြင်ဆုံး လုပ်ငန်းဖြစ်သည်။

စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ် (၂၃၇)၊ ပ-ထပ်(ဝဲ)၊ ၃၉ လမ်းအပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁ ၃၉၂၈၃၅၊ ၀၉ ၇၇၃၇၇၄၇၃၃၊ ၀၉ ၂၆၃၈၀၆၆၀၀ မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရသည်။

## ရသစာပေရှာပုံတော်





စာရေးဆရာ ယောနကဘိုးထောင်ရေးသားသည့် ရသစာပေရှာပုံတော်စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် စာပေဗိမာန်အမှတ်တံဆိပ်၊ ရှင်မဟာရဋ္ဌသာရ၏ လူမိုက်ကြီးခြောက်ယောက်၊ ဆရာဇော်ဂျီ၏ သခင်ကိုယ်တော်မှိုင်းဋီကာ၊ ဆရာရွှေသဒေါင်း၏ မျှော်တလင့်လင့်၊ ရသစာပေကျက်သရေပြည်သူချစ်သောအနုပညာ၊ သာသည့်မြေသို့၊ ပြည်တော်ပြန်နောင်တော်ကြီးတင်မိုး၊ ကြည်အေးအလွမ်းပြေ စသည့်ရသစာပေများစွာ ဖတ်ရှုလေ့လာနိုင်သော စာအုပ်တစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို မိတ်ဆွေစာပေ၊ အမှတ် (၆၁)၊ ဘုရင့်နောင်လမ်းမ၊ ရတနာလမ်းထိပ်၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉ ၂၅၀၆၆၁၃၀၃ နှင့် ၀၉ ၇၉၉၇၄၃၃၉၃ တို့မှ တန်ဖိုးငွေ ၉၀၀ ကျပ်ဖြင့် ဖြန့်ချိထားကြောင်း သိရသည်။

## တအန်း(ပလောင်) လူမျိုးသမိုင်း (အစဲန်ခြိုဝ်းတအာင်း)





ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်း၊ အမှတ် (၄) ရှိ ဒီပါစိုးစာပေ (ဖုန်း-၀၉ ၅၄၀၃၉၈၆) က မိုင်းအိုက်ကော်ရေးသားပြုစုသည့် "တအန်း (ပလောင်) လူမျိုးသမိုင်း (အစဲန်ခြိုဝ်းတအာင်း)" စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

၎င်းစာအုပ်ကို တအန်းလူမျိုးများ၏ သမိုင်းခြေရာများ၊ တအန်းအမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုသမိုင်း၊ တအန်းစာပေသမိုင်း၊ တအန်းလူမျိုး၏ ဓလေ့ထုံးစံများကို ပုံများဖြင့်ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရသည်။

၎င်းစာအုပ်ကို ရိုးရိုးချုပ်နှင့် ခံ့ချုပ် နှစ်မျိုးခွဲထုတ်ဝေထားပြီး ရိုးရိုးချုပ်ကို ကျပ် ၇၀၀၀၊ ခံ့ချုပ်ကို ကျပ် ၉၀၀၀ ဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့အသီးသီးတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။


## နေ့စဉ်သုံး မြန်မာ-အင်္ဂလိပ်ဝေါဟာရများ




နေ့စဉ်သုံး မြန်မာ-အင်္ဂလိပ်ဝေါဟာရများစာအုပ်သည် လုပ်ငန်းခွင်အသီးသီး၌ မအားလပ်၍ အချိန်မပေးနိုင်သော အင်္ဂလိပ်စာလေ့လာသင်ယူနေကြသူများအတွက် သိလိုသောစကားလုံးများကို အဘိဓာန်တွင် အချိန်ပေးရှာဖွေနေမည့်အစား ၎င်းစာအုပ်တွင် အပြည့်အစုံပါရှိသည့်အတွက် အလွယ်တကူလေ့လာနိုင်၍ လူတိုင်းဆောင်ထားသင့်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်(၂၃၇)၊ ပ-ထပ်၊ ၃၉ လမ်းအပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁ ၃၉၂၈၃၅၊ ၀၉ ၇၇၃၇၇၄၇၃၃၊ ၀၉ ၂၆၃၈၀၆၆၀၀ မှ ဖြန့်ချိထားကြောင်း သိရသည်။

## အက်တိုးပစ်အပျိုစင်




မီးအိမ်ရှင်ဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး(ဆေးတက္ကသိုလ်)ရေးသားသည့် "အက်တိုးပစ်အပျိုစင်" လုံးချင်းဝတ္ထုကို တတိယအကြိမ်အဖြစ် ထပ်မံထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

"ကျွန်မတို့ဟာ ပုခက်လွှဲသော လက်ပိုင်ရှင်တွေပါ။ လောကမှာ မြင့်မြတ်ပါတယ်ဆိုတဲ့ ယောကျာ်းတွေ၊ အသိပညာရှင်၊ အတတ်ပညာရှင်တွေ၊ နိုင်ငံခေါင်းဆောင်တွေ၊ တော်လှန်ရေးသူရဲကောင်းတွေ၊ တီထွင်ပါရဂူတွေကို တောင် မွေးထုတ်ပေးနိုင်တဲ့ မိန်းမတွေ" အကြောင်းရေးသားထားသည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

အဆိုပါစာအုပ်ကို ဒေါက်တာခင်ယုဆွေ (၀၃၈၉၈)၊ မီးအိမ်ရှင် စာအုပ်တိုက်မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။

# ပရိသတ်တွေတည်ထောင်ပေးတဲ့ ရန်ဟိုစာကြည့်တိုက်



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "TVXQ"မှ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး အောင်မြင်တဲ့သရုပ်ဆောင်တစ်ဦးလည်းဖြစ်သူ ရန်ဟိုရဲ့နာမည်နဲ့ စာကြည့်တိုက်တစ်ခုကို သူ့ရဲ့ပရိသတ်တွေက ရန်ဟိုအတွက် အမှတ်တရတစ်ခုဖြစ်စေဖို့ တည်ထောင်ပေးခဲ့ကာ ယင်းစာကြည့်တိုက်ကိုတော့ လာမယ့်မေလအတွင်း ဖွင့်လှစ်ပေးသွားမှာဖြစ်တယ်လို့ ပြီးခဲ့တဲ့ မေ ၂၄ ရက်မှာ ရန်ဟိုရဲ့ပရိသတ်တွေက တရားဝင်ထုတ်ဖော်ပြောကြားခဲ့ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

စာကြည့်တိုက်ရဲ့အမည်ကိုတော့ "U-Know Yunho Library"လို့ ပေးထားပြီး တောင်ကိုရီးယားနိုင်ငံမှာရှိတဲ့ ရန်ဟိုရဲ့ပရိသတ်တွေသာမက အာရှဒေသတွေမှာ ရှိကြတဲ့ ပရိသတ်တွေပါ စာကြည့်တိုက်တည်ဆောက်ရေးလုပ်ငန်းတွေမှာ ပါဝင်ခဲ့ကြတာဖြစ်ကြောင်းလည်း သိရပါတယ်။ ယင်းစာကြည့်တိုက်ကိုတော့ ရန်ဟိုရဲ့ မွေးရပ်မြေဖြစ်တဲ့ ဂွမ်စန်းပြည်နယ်အတွင်းမှာရှိတဲ့ ဂွမ်ဂျူးမြို့မှာ တည်ဆောက်ခဲ့ခြင်းဖြစ်တယ်လို့လည်း သိရပါတယ်။

ရန်ဟိုစာကြည့်တိုက်ရဲ့ တည်ဆောက်ရေးလုပ်ငန်းတွေကိုတော့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း စတင်ခဲ့တာဖြစ်ပြီး ပရိသတ်တွေက ရန်ဟိုရဲ့ မွေးနေ့အမှတ်တရအတွက် ထည့်ဝင်ခဲ့ကြတဲ့ ပိုက်ဆံတွေနဲ့ တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ အာရှတစ်လွှားမှာရှိတဲ့ ရန်ဟိုရဲ့ပရိသတ်တွေဆီက ပိုက်ဆံတွေကို စုဆောင်းခဲ့ကြတာဖြစ်ပြီး တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံနဲ့ တောင်ကိုရီးယားနိုင်ငံမှ ပရိသတ်တွေဆီက အများဆုံးထည့်ဝင်ငွေတွေရရှိခဲ့ကာ စုစုပေါင်း တောင်ကိုရီးယား ဝမ် ၁၇ သန်းခန့်ရရှိခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ ဒါ့အပြင် စာကြည့်တိုက်မှာထားရှိဖို့အတွက် စာအုပ် ၁၀၀၀ အုပ်ကိုလည်း ပရိသတ်တွေနဲ့ တွေ့ဆုံပွဲပြုလုပ်စဉ် လှူဒါန်းသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

ရန်ဟိုဟာ မကြာသေးမီကမှ စစ်မှုထမ်းကာလပြီးဆုံးခဲ့တဲ့ အနုပညာကြယ်ပွင့်တစ်ဦးလည်းဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်း စတင်စစ်မှုထမ်းခဲ့တာဖြစ်ပြီး လတ်တလောမှာတော့ သူ့ရဲ့စစ်မှုထမ်းကာလဖြစ်တဲ့ ၂၁ လတာကာလဟာ အောင်မြင်စွာပြီးဆုံးသွားခဲ့ပြီဖြစ်ကာ မကြာမီ အနုပညာလှုပ်ရှားမှုတွေကို ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။ စစ်မှုထမ်းကာလအတွင်းမှာလည်း ရန်ဟိုဟာ ထူးချွန်တဲ့ စစ်သည်တစ်ဦးဖြစ်ခဲ့ပါတယ်။ သူဟာ လေ့ကျင့်ရေးသင်တန်းကျောင်းမှာ သင်တန်းသားအဖြစ်တက်ရောက်နေစဉ်ကာလအတွင်းမှာ အကောင်းဆုံးသင်တန်းသားအဖြစ် ရွေးချယ်ခံခဲ့ရပါတယ်။ ဒါ့အပြင် အထူးတန်းစစ်သည်တစ်ဦးအဖြစ် ရွေးချယ်ခံခဲ့ရပြီး ဂွမ်ဂျူးဒေသရဲ့ ဂုဏ်ထူးဆောင်နိုင်ငံသားတစ်ဦးလည်းဖြစ်ခဲ့ကြောင်း သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၂၀ ရက်မှာတော့ ရန်ဟိုဟာ စစ်မှုထမ်းရက်ပြီးဆုံးတဲ့အတွက် နေအိမ်ကိုပြန်လာပြီဖြစ်ကာ မီဒီယာတွေနဲ့ပရိသတ်တွေကိုလည်း တွေ့ဆုံနှုတ်ဆက်ခဲ့ပါတယ်။ ရာသီဥတုအခြေအနေမကောင်းသော်လည်း ရန်ဟိုရဲ့အိမ်အပြန်ခရီးကို သူ့ရဲ့ပရိသတ် ၁၀၀၀ ကျော်တို့က လာရောက်တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်းလည်း သိရပါတယ်။

အေးပြည့် – စုစည်းသည်

## အားလုံးကို အနိုင်ယူထားနိုင်ဆဲ

## The Fate of the Furious

ဟောလိဝုဒ်ရဲ့ အောင်မြင်တဲ့ တိုက်ရိုက်ရေးရုပ်ရှင်အမျိုးအစားဖြစ်တဲ့ "Fast and Furious"ရုပ်ရှင်တွေရဲ့ ရှစ်ကားမြောက်ရုပ်ရှင် "The Fate of the Furious"ဟာ စတင်ရုံတင်ခဲ့ပြီးနောက် ဒုတိယသီတင်းပတ်အတွင်းမှာလည်း ဝင်ငွေအကောင်းဆုံးရုပ်ရှင်အဖြစ် ရပ်တည်နေဆဲဖြစ်ကြောင်း အေ့စ်ရှီးဘစ်ဇ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"The Fate of the Furious"ရုပ်ရှင်ဟာ ဒုတိယမြောက်သီတင်းပတ်အတွင်းမှာတော့ မြောက်အမေရိကားမှာ ရုံတင်ပြသခဲ့တဲ့ ရုပ်ရှင်တွေအနက် ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တာကြောင့် ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ရုံတင်ခဲ့ကြသော ရုပ်ရှင်တွေအနက် ဝင်ငွေအကောင်းဆုံးရုပ်ရှင်အဖြစ် ရပ်တည်နေခဲ့ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ "The Fate of the Furious"ရဲ့ ခန့်မှန်းဝင်ငွေဟာ အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၇ သန်း ရရှိခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

စတင်ရုံတင်ခဲ့တဲ့ အဖွင့်သီတင်းပတ်အတွင်းမှာလည်း "The Fate of the Furious"ဟာ ဝင်ငွေအကောင်းဆုံးရုပ်ရှင်အဖြစ် ရပ်တည်နိုင်ခဲ့တဲ့အပြင် တစ်ပတ်အတွင်းဝင်ငွေဟာ ရုပ်ရှင်သမိုင်းမှာ အဖွင့်သီတင်းပတ်အတွင်း အကြီးမားဆုံးသောအောင်မြင်မှုဖြစ်ခဲ့တယ်လို့လည်း စီအန်အန်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။ ပြီးခဲ့တဲ့ မေ ၁၄ ရက်မှာ စတင်ရုံတင်ခဲ့တဲ့ "The Fate of the Furious"ဟာ အဖွင့်သီတင်းပတ်အတွင်း ကမ္ဘာတစ်ဝန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၃၈ သန်းခန့်ရရှိခဲ့တာ ဖြစ်တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့သီတင်းပတ်အတွင်း မြောက်အမေရိကားမှာ ရုံတင်ခဲ့တဲ့ ရုပ်ရှင်တွေအနက် ဒုတိယမြောက်ဝင်ငွေအကောင်းဆုံးရုပ်ရှင်ကတော့ မိသားစုဇာတ်လမ်းကိုဖန်တီးထားတဲ့ရုပ်ရှင် "The Boss Baby" ဖြစ်ပါတယ်။ အဆိုပါရုပ်သံဖန်တီးမှုရုပ်ရှင်ကတော့ တစ်ပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၈ သန်းခန့်ရရှိခဲ့ကြောင်းလည်း သိရပါတယ်။ တတိယမြောက်ဝင်ငွေအကောင်းဆုံးရုပ်ရှင်အဖြစ် ရပ်တည်နေခဲ့တဲ့ ရုပ်ရှင်ကတော့ ဒစ်စနေကရိုက်ကူးထုတ်လုပ်ခဲ့တဲ့ လိုက်ဖ်အက်ရှင်ရုပ်ရှင် "Beauty and the Beast (2017)" ဖြစ်ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၁၀ သန်း ရရှိခဲ့တာဖြစ်ပါတယ်။

ဝင်ငွေအကောင်းဆုံးသောရုပ်ရှင် ၁၀ ကားစာရင်းမှာ ပါဝင်နေကြတဲ့ အခြားသောရုပ်ရှင်တွေကတော့ "Born in China"၊ "Going in Style"၊ "Smurfs: The Lost Village"၊ "Unforgettable"၊ "Gifted"၊ "The Promise"နဲ့ "The Lost City of Z" တို့ဖြစ်ကြကြောင်းလည်း သိရပါတယ်။


UPG
UNITED PAINTS GROUP CO., LTD.
ISO 9001:2008 ISO 14001:2004 OHSAS 18001:2007
Responsible Care®
THE GLOBAL COMPACT
Global Compact Network [Myanmar]
မြန်မာနှစ်သစ်ကူး အထူးအစီအစဉ်
PREMIER
လီတာ ၂၀ ဝယ်ယူတိုင်း MPT ဖုန်းငွေဖြည့်ကတ် ၅၀၀၀ ကျပ် ရယူပါ...
UPG PREMIER Weathershield
UPG PREMIER Odourless
UPG PREMIER Silk
ORIENT
လီတာ ၅၀ ဝယ်ယူတိုင်း MPT ဖုန်းငွေဖြည့်ကတ် ၅၀၀၀ ကျပ် ရယူပါ...
ORIENT
Interior and Exterior Emulsion Paint
သင်္ကြန်ရေစင်ရေပေါက်ကဲ့သို့ အေးမြကြည်လင်စွာ...
နှစ်သစ်မှစ၍ ခံစားဖြတ်သန်းနိုင်ကြစေရန် အတာရေပက်ဖျန်းလိုက်ပါသည်။
Promotion ကာလ ► ၁-၄-၂၀၁၇ မှ ၃၀-၅-၂၀၁၇

# ဆရာငြိမ်း နှစ် (၁၀၀)ပြည့် အကြို

## ငြိမ်းချမ်းပါစေ မြန်မာပြည်။ နှစ်သစ်ဦးတွင် မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ

### (သီဟသုဓမ္မမဏိဇောတဓရ - နတ်ရေကန်ဦးတင်မောင်ထွေး)



**အိုးလ်ဘလူးစ် တက္ကသိုလ် ဘောလုံးသမားဟောင်းကြီးများနှင့် ပြေးခုန်ပစ်လက်ရွေးစင်ဟောင်းကြီးများအား ဂုဏ်ပြုပွဲ**

၂၀၁၇-ခု မေလ ပထမပတ်အတွင်း တစ်ချိန်က အရှေ့တောင်အာရှဘောလုံး ချန်ပီယံဖြစ်ခဲ့သော တက္ကသိုလ် အိုးလ်ဘလူးစ် ကျောင်းသားဟောင်းကြီးများအား ထိုင်းနိုင်ငံမှ ဂုဏ်ပြု၍ အရှေ့တောင်အာရှ(၆)နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် တစ်ပတ်ထွက်ပြီး ကစားကြမည်ကို ဂုဏ်ပြုကြိုဆိုကာ နတ်ရေကန်ဦးတင်မောင်ထွေးနှင့် ရန်ကုန်တောင်ပိုင်းခရိုင် အားကစားအဖွဲ့တို့ ပူးပေါင်း၍ **၂၀၁၇ ခုနှစ်၊ ဧပြီလ (၁၀)ရက် တနင်္လာနေ့ (၁၁)နာရီအချိန်တွင်** ဂုဏ်ပြုနေ့လယ်စာကျွေးမွေးမည်ဖြစ်ပါသည်။ ၎င်းပွဲသို့ တစ်ချိန်က ပြေးခုန်ပစ် အရှေ့တောင်အာရှချန်ပီယံများ ဖြစ်ကြသော သန်းသန်း၊ ဂျင်နီဖာတင်လေး၊ မာမာမင်းစသည့် ချန်ပီယံဟောင်းကြီးများ (၆၀)ကျော်တို့နှင့်တကွ အိုးလ်ဘလူးစ်များ၊ တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်းဝင်များ၊ အားကစားချန်ပီယံဟောင်းကြီးများ တက်ရောက်ကြမည် ဖြစ်ပါသည်။

**နတ်ရေကန်စင်တာ-သံလျင် အဆုံး ကျောက်တန်းမြို့အဝင်၊ ဖုန်း-၀၉ ၂၅၀၂၆၅၆၀၇၊ ၀၉ ၄၄၅၄၂၆၈၇၈၊ ၀၁ ၅၃၅၃၈၆**

နတ်ရေကန်စင်တာ ဓါတ်ပုံပြတိုက် (ဆောက်လုပ်ဆဲ)တွင် နိုင်ငံတော် သမ္မတကြီး ဦးထင်ကျော် နှင့် စာရေးဆရာ၊ ဆရာမကြီးများ၏ ရုပ်ထုများ၊ ဒေါ်အောင်ဆန်းစုကြည်၏ အင်္ဂလန်၊ အမေရိကန် ဂျပန်ခရီးစဉ်များ၏ ဓါတ်ပုံများ၊ သမ္မတကြီး ဦးထင်ကျော်၏ ဗုဒ္ဓဂယာ၊ တရုတ်ပြည်ခရီးစဉ်ဓါတ်ပုံများ၊ ခြေလျင်နှင့်တောင်တက်အသင်း-ဆရာကြီးဦးမျိုးသန့်၏ ခါကာဘိုရာဇီ(မောင်အောင်မြင့်မြတ်)၏ ရေခဲတောင်အလှဓါတ်ပုံများ စက်ာပူရောက် မြန်မာဓါတ်ပုံဆရာများ၏ ကမ္ဘာကျော် အဆောက်အဦးကြီးများ၊ အကယ်ဒမီ၊ မဟာသင်္ကြန်၊ မော်ဒယ်လ်များ၊ မင်းသားမင်းသမီးများ၊ မိစ်ဂိုလ်းဒင်းလင်း၊ ယူနီဗါ့စ် ဓါတ်ပုံများ ပုံကြီး၊ ပုံကောင်း (၃၀၀)ခန့်ပြသထားပါသဖြင့် ကမ္ဘာလှည့်ခရီးသွားနှင့် လုပ်ငန်းရှင်များ မိဘပြည်သူများ၊ စနေ၊ တနင်္ဂနွေနေ့များတွင် အခမဲ့ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။



## 21 AD @ BILLBOARD ADVERTISING

| | |
|---|---|
| ရန်ကုန် | (ပန်းဆိုးတန်း၊ဂုံးကျော်တံတား/ကမ္ဘာအေးဘုရားလမ်းနဝဒေးရုပ်ရှင်ရုံအနီး) |
| ပြင်ဦးလွင် | (မန္တလေး-လားရှိုးလမ်းမကြီး၊ရွှေညီပ်တန်းဟိုတယ်ဘေး/ဌေးဌေးကြွယ်ဘေး) |
| ပြည် | (ရန်ကုန်ပြည်လမ်းမပေါ်သဘောဆိပ်လမ်းထောင့်/ပြည်-အောင်လံ-တောင်ကုတ်လမ်းဆုံ) |
| နေပြည်တော်အဝင်လမ်းနှင့် အမြန်လမ်းထောင့် (ဝီလမ်းဆုံ) | |
| နေပြည်တော် | (ရာဇဌာနီလမ်းနှင့် ပန်းခင်းလမ်းထောင့်မီးပွိုင့်) |
| စစ်ကိုင်း | (မန္တလေး၊ မုံရွာလမ်းမကြီးပေါ်မြို့ဝင်မုခ်ဦးအနီး) |
| လားရှိုး | (ဘုတာရုံလမ်းနှင့် ရုံးကြီးလမ်းထောင့်) |
| တောင်ငူ | (ရန်ကုန်မန္တလေးလမ်းမပေါ် ထီးနီးကုန်းကျောင်းရှေ့/ထီးလှိုင်လမ်းထောင့်) |
| မိတ္ထီလာ | (ကျောက်ပန်းတောင်းအဝေးပြေးလမ်းမပေါ်သိဒ္ဓိအောင်လမ်းထောင့်/ရထားရုံရှေ့) |
| ရန်ကုန်-မန္တလေးအမြန်လမ်း | (၁၁၄/၅အထွက်လမ်း။ ၁၁၆/၃အဝင်လမ်း။ နေပြည်တော်နားနေစခန်း) |
| မုံရွာ | (ပြည်ထောင်စုလမ်းနှင့်အောင်မင်္ဂလာ ၂လမ်းထောင့်/ဗိုလ်ချုပ်ကြေးရုပ်အနီး ဘုရားကျောင်းရှေ့) |

KING MAKER

၂၈၂ (ပထပ်)၊ ၃၉လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
☎ 377093 ☎ 240563 09 73043672 09 73200189 09 73200201
www.21advertising.net

## ရွှေခံအိမ်အဆင့်မြင့်တည်းခိုခန်း

ပန်းဆိုးတန်းလမ်းအောက်အလောက်မှ ၅မိနစ် သဘော်စီး၊ ဒလဘက်ကမ်းရောက်လျှင် ၅မိနစ်ဆိုက်ကားစီး၊
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်းအဲကွန်းရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။
(၁၃၉၉) ဗိုလ်ချုပ်(၁)လမ်း၊ ဇည္ဇားဒလရပ်ကွက်၊ ဒလမြို့နယ်။

☎ ၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၁၉
၀၉ ၂၅၂၀၈၂၅၃၃

၁၁၀၀၀ ကျပ်
၁၅၀၀၀ ကျပ်

## လယ်ယာမြေကွက်ရောင်းမည်

ညောင်လေးပင်မြို့နယ်၊ စိပင်ကျေးရွာရှိ ဧရိယာ(၁၈၀)ရှိ မြေကွက်ရောင်းမည်။

**ဖုန်း-၀၅၂-၂၇၁၉၂၈၈၊ ၀၉-၂၅၈၇၇၇၉၇၇**

## သုဓမ္မာလမ်းမပေါ် ၂ထပ်တိုက်ရောင်းမည်

ဘဏ်ဖွင့်ရန်၊ ရုံးဖွင့်ရန်၊ ဆိုင်ဖွင့်ရန်ကောင်းမွန်သည်။ မြောက်ဥက္ကလာ အပိုင်း(ဃ) ဈေးရှေ့ ၂၀ပေ×၆၀ပေ၊ BN ၂ထပ်၊ 1MBR၊1BR ကြွေပြားကပ်၊ ပါကေးခင်း၊ ဂရုံအမည်ပေါက်၊ သိန်း (၃၈၀၀)ညှိနှိုင်း
ဆက်သွယ်ရန် ၀၉-၄၃၁၀ ၂၀၀၁

## ရေတားဆေး(Waterproofing)

Guard P2 Guard K11 QUICSEAL

- ➤လျှင်ဒါက်ခံနိုင်ခြင်း။
- ➤ဝန်ဆောင်မှုနှင့်တကွဆောင်ရွက်လျှင် အာမခံ(Warranty)ပါရှိခြင်း။
- ➤ဈေးနှုန်းအထူးသက်သာခြင်း။
- ➤အိမ်သုတ်ဆေးများကဲ့သို့ပင် လွယ်ကူစွာ သုတ်လိမ်းနိုင်ခြင်း။
- ➤မြို့နယ်အလိုက် အိမ်သုတ်ဆေးအရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ခြင်း။

- ကိုယ်စားလှယ်မှာယူလိုသူများ။
- ဝန်ဆောင်မှုနှင့်တကွဆောင်ရွက်လိုသူများ။
- ဆောက်လုပ်ရေးလုပ်ငန်းများ(Construction)များ ဆက်သွယ်စုံစမ်းနိုင်ပါသည်။




Myanmar Int'l FAC SYSTEM Co.,Ltd. ကန်တော်ကြီးတာဝါ၊ အခန်း(၁၁-၀၄)၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅၄၉၆၉၂၆၀၊ ၀၉-၂၆၃၁၂၉၂၄၀၊ ၀၉-၂၆၃၁၂၉၂၄၁၊ Email; inquiry@fac-system.com, Web; waterproofing.fac.system.com

## "ရွှေစည်"

အိမ်ပြောင်း၊ အိမ်ရွှေ့နှင့် ကုန်စည်ဝန်ဆောင်မှု
**လုပ်သားပါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။**
09-73122029,09-795669534

## ဒဂုံမြို့သစ်

အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း များရှိ မြေကွက်များကို ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620


သစ် ပင် စိုက် ပါ ဒို့ ကမ္ဘာ သာယာ လှပ စိမ်း မြ မြ

# VISIT

## နိုင်ငံတကာ ပလတ်စတစ် ကုန်စည်ပြပွဲ
## INTERNATIONAL PLASTICS EXHIBITION

တပ်မတော်ခန်းမ၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံ

**TATMADAW HALL I YANGON I MYANMAR**

# COMPLAST
Complete Plastics Exhibition
MYANMAR

## ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၇၊ ၂၈၊ ၂၉
## APRIL 27-29, 2017

ပလတ်စတစ်စက်ရုံတစ်ခုစတင်ပါ။
**START A PLASTICS INDUSTRY**

| ပြပွဲပြသသူ ၁၀၀<br>100 Exhibitors | နိုင်ငံ ၁၀ နိုင်ငံ<br>10 Countries | လက်တွေ့သရုပ်ဖော်ပြသ<br>Live demo | ဆွေးနွေးပွဲ နှင့် လမ်းညွှန်ချက်<br>Seminar & Guidance |
|---|---|---|---|

ဝင်ကြေးအခမဲ့
နံနက် (၉:၃၀)မှ ညနေ(၅:၀၀)နာရီအထိ
**ENTRY FREE**
TIME : 9.30 am - 5.00 pm

အသက် ၁၅
နှစ်အောက်ကလေးများဝင်ခွင့်မပြုပါ။
Children below
15 years not allowed

Co-Organised by
MPIA Myanmar Plastic Industries Association

Supported by
PLEXCONCIL The Plastics Export Promotion Council

Organised by
ENTERPRISING FAIRS | INDIA
Creating opportunities | Delivering value

**သီတဂူဓမ္မပြည့်တိုက် စက္ခုဒါနဆေးရုံ ဧပြီလ ၂၉၊ ၃၀ (၇ ရ) ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

ဧပြီလ ၈ ရက်တွင် စတင်လက်ခံ၍ ဧပြီလ ၂၉၊ ၃၀ ရက်များတွင် ၇၈-ကြိမ်မြောက် ဦးရေ (၉၉၀၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူဓမ္မပြည့်တိုက်၊ စက္ခုဒါနဆေးရုံ၊ ဓမ္မပြည့်တိုက်ကျောင်း၊ ပြည်သာယာ၊ ရန်ကင်း။ (ကျိုက္ကဆံစူပါဝမ်း၊ တာမွေလေး၊ သလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စန္ဒမာသီရိလင်္ကာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

Study at a top 2% University



"ပညာရေးဆွေးနွေးပွဲ"

JAMES COOK UNIVERSITY SINGAPORE

Australian Degree ရရှိမည်ဖြစ်သော James Cook University Singapore Campus ၏ ပညာရေးဆွေးနွေးပွဲ

Date : 29. 4. 2017 (Saturday)
Time : 2:00pm to 5:00pm
Place : Meliá Hotel (Function Room 6)
(Myanmar Plaza အနီး)

01- 652 311, 01- 652 297, 09- 26 222 5151

Room (4), Building (7), Myanmar ICT Park, Hlaing University Campus, Hlaing Tsp, Yangon.


စာစဉ် ၂၉၈ အတွေးအမြင် မေလ ထွက်ပြီ ဓနိမ်းစာပေ

International schools
Special classes
All subjects
Primary & secondary
အရည်အချင်းပြည့်ဝသော Tr.များ
09 - 730 96 146

၁၈လမ်းဝိုင်း
ဥယျာဉ်ဝိုင်းတန်းခွဲသစ်
ကျောင်းအပ်လက်ခံပြီ
အထူးစာသင်ဝိုင်းများ

၁၀၀% ခေါ်ဖိမ်/ပြီမစား
အခန်းဖွဲ့ နံရံနှင့်မျက်နှာကျက်လှျှာထိုးပြား

မိုးရာသီအကြို Promotion



လက်ဆောင်
အခန်းဖွဲ့ ၂ ကျင်း ဝယ်ယူလျှင် 1'x6' Slide Funline ၁ခု

09-79 700 70 70
09-79 700 70 80

1.1 L MINI TRUCK

"Leading your business with Dongfeng Motor"



PRICE US$ 4,999+

နယ်အရောင်း ကိုယ်စားလှယ်အနေဖြင့် လုပ်ကိုင်လိုတဲ့ လုပ်ငန်းရှင်များကို စိတ်ခေါ်ဖိတ်ခေါ်လျက်ရှိပါသည်။
၀၁-၂၃၀၄၈၀၀ သို့ အသေးစိတ်ဆက်သွယ်စုံစမ်းနိုင်ပါသည်။
လစဉ်ပေးသွင်းငွေဖြင့် ဝယ်လိုသူများကို AYA Bank နှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

DONGFENG MOTOR DRIVING SUCCESS
24 HOUR ROAD ASSISTANCE
2 YEARS WARRANTY

Authorised Distributor in Myanmar
Sojitz Sunrise Automobile Co., Ltd.
No. 19, Baho Road, Sanchaung Township, Yangon, Myanmar.
Tel : +95-1-2304801, Fax : +95-1-2304802

www.Dongfeng-Myanmar.com
DFM-Myanmar
DFM

ဆရာဦးမြင့်ဦး (အောင်ပွဲဝင်ရှုပဒေ) ဦးစီးတည်ထောင်၍ ဆရာမဒေါ်မြတ်သီတာဦး နှင့် ဆရာငြိမ်းချမ်းစီစဉ်သည်။
(ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်အမှတ် - ကကယ-၁၃/၁၅/၀၄၂)

Pañña Aung Myay PRIVATE HIGH SCHOOL

ပညာအောင်မြေ
ကိုယ်ပိုင်အထက်တန်းကျောင်း
(ဒုတန်းမှ၁၀တန်းအထိ) အဆင့်မြင့်ဘော်ဒါနှင့်နေ့တက်ဘော်ဒါ

"ပညာအောင်မြေ"၏ ရည်မှန်းချက်
စိတ်ဓာတ်-စည်းကမ်း-ပညာ ဘက်စုံဖွံ့ဖြိုးသော နိုင်ငံသားကောင်းလူငယ်များ ပြုစုပျိုးထောင်ပေးနိုင်ရမည်

- ကျောင်းသား/သူများ စိတ်ချမ်းမြေ့စွာ ပညာသင်ယူနိုင်ရန်အတွက် အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းမွန်၍ သန့်ရှင်းသပ်ရပ်သော စာသင်ခန်းများ။
- သင်ကြားလေ့ကျင့်ရေးအတွက် ဝါရင့်ကျွမ်းကျင်ဆရာကြီးများ၊ ကထိက(ငြိမ်း)များ၊ အထက်တန်းပြ/အလယ်တန်းပြ(ငြိမ်း) ဆရာ/ဆရာမကြီးများ။
- ကျန်းမာကြံ့ခိုင်ပျော်ရွှင်ရေးအတွက် ကျောင်းဧရိယာအတွင်း ဘက်စုံကစားကွင်း။
- ဘော်ဒါဆောင်နေမည့်ကျောင်းသား/သူများအတွက် လေအေးပေးစက်တပ်ဆင်ထားသော အိပ်ခန်းများ။
- မိဘနှင့် ခွဲမအိပ်နိုင်သော ကျောင်းသား/သူများအတွက် နေ့တက်ဘော်ဒါ။
- အငယ်တန်း နှင့် တက္ကသိုလ်ဝင်တန်း တန်းခွဲများအားလုံး အောင်ချက်မြင့်မားရေးနှင့် ထူးချွန်ကျောင်းသားများ ထွက်ပေါ်ရေးအတွက် အထူးရေရှိုက်ကြပ်မတ်သင်ကြားလေ့ကျင့်မှုများ ၅ ၆ ၇ နှင့် ၉ တန်း တန်းခွဲများအား အခြေခံခိုင်မာရေး နှင့် ဘက်စုံဖွံ့ဖြိုးရေး (Physical Education, Musics, Fine Arts, Basic Computer Course, Language) အတွက် စီစဉ်သင်ကြားမှုများ။
- လူဦးရေအကန့်အသတ်ဖြင့်သာ (ပညာအောင်မြေ၏ စည်းကမ်းကို လိုက်နာနိုင်သော ကျောင်းသား/သူများ) လက်ခံသောကျောင်းဖြစ်ကြောင်း မိဘအုပ်ထိန်းသူများ သိရှိပြီးဖြစ်ပါသည်။
- မိဘ/အုပ်ထိန်းသူနှင့် ကျောင်းသား/သူကိုယ်တိုင် လာရောက်စုံစမ်း၍ စည်းကမ်းလိုက်နာနိုင်ပြီး ယုံကြည်စိတ်ချ စိတ်တိုင်းကျမှု အပ်နှံပါ။
- အစိုးရအထက်တန်းကျောင်း နှင့် စာသင်ဝိုင်း တွဲဖက်တက်ရောက်လိုသော "အောင်မြေ" ပညာသင်ကျောင်းသို့ စုံစမ်းအပ်နှံနိုင်ပါသည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ

အမှတ်(၄၇၆-A) မြေလေးရုံလမ်းနှင့်ဒုံလွင်လမ်းထောင့်၊ ပေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ရန်ကုန်မြို့။ Ph: 09-25 222 9991, 09- 25 222 9992, 09-25 222 9993, 09- 730 33212 ကျောင်းကားရှိသည်

• စည်းကမ်းကို အုတ်မြစ်ချသည်၊ စနစ်ကို တည်ဆောက်သည်၊ ပညာဖြင့် အလှဆင်သည်။
• လာပါ၊ လေ့လာပါ၊ နှိုင်းယှဉ်ပါ၊ သာတယ်ထင်မှ အပ်ပါ။

**ဒေါက်တာအောင်မျိုးမင်း နှင့် ဦးထွန်းအောင်ကျော်**
ဦးစီးသော...

# UEC
ကက-၁၃/၂၂/၂၅

**United Education Centre**
**ကိုယ်ပိုင်အထက်တန်းကျောင်း**
**KG - Grade 10**
**အဆင့်မြင့်ဘော်ဒါ နှင့် DAY CAMP**



မောင်လွင်မင်းသိန်း
ဆကရ - ၁၄၄၂ (ဘာသာစုံ ဂုဏ်ထူးရှင်)

**၂၀၁၅ - ၁၆ ပညာသင်နှစ်ထူးချွန် ကျောင်းသား၊ ကျောင်းသူများ**


မောင်လွင်မင်းသိန်း ဆကရ-၁၄၄၂ (ဘာသာစုံ ဂုဏ်ထူးရှင်)
မောင်စိုင်းထေဘုန်းမြတ် ဆကရ-၁၄၃၁ (မြန်မာ၊သင်္ချာ၊ဓာတု၊ရူပ၊ဇီဝ)
မဆောက်ခင် ဆကရ-၁၄၀၃ (အင်္ဂလိပ်၊သင်္ချာ၊ဓာတု၊ရူပ၊ဇီဝ)
မောင်သက်ဝင်းဆောင် ဆကရ-၁၄၃၃ (မြန်မာ၊ဓာတု၊ရူပ၊ဇီဝ)
မကြည်ဖြူအေးချမ်း ဆကရ-၁၄၃၂ (မြန်မာ၊ဓာတု၊ရူပ၊ဇီဝ)

**၂၀၁၇ - ၁၈ ပညာသင်နှစ် အတွက် ကျောင်းအပ်လက်ခံပြီ။**

အဆင့်မြင့်ဘော်ဒါ – ၇၊၈၊၉၊၁၀ တန်းများအတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ တည်ထောင်သူများကိုယ်တိုင် အဆောင်များတွင် အနီးကပ် နေထိုင်စောင့်ရှောက်သည်။ **Air-con** တပ် အိပ်ခန်းများ နှင့် စာသင်ခန်းများ ထားရှိသည်။

DAY CAMP – (၄) တန်းမှ တက္ကသိုလ်ဝင်တန်းအထိ **SPECIAL CAMP** တန်းများ ဖွင့်လှစ်သည်။ အိမ်တွင် မိမိရင်သွေးအား ပြန်မကြည့်နိုင်သော မိဘများအတွက် ရည်ရွယ်သည်။ သင်ကြား၊ လေ့ကျင့်၊ မေးဆိုမှုပြည့်စုံ၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။

မူလတန်း၊ အလယ်တန်း – **English 4-skills**၊ ပန်းချီ၊ ကွန်ပျူတာ၊ **Kids invent** စသော **Extracurricular Activities** များ ပါဝင်သည်။

- **Limited Class size** များဖြစ်ပါသဖြင့် ကြိုတင်အပ်နှံမှ နေရာသေချာမည်။ (ကျောင်းကားရှိသည်။)
- (၄) ထပ်အဆင့်မြင့်ကျောင်းဆောင်သစ်ကြီး၏ **Air-con** တပ်စာသင်ခန်းကျယ်ကြီးများတွင်ပျော်ရွှင်ချမ်းမြေ့စွာ သင်ကြားစေမည်။

ကျောင်း ● အမှတ် (၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09 7800 20647, 09 7938 93725, 09 51 57988, 09 51 62238
ကျောင်းသူဆောင် ● မြေအမှတ် (၁၅ A နှင့် B) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းသားဆောင် ● မြေအမှတ် (၄) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။



# အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်းများ

1. **Handphone** ပြုပြင်ခြင်းသင်တန်း
2. အသုံးချ အီလက်ထရောနစ်သင်တန်းများ
3. TV, DVD, EVD စက်ပြင်သင်တန်း
4. အခြေခံလျှပ်စစ် နှင့် ဝါယာရိန်းသင်တန်း
5. မော်တာ၊ ဒိုင်နမို၊ ထရမ်စဖော်မာ လက်တွေ့သင်တန်း
6. အဆင့်မြင့် Electrical Control သင်တန်း
7. ဒီဇယ်၊ ဓါတ်ဆီ အင်ဂျင်စက်ပြင် သင်တန်း
8. အဲယားကွန်း ရေခဲသေတ္တာပြုပြင်/ တပ်ဆင်သင်တန်း
9. PLC & Automation သင်တန်း
10. Advanced PLC & SCADA သင်တန်း
11. CNC (Computerized Numerical Control) သင်တန်း
12. PIC Microcontroller သင်တန်း
13. ဂဟေဆက် သင်တန်း (3G, 4G, 3F, 4F)
14. ပိုက်ဖစ်တာသင်တန်း
15. Marine Electrical / Fitter / Welding သင်တန်းများ

**ထူးခြားမှုများ**

- GLORY သည်သင်တန်းကျောင်းသက်တမ်း (၁၂)နှစ် ရှိပြီဖြစ်ပြီးလေ့ကျင့်သင်တန်းပေးပြီး သင်တန်းသား (၁၉,၀၀၀)ကျော်မွေးထုတ်ခဲ့ပြီးဖြစ်သည်။
- ဝါရင့်ဆရာများက ဦးစီးသင်ကြားပေးပြီး စာတွေ့၊ လက်တွေ့ အချိုးညီညီလေ့ကျင့်သင်ကြားပေးနေသည်။
- ဂျပန်၊ UK အစရှိသော နိုင်ငံတကာကျောင်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းခွင်နှင့် ကိုက်ညီမှုရှိစေမည့် အထိရောက်ဆုံး သင်ရိုးညွှန်းတမ်းများ ဖြင့် သင်ကြားနေသည်။

**GLORY** ၁၃၈/ ၁၄၀၊ ၃-ထပ်၊ ပန်းဆိုးတန်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ 09-73121717, 09-5197817 www.glory-education.com






**PRO 1 MYANMAR**
အကွက်အမှတ်(၄၈၉)၊မြို့ဟောင်းဈေးအနီး၊RTCဝင်းတောင်ဘက်၊ခပရ ဝင်း၊တမ္ပဝတီရပ်ကွက်၊ချမ်းမြသာစည်မြို့နယ်၊မန္တလေးမြို့။
ဖုန်း - ၀၂-၅၆၀၄၇၊ ၀၂-၅၆၀၄၈၊ ၀၂-၅၆၀၄၉၊ ၀၉-၈၇၄၂၈၇၈၈၂၊ ၀၉-၅၁၂၉၆၇၇


သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး



# မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး ခရီးသွားလုပ်ငန်းပင်မစီမံကိန်းရှိပြီးဖြစ်

စာမျက်နှာ - ၃

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**

**ကြေညာချက်အမှတ်(၂/၂၀၁၇)**

**၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်**
**(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၆ ရက်)**

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်**
**ပဉ္စမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော် ဆိုင်ရာဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက် (၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်) ကြာသပတေးနေ့၊ ၁၃၃၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ) မန်းဝင်းခိုင်သန်း**
**နာယက**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**

**ကြေညာချက်အမှတ်(၂/၂၀၁၇)**

**၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်**
**(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၆ ရက်)**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်**
**ပဉ္စမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက် (၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်)ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ) ဝင်းမြင့်**
**ဥက္ကဋ္ဌ**

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**အမျိုးသားလွှတ်တော်**

**ကြေညာချက်အမှတ်(၂/၂၀၁၇)**

**၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်**
**(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၆ ရက်)**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော်**
**ပဉ္စမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅၊ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက် (၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်) ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

**(ပုံ) မန်းဝင်းခိုင်သန်း**
**ဥက္ကဋ္ဌ**
**အမျိုးသားလွှတ်တော်**

# အားကစား/ပညာရေးအသင်း ဂန္ဓမာအသင်းကို နှစ်ဂိုးပြတ်အနိုင်ရ

**ရန်ကုန် မေ ၂၆**

၂၀၁၆-၂၀၁၇ ဘောလုံးရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ အားကစား/ပညာရေးအသင်းက ဂန္ဓမာအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး နိုင်ပွဲဆက်ခဲ့သည်။

အားကစား/ပညာရေးအသင်းသည် ယခုပြိုင်ပွဲတွင် ပုံမှန်ခြေစွမ်းပြနေပြီး နှစ်ပွဲဆက်အနိုင်ရလဒ်နှင့်အတူ ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ယခုပွဲတွင်လည်း ရွှေမိုးအေးနှင့် ဝေဝေအောင်တို့၏ သွင်းဂိုးများဖြင့် အားကစား/ပညာရေးအသင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၅ ကော်လံ ၄ သို့ ❍**




အားကစား/ပညာရေးအသင်းနှင့် ဂန္ဓမာအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

